www.burmeseclassic.com



# မိန်းကလေး

## တစ်ခွန်းစကား



BURMESE CLASSIC .com

DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# မိန်းကလေး

## တစ်ခွန်းစကား

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း (၁)

"တီးတောင်"

"တီးတောင်"

"တီးတောင်"

လူခေါ်ဘဲလ်သံက အဆက်မပြတ် ချိုလွင်စွာ ပေါ်ထွက်လျက်။ သို့သော် 'တက်ခေတ်' နားထဲမှာ မချိုလွင်သလို ခံစားရသည်။ ထို့ပြင် စိတ်မှာလည်း စနိုးစနောင့်နှင့်။

ရေချိုးခန်းထဲ ဆပ်ပြာတိုက်နေတဲ့ ကိုယ်က ဘယ်နည်းနဲ့မှ တိုက်ခန်းတံခါးပြေးဖွင့်ဖို့ အခြေအနေမပေးပါ။

တိုက်ခန်းမှာ တစ်ယောက်တည်းနေရတဲ့ဒုက္ခထဲမှာ အဲဒါကြွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ပါသည်။ စိတ်ကြိုက် ရေချိုးနေတုန်း၊ ဒါမှမဟုတ် စိတ်ရှိတိုင်း ရေအိမ်ထိုင်နေတုန်း ဘဲလ်လာနှိပ်တာ၊ ဒါမှမဟုတ် ခေါင်းလောင်းကြိုး လာဆွဲတာနဲ့ ဆိုရင် လူမှာ တိုးလိုးတန်းလန်းနဲ့ ခွအကျချည်းကျတဲ့ အဖြစ်။

ခုလည်း ကြည့်၊ ဆပ်ပြာမြှုပ်တွေ တစ်ကိုယ်လုံး ဖွေးဖွေးထနေချိန်။

"တီးတောင်"

ကျစ်။ မြည်ပြန်ပြီး ဒီဘဲလ်။ တံခါးသွားမဖွင့်မချင်း မြည်နေမယ့်တဲ့ပဲ။ ဘဲလ်လာတီးတဲ့လူကို တက်ခေတ် စိတ်ထဲက ကျိန်ဆဲပစ်၏။

သူ့တိုက်ခန်းကို သူငယ်ချင်းတွေ အချိန်မရွေးလာနေကျ။ ခုလည်း သူငယ်ချင်းတစ်ယောက်ယောက် ရောက်လာတာ ဖြစ်မယ်။ ဒါကြောင့် အဆက်မပြတ်တီးနေတာ ဖြစ်မယ်။ နေနှင့်ဦး သူငယ်ချင်း။

ရေချိုးကောင်းတုန်းမှာ ဘဲလ်လာတီးရလားလို့ ကောပစ်လိုက်မယ်ပေါ့။ သူ့စိတ်ကိုသူ မောင်းတင်ကာ ရေစည်ကန်ထဲက ရေကို ဖလားနဲ့ တဗွမ်းဗွမ်း လောင်းချိုးလျက်။

ဆပ်ပြာမြှုပ်တွေ ကိုယ်ပေါ်က ပြောင်စင်သွားတော့ ရေလဲပုဆိုးကမန်းကတန်း လဲ၏။

"တီးတောင်"

နေနှင့်ဦးကွ။





သူ အသံထွက်ဆိုပြီး မွေးပွတဘက်ဆွဲယူကာ ရေချိုးခန်းထဲက သုတ်ခနဲ ထွက်ခဲ့သည်။ ရွှဲရွှဲစိုပြီး စီးကျနေတဲ့ ရေစိုဆံပင်တွေကို သုတ်ရင်း ခြေလှမ်းကျဲလှမ်းကာ။

အိပ်ခန်းရှေ့က ဖြတ်ကျော်ပြီး ဧည့်ခန်းထဲ တန်းဝင်သည်။ ဧည့်ခန်းထောင့်ရှိ ကျွန်းတံခါးကို ဆတ်ခနဲ ဆွဲအဖွင့် –

"တီးတောင်"

"တောက်၊ ဘာလို့ ဒီလောက်တီး"

တက်ခေတ် ကြိမ်းဝါးသံလေး လမ်းတစ်ဝက်မှာ တိုးလိုးတန်းလန်း တန့်သွား၏။ တံခါးဝမှာရပ်ပြီး ဘဲလ်တီးနေတာက တက်ခေတ်ထင်သလို သူငယ်ချင်းတွေ မဟုတ်ပါ။

တစ်ခါမှ မမြင်ဖူးတဲ့ မိန်းကလေးတစ်ယောက်။ သူမလည်း မျက်လုံးဝိုင်းလေးနဲ့ တက်ခေတ်ကို တအံ့တသြကြည့်ကာ။

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်း တိတ်ဆိတ်သွားသည်။ သေချာတာက သူမလည်း သူ့ကို မြင်ဖူးဟန်မတူ။ တစ်ယောက်နဲ့တစ်ယောက် တစ်ခါမှ မြင်တွေ့ဖူးခြင်းမရှိဘဲ မျက်နှာချင်းဆိုင်ဖြစ်နေတာ ဘာကြောင့်ပါလိမ့်။

စိုက်ကြည့်နေရင်း မျက်ခုံးလေး စူးစမ်းသလို တွန့်ခေါက်လှုပ်ရှားသွားတော့ တက်ခေတ် အသိဝင်လာသည်။

"ဘာကိစ္စ"



www.burmeseclassic.com

www.burmeseclassic.com



သူ တုံးတိတိမေးလိုက်တဲ့နောက်မှာ သူမမျက်လုံးက တက်ခေတ်တစ်ကိုယ်လုံးကို ဖြန်းကြည့်၏။

"ဟင်"

သူလည်း သူ့ကိုယ်သူ ပြန်ငုံ့ကြည့်မိမှ ရှက်သွေးက ဖြန်းခနဲထ၏။ ရေလဲပုဆိုး ခပ်ပြဲပြဲကို ခါးမှာ ဝတ်ထားတာမှန်ပေမယ့် ဒူးခေါင်းအပေါ် မြင့်တက်လျက်။

ကိုယ်ဗလာနဲ့ သူ့အဖြစ်က သူစိမ်းမိန်းကလေးရှေ့မှ မရှက်ဘဲမနေနိုင်။

ရှက်တဲ့စိတ်က သူ့မျက်နှာကို ရဲသွားသလို၊ ခြေလှမ်းတွေနောက်ကြောင်းပြန်လှည့်သွား၏။

ကျွတ်။

တက်ခေတ် ခံပြင်းရမလိုလို၊ ဒေါသဖြစ်ရမလိုလိုနဲ့ ရှက်ကာချာခနဲ နောက်ပြန်လှည့်ပြီး အိပ်ခန်းထဲ တန်းဝင်ခဲ့သည်။ ခေါင်းသုတ်လက်စ မွေးပွတဘက်ကို ခုတင်ဘောင်ပေါ် ပစ်တင်သည်။

ခုတင်ခြေရင်းရှိ နံရံကပ်ဗီရိုထဲက မီးပူတိုက်ပြီး စီထည့်ထားတဲ့ ချည်ကွက်စိပ်ပုဆိုး ဆွဲယူ၏။

ခေါင်းရင်းနံရံရှိ အဝတ်ချိတ်မှာ ချိတ်ထားတဲ့ တီရှပ်အဟောင်းတစ်ထည်နဲ့ တွဲဝတ်ကာ မှန်ရှေ့သွားပြီး ဆံပင်ဖြီးမနေတော့ပါ။ အိပ်ခန်းထဲက ပြန်ထွက်၏။ ဧည့်ခန်းအဝင် လိုက်ကာစကို အသာဖယ်ကာ





ချောင်းကြည့်တော့ ပက်ပင်းကြီး မ,ဧည့်သည်က ဧည့်ခန်းရှိ ကျွန်းထိုင်ခုံလှလှလေးမှာ စမတ်ကျကျ ထိုင်လို့နေပေပြီ။

ဒီမိန်းကလေးက ဘယ်သူလဲ၊ ဘာကြောင့် ရောက်လာရတာလဲ။

သူမပုံစံက ခရီးပန်းလာတဲ့ပုံ။ လက်ထဲမှာ ပိုက်ဆံအိတ်ပါးပါးရှည်ရှည်လေး တစ်လုံးသာ ပါသည်။

ဆွဲသားအင်္ကျီလက်စကနဲ့ စကတ်ရှည်ဖားဖား ဝတ်ထားပေမယ့်အရောင်မှိန်းသည်။ အသားအရေက ဖြူနုလျက်။

ဒါပေမဲ့ မျက်နှာကို ဘယ်လောက်ပွတ်ထားသည်မသိ။ နီမြန်းမြန်းနဲ့ ခရီးပန်းလာတဲ့ပုံစံကြောင့် ကြည့်ရှုရတာ ဘယ်လိုမှ ဖီလင်မလာ။

ဖီလင်မလာပေမယ့်လည်း တက်ခေတ် စိတ်ကို ဆွဲဆန့်ရလေပြီ။ လိုက်ကာစဖယ်ပြီး တက်ခေတ် ဧည့်ခန်းထဲ ခြေလှမ်းစသွင်း၏။

"ကြည်မာ ရှိလား"

"ဘာ"

သူ တစ်ခါမှ မကြားဖူးတဲ့ နာမည်။

"ကြည်ကြည်မာကို မေပြာတာပါ၊ ကြည်မာ ရှိတယ်မဟုတ်လား။ တစ်ဆိတ်ခေါ်ပေးပါ"

ရှင်းပြသလို သူမ ပြောလာသည်။ ကြည်ကြည်မာတဲ့။ ခေါ်ပေးတဲ့။ သူ့မျက်ခုံး ပင့်တက်သွားကာ လှလှပပ ခေါင်းခါလိုက်သည်။

"ကြည်မာ မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားလဲ"

သူမက သွက်သည်။ သူကလည်း လျင်၏။

"မသိဘူး"

"ဟင် မသိလို့နေမလား"

"ဟ ငါမသိတာ မသိဘူးပြောတာ ဘာလို့မရရမှာလဲ"

"အေး ရတယ်ဆိုရင် ပြီးရောလေ ကိစ္စမရှိဘူး။ ကြည်မာ ဘယ်အချိန် ပြန်ရောက်မလဲ"

"ပိုတောင် မသိသေးဘူးကွဲ့"

သူ ပြတ်သားသယောင်ပြောပြီး သူမနဲ့ အလှမ်းဝေးတဲ့ ထိုင်ခုံနားမှာ ရပ်လိုက်သည်။ သူမက တက်ခေတ်ပြောတာကို မနှစ်မြို့သလို ရှု၏။

"ဘာလို့မသိရတာလဲ"

"မင်းပြောတဲ့ ကြည်ကြည်မာဆိုတာကို ကိုယ်မသိတာ၊ ရှင်းပြီလား"

"ဘာ"

"ဟုတ်တယ်လေ၊ မင်းလေးပြောတဲ့ ကြည်မာဆိုတာ ဒီတိုက်ခန်းမှာ ရှိကိုမရှိဘူး"

"ဟင်"

ဒီတစ်ခါ သူမ အံ့ဩကာ ထိုင်နေရာမှ ဖင်တကြွကြွဖြစ်သွား





လေသည်။

"ဟုတ်တယ်၊ ဒီတိုက်ခန်းမှာ ကိုယ်တစ်ယောက်တည်းနေတာ၊ ကြည်မာတွေ့ ကြည်ပြာတွေ့ မရှိဘူး အမိလေးရဲ့၊ ရှင်းလား"

သူပြောလိုက်မှ သူမမျက်နှာလေး ပြာသွား၏။ အားတက်သရော မေးနေရာမှ မျှော်လင့်ချက်ကင်းမဲ့သလိုဖြစ်ကာ မျက်လုံးအိမ်ထဲမှာ သောကရိပ်လေးများ ရစ်သိုင်းလာသည်။

"တကယ်လားဟင်၊ ဒီမှာ ကြည်မာ မရှိဘူးဆိုတာ"

"ဟ ငါက ညာရမလား မယ်မင်းကြီးမ"

"ကျွတ် ခက်တော့တာပဲ"

သူမ,ပြောရင်း ထရပ်ကာ အားတုံ့အားနာနဲ့ သူ့ကို တစ်ချက် ကြည့်သည်။

"ဆောရီး၊ ကျွန်မသူငယ်ချင်းက ဒီတိုက်ခန်းလိပ်စာ ပေးထားလို့ပါ၊ အခု ဒီမှာ မရှိဘူးဆိုတော့"

သူမ စကားရပ်ထားလိုက်သည်။ ရှေ့ဆက် ဘာပြောရမှန်း မသိသလိုနှင့်။ တံ့ဆိုင်းကာ ခြေလှမ်းတွေက ခပ်ဟဟဖွင့်နေတဲ့ တံခါးဆီ။

တက်ခေတ် ပခုံးပင့်ကာ ထိုင်ရာမှထသည်။ သူမ ထွက်သွားရင် တံခါးပိတ်မလို့ပါ။ သူမ တံခါးအပြင်ဘက်တော့ ထွက်သွားပါသည်။

သူလည်း ခပ်သွက်သွက်ပဲ တံခါးကို ဖိပိတ်သော့ခတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွတ်။ စိတ်ရှုပ်ရတာပဲ အဖတ်တင်သည်။

ဘယ်သူမှန်း ဘယ်ဝါမှန်း မသိဘဲနဲ့။

သူသိတာက ရေချိုးရတာ ဇိမ်ပျက်သလို၊ ဘာမှန်းမသိတဲ့ မိန်းကလေး ရှေ့မှာ ရှက်သွေးဖြာရတဲ့အဖြစ်။

နောက်တစ်ခါ ဘယ်သူပဲ တံခါးလာခေါက်ခေါက် ရေချိုးနေတုန်း ဒါမှမဟုတ် ရေအိမ်တက်နေတုန်းဆိုရင် လုံးဝပဲ။

✿ ✿ ✿



## အခန်း (၂)

"ကဲ့ကော် ရောက်ပြီလား"

"ရောက်တာ ကြာလှပြီ၊ နင်ပဲ နောက်ကျနေတာ"

မေစိုး အပြစ်ဖွဲ့သလိုပြောတာကို တက်ခေတ် ပြုံးနေလိုက်သည်။

"လာလေ၊ ဘာကြောင်ကြည့်နေတာလဲ၊ တကတဲ မပြောလိုက်ချင်ဘူး၊ အသည်းအသန်ဖြစ်တော့လည်း သူပဲ၊ နောက်ကျတော့လည်း သူပဲ၊ ပြောမပြောချင်ဘူး၊ တကယ်"

မေစိုး ဗျစ်တောက်ဗျစ်တောက်ပြောရင်း ရှေ့က ဦးဆောင်သွား၏။ တက်ခေတ် ပခုံးလေးတွန့်ကာ မေစိုးနောက် လိုက်ခဲ့ရပြီး –

"နေမင်းနဲ့ ယုနိုင်ကော"



www.burmeseclassic.com

www.burmeseclassic.com



"မမေးနဲ့၊ အားလုံး လူစုံနေပြီ၊ နင်တစ်ယောက်တည်း ကျန်နေလို့ ငါ ထွက်စောင့်နေတာ"

မေစိုးက အဲသလို သူငယ်ချင်းရယ်။

သူငယ်ချင်းအားလုံးအပေါ် ဂရုတစိုက် ရှိလှသူပါ။

အထူးသဖြင့် သူငယ်ချင်းတွေ ဖြစ်စေချင်တဲ့ စိတ်ကူးမှန်သမျှကို ပါရမီဖြည့်ပေးဖို့ ဝန်မလေးတဲ့ မေစိုးစရိုက်က တိမ်းညွတ်ဖွယ်ကောင်းလှသည်။

တက်ခေတ်က ပန်းကုံ့ကော်ကို စိတ်ဝင်စားသလို သူငယ်ချင်းတွေကလည်း ဝိုင်းလျှော်ကြသည်။ သို့သော် ပန်းကုံ့ကော်က မှာနခဲ။ ဘဝင်ကလည်း မြင့်သလိုလို ဘာလိုလို။

တက်ခေတ် စိတ်ဝင်စားနေတာသိတော့ ရှောင်ဖယ်သည်ကသိသိသာသာ။ ပန်းကုံ့ကော် ရှောင်ဖယ်ဖယ်ဖြစ်လေ မေစိုးက စိတ်အားထက်သန်လေ။ ပန်းကုံ့ကော်နဲ့ တက်ခေတ် အချိန်ရှည်ကြာစွာ ဆုံတွေ့နိုင်ဖို့ မေစိုး အစီအစဉ်ဆွဲလေသည်။

မေစိုးတို့ရဲ့ဥယျာဉ်ခြံထဲမှာ ညနေခင်း စားပွဲလေးတစ်ခု ဖန်တီးကာ သူငယ်ချင်းအားလုံးကို ဖိတ်သည်။ တက်ခေတ်ကို အစောဆုံးလာခဲ့ဖို့ ဖိတ်ခြင်း။ တက်ခေတ်လည်း စောစောလာမလို့ပါပဲ။ သူ ရေချိုးနေတုန်း တံခါးလာခေါက်တဲ့ မိန်းကလေးကြောင့် အချိန်နောက်ကျသွားတဲ့အဖြစ်။





သူ အားခဲထားပေမယ့် အကြောင်းကြောင်းကြောင့် နောက်ကျတဲ့အဖြစ်။ သူ ဘာမှမတတ်နိုင်ပါ။ မေစိုး ဦးဆောင်သွားတဲ့အတိုင်း တိုက်ဘေးလမ်းမှ ဥယျာဉ်ခြံထဲ လိုက်ဝင်ခဲ့သည်။

သက်ရင့်သီးပင်စားပင်တွေနဲ့ မြိုင်ဆိုင်နေတဲ့ မေစိုးတို့ ဥယျာဉ်ခြံက ကျယ်ဝန်းလှသည်။ သဘာဝဆန်တဲ့ ရေကန်ကြီးလည်း ရှိတာမို့ စိတ်ကြည်စရာကောင်း၏။ ရေကန်ကြီး မလှမ်းမကမ်းရှိ မရန်းပင်တောထဲမှာ စားပွဲအပြည့် စားသောက်စရာတွေ ရှိသလို သူငယ်ချင်းတွေလည်း စုံညီစွာ။

အားလုံးထဲမှာ ရွှေဝါရောင်ဝမ်းဆက်နဲ့ ပန်းကုံ့ကော်က အတောက်ပဆုံးပဲလို့ တက်ခေတ် ထင်သည်။ ကုံ့ကော်ဝတ်ဆံလေးလို အသားအရေက ဝါမှည့်လျက်။ ပန်းကုံ့ကော်ကိုမြင်ရလျှင် လပြည့်ဝါဝါကြီး မြင်ရသလို ကြည်နူးနှစ်သက်ဖွယ်ကောင်းလှသည်ဟု တက်ခေတ် ခံစားမိသည်။

"ဟာ ခေတ် ကိုယ်တို့က မင်းမလာတော့ဘူးလို့ ထင်နေတာကွ"

အုတ်လှ လှမ်းပြောရင်း စားပိုင်းထဲက ထ,လာသည်။ တက်ခေတ် ပန်းကုံ့ကော်ဆီက အကြည့်ရပ်ပြီး –

"လာမှာပေါ့ကွ၊ ဒီပွဲကို လက်လွှတ်လို့ရမလား"

"ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာကိုရည်ရွယ်ပြီးပြောမှန်း သူငယ်ချင်းအားလုံး သိကြသည်မို့ ဝိုင်းရယ်ကြ၏။ ပန်းကုံ့ကော်က မျက်နှာထားလေး မော့ကာ ခပ်တင်းတင်းလေး ပြုံးလျက် နှုတ်ခမ်းကို မဲ့မဲ့လေးပြုသည်။

ဘေးချင်းကပ်ထိုင်နေတဲ့ ဆင်းခက်ခက်ကို တံတောင်နဲ့တို့ပြီး မရယ်နဲ့လို့ အချက်ပေးလိုက်၏။ ဆင်းခက်ခက်က ပန်းကုံ့ကော်ရဲ့ ဘော်ဒီဂတ်ပီသစွာ သူငယ်ချင်းအုပ်စုနဲ့ ရောရယ်နေရာမှ ချက်ချင်း အရယ်ရပ်ပစ်သည်။

"ကဲ ထိုင်တော်မူဦး ခေတ်"

မေစိုး ခပ်ဆတ်ဆတ်လေးပြောရင်း ပန်းကုံ့ကော်နဲ့ မျက်စောင်းထိုးကျလောက်တဲ့နေရာမှာ ထိုင်ခိုင်း၏။

မျက်စောင်းထိုးအနေအထားက တစ်ယောက်ကိုတစ်ယောက် အမှတ်မထင်ကြည့်ဖြစ်ဖို့ ကောင်းလှသည်မဟုတ်လား။

ပန်းကုံ့ကော်က သူမနဲ့ မျက်နှာချင်းဆိုင်နေရင်း ဘယ်တော့မှ တည့်မကြည့်တတ်ပါ။ ဒါကို မေစိုး သိနှင့်တာကြောင့် မျက်စောင်းထိုးမှာ နေရာချထားခြင်း။ တက်ခေတ် ထိုင်ချလိုက်တော့ ပန်းကုံ့ကော်ကို ပြူစူသလို မျက်စောင်းထိုး၏။ ထိုမျက်စောင်းလေးကပင် တက်ခေတ်ရင်ကို ကျေနပ်စေသည်။ သူငယ်ချင်းတွေလည်း သဘောကျစေသည်။

"ကဲ ခုချိန်ကစပြီး တစ်ယောက်ကိုတစ်ယောက် မျက်စောင်းထိုး မကြည့်ကြေး"





တိုးတက် မချိုမချဉ် ဝင်ပြောတော့ အားလုံးပွဲကျသွားသည်။

"ကျွတ် . . . ကုံ့ကော်ကို မနောက်နဲ့"

ကုံ့ကော် မလုံမလဲပြောရင်း ထိုင်နေရာမှ ထလေသည်။

"ဟဲ့ ဘယ်လဲ ကုံ့ကော်"

"အသားကင်ဖို့"

ပန်းကုံ့ကော် မတိုးမကျယ်ပြောရင်း ထ,ထွက်ခဲ့သည်က သူငယ်ချင်းတွေ စ,တာ နောက်တာ မခံချင်လို့ပဲ ဖြစ်သည်။

အသားကင်မီးဖိုရှိတဲ့ ရေကန်စပ်နားရှိ မရန်းပင်ကြီးအောက် ပန်းကုံ့ကော်တစ်ယောက်တည်း ထွက်သွားတော့ အုတ်လှက ပခုံးဖက်ရင်း အချက်ပေးသည်။

"သွားလိုက်၊ သွားစမ်းကွ"

လို့အားပေးသည်။ သူငယ်ချင်းမိန်းကလေးတွေရော ယောကျာ်းလေးတွေပါ မျက်ရိပ်နဲ့ သွားဖို့ပြောသည်။

တက်ခေတ်ရင်ထဲ ရှက်နေပေမယ့် ထိုရှက်ခြင်းက ချိုမြိန်သလို ရှိ၏။ တက်ခေတ် ရှက်စိတ်နဲ့ ခြေလှမ်းမရဲတရဲဖြစ်တာကို မေစိုး အားမရတော့ပါ။ သူ့ကုပ်ပိုးကို ခပ်ရဲရဲဆွဲထစေကာ မီးဖိုဆီ တွန်းပစ်၏။

မေစိုး တွန်းပစ်တဲ့အရှိန်နဲ့ တက်ခေတ်ကိုယ်လေး ပန်းကုံ့ကော်အနား ရောက်သွား၏။ ပန်းကုံ့ကော်နဲ့ မတိုက်မိစေဖို့ တက်ခေတ် ကိုယ်ရှိန်ထိန်းရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေက သူတို့နှစ်ဦးကိုကြည့်ရင်း ရယ်၏။

"ခေတ် အူကြောင်ကြောင် သိပ်မလုပ်နဲ့"

အုတ်လှက လေသံနဲ့ သတိပေး၏။ ပန်းကုံ့ကော်အနားရောက်နေပြီးဖြစ်ပေမယ့် သူ့ဘက်က စလုံးရေ ဘယ်လိုစရမှန်းမသိဖြစ်ကာ ခေါင်းတကုတ်ကုတ်နဲ့ –

"ကုံ့ကော်"

လို့ မလုံမလဲ ခေါ်မိသည်။

"ဘာလဲ"

ပန်းကုံ့ကော်က ထုံးစံအတိုင်း မာမာဆတ်ဆတ် တုံ့ပြန်သည်။

"ဟိုလေ ကုံ့ကော်ဖို့ ကိုယ် ပိုင်းကင်ပေးမယ်"

"ရတယ်၊ ကုံ့ကော်ဘာသာ ကင်မယ်၊ လာမရစ်နဲ့ ခေတ်၊ နင့်နေရာ နင်သွားထိုင်"

ပန်းကုံ့ကော် တင်းတင်းကြီးပြောကာ အသားတုံးတွေ ထိုးစီထားတဲ့ အကင်တံတွေကို မီးဖိုပေါ် ကိုယ်တိုင်ကင်လေသည်။

တက်ခေတ် လုပြီး ကင်ပေးရအခက်၊ လှည့်ထွက်သွားဖို့အခက် ဖြစ်ကာ မလုံတဲ့စိတ်နဲ့လည်း ရှက်လို့နေသည်။

"သွားလေ၊ ဘာလို့အနားမှာ ရပ်နေတာလဲ"

ပန်းကုံ့ကော် ခပ်ငေါက်ငေါက် ဆိုချေသည်။ ဒီလိုငမ်းငေါက်သံက တက်ခေတ်ရင်ထဲမှာ ထိခိုက်ကာ သိမ်ငယ်သလို ဖြစ်လေသည်။





ခုမှပဲ တက်ခေတ်ကိုယ်တက်ခေတ် ပြန်ဆန်းစစ်ဖို့ သတိရ၏။

ပန်းကုံ့ကော်က သူနဲ့ပတ်သက်လာရင် သူငယ်ချင်းရှေ့၊ ဘာရှေ့ မရှောင် ပြောတတ်ဆိုတတ်တာလေးတွေနဲ့ အမြဲတမ်း ဆက်ဆံရေး တင်းမာနေတာ ဘာကြောင့်လဲ။

ထိုအတွေးနောက်မှာ တက်ခေတ်ခြေလှမ်းတွေ နောက်ပြန်လည်လို့သွားသည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ခေတ် နေဦးကွ"

ယုနိုင် ကမန်းကတန်း ထဆွဲလေသည်။ ဆွဲထားတဲ့ ယုနိုင် လက်ကို ခေတ် ပုတ်ချကာ ဖွတ်ထွက်သွား၏။

"ဟာ . . . ဒါက ဘာဖြစ်သွားတာလဲ"

ယုနိုင် နားမလည်သလို ရေရွတ်ကာ ညေ့ခံစားဝိုင်းကို ကျော နိုင်းထွက်သွားတဲ့ တက်ခေတ်ကို ငေးကြည့်ဖြစ်သည်။

သူငယ်ချင်းအားလုံး သက်ပြင်းကိုယ်စီ ချ၏။ တက်ခေတ်ကို စာနာစိတ်နဲ့ ကြည့်သလို ပန်းကုံ့ကော်ကိုလည်း ကြည့်သည်။

ကြည့်သည်က ဘာကြောင့် တက်ခေတ်အပေါ် ပန်းကုံ့ကော်





တင်းမာရတာလဲဆိုတဲ့ သိချင်စိတ်နဲ့ပါ။

ပန်းကုံ့ကော်က ဘာကိုမှ မမှု။ အသားကင်လို့ ကောင်းဆဲ။ မေစိုးက အဲဒါကို ဘဝင်မကျပါ။ ပန်းကုံ့ကော်နား ချက်ချင်းထသွား၏။

"ကုံ့ကော်"

"အင်း"

ကုံ့ကော် လှည့်မကြည့်ပေမယ့် ပုံမှန်အတိုင်း ထူးပါသည်။ မေစိုး လက်တစ်ဖက် ခါးထောက်မတတ်ဖြစ်ကာ –

"ခေတ်မရောက်ခင်က တစ်ခေတ်တည်းခေတ် ပြောနေပြီး တော့ ခုမှ ဘာဖြစ်သွားတာလဲ"

"ဘာဖြစ်ရမှာလဲ၊ အနားမလာနဲ့လို့ ပြောလိုက်တာလေ"

"အဲလိုပြောလို့ရလား"

"ရလို့ ပြောလိုက်တာလေ၊ ရှင် ဘာမကျေမနပ်ဖြစ်စရာရှိလဲ မေစိုးရယ်"

"အလိုလေ"

မေစိုးလက်က တကယ်ပင် စားပေါက်ရောက်လေသည်။ မျက်လုံးဝိုင်းကြီးနဲ့ ပန်းကုံ့ကော်ကို နားမလည်စွာ စူးစိုက်ကြည့်၏။

ပန်းကုံ့ကော်က မေစိုးကို လှောင်သလိုကြည့်ပြီး ရယ်မောလေ ပြီး –

"နေပါဦး၊ ရှင် ဘာမကျေမနပ်ဖြစ်နေတာလဲ ရွှေမေစိုးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဟင့်၊ မကျေနပ်စရာအကြောင်း မရှိပါဘူး။ ဒါပေမဲ့ ကိုယ့်ဆီချဉ်းကပ်လာတဲ့ ယောကျ်ားတစ်ယောက်ကို ခုတင်မျိုး၊ တော်ကြာတစ်မျိုး မဆက်ဆံသင့်ဘူး။ ဖြူရင်ဖြူ၊ မည်းရင်မည်းလေ"

"အို ကုံကော်က ရေလာမြောင်းပေးလုပ်နေတာမှ မဟုတ်တာ၊ သူ့ဘာသာသူ လာတာ၊ အနေခက်လို့ ကုံကော်ပြောမိတာလေ၊ ကုံကော် ပြောပိုင်ခွင့်မရှိဘူးလား"

"ရှိပါတယ်၊ အဟင့် ဒီထက်မက ပြောပိုင်ခွင့် ရှိပါတယ်၊ အဲဒီပြောပိုင်ခွင့်က တစ်ဖက်သား အနေခက်ပြီး အရှက်ရစေတာတော့ ဘယ်ကောင်းမလဲ"

"အဟင့်၊ ကုံကော် မရည်ရွယ်ပါဘူးဟာ"

ကုံကော်လေသံ လျှော့ချလိုက်ပေမယ့် မာနရိပ်လေးနဲ့ တင်းမာနေဆဲပင်။ အဲဒီတင်းမာမှုနဲ့ မာနရိပ်ကိုပဲ သူငယ်ချင်းတွေ မနှစ်မြို့တာလေ၊

သူငယ်ချင်းတွေ မနှစ်မြို့တာကိုပဲ ကုံကော်က ဂုဏ်ယူနေတာ မဟုတ်လား။

"ကဲပါ၊ ရည်ရွယ်ချင် ရယ်ရွယ်၊ မရယ်ရွယ်ချင်ပြီးရော၊ လောလောဆယ် သူငယ်ချင်းအင်အား လျော့သွားပြီ၊ ဟိုမှာ ယုနိုင် လိုက်ခေါ်တာ တက်ခေတ် ပြန်လှည့်မလာဘူးဟ"

နေမင်း ဖျန်ဖြေတဲ့သဘောနဲ့ စားပွဲပိုင်းမှာ ထိုင်နေရာမှ လှမ်း





ပြောသည်။ နေမင်းစကားနောက်မှာ မေစိုးနဲ့ကုံကော် ပြိုင်တူ လှမ်းကြည့်၏။

ဟုတ်ပါရဲ့။

ယုနိုင် ခေါ်ပေမယ့် တက်ခေတ် ပြန်လှည့်မလာ။ မြို့ပြင်အထိ လျှောက်ထွက်သွားတဲ့ ခြေလှမ်းတွေက သူငယ်ချင်းတွေနဲ့ ဝေးသထက် ဝေးသွားစေသည်။

ကုံကော်မျက်နှာ မသိမသာ အရောင်ပြောင်းကာ ရင်မှာ ဒက်ခနဲ မြည်သွားသည်။

"သွားပစေပေါ့"

ဆင်းခက်ခက် ထလာရင်း ကုံကော်ကို အားပေးသလို ဝင်ပြော၏။ ဒီတော့မှ ကုံကော်မျက်နှာလေး ဟန်မပျက် ထိန်းလိုက်နိုင်သည်။

"ဟုတ်ပါ့၊ သွားပစေပေါ့"

"အေးလေ၊ အစကတည်းက ကုံကော်ရင်ထဲ ဘာရှိမှန်း အကဲခတ်မတတ်တာ မေစိုးအမှားပဲ"

မေစိုး ခံပြင်းစွာပြောရင်း စားပွဲဆီ ပြန်လှည့်သွားသည်။

ဆင်းခက်ခက်နဲ့ကုံကော် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း မာနရောင်လေး ပြန်တင်သည်။

သို့ပေမယ့် ကုံကော်ရင်ထဲမှာ အသားကင်တွေဆီ စိတ်မရောက်နိုင်ဖြစ်လျက်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ တူးကုန်ပြီထင်တယ်"

အုတ်လှ အသံကျယ်ကျယ်ပြောရင်း မီးပုံနားထလာသည်။ ဒီတော့မှ ကံ့ကော်အသားကင်ထားတဲ့ဆီ အာရုံပြန်ရောက်၏။

ဟုတ်ပါရဲ့။ အသားကင်တွေ တူးကုန်ပြီ။

"ကဲ ကံ့ကော် သွားထိုင်လေ၊ ငါ ကင်ပေးမယ်"

အုတ်လှ ဘယ်သူ့ဘက်မှ ဝင်မပါသလို ပြောဆိုရင်း တူးသွားတဲ့အသားကင်တွေကို အမှိုက်ပုံးထဲ သွားထည့်၏။

ကံ့ကော်က တုံဏှိဘာဝေဖြစ်သွားရာမှ –

"သူ့ကိစ္စရှိလို့ သူသွားတာပဲ၊ သွားပစေလေ"

"ဟင့် ဟင့် ဟင့်"

မေစိုး ခနဲ့သဲ့သဲ့ ရယ်ချသည်။

"ကျွတ်၊ မေစိုး ရှင်က မိန်းကလေးဖြစ်ပြီး ကံ့ကော်ဘက်က မပါတာ ဘာသဘောလဲ"

ဆင်းခက်ခက်က ကံ့ကော်ကိုယ်စား ဝင်မေးဟန်တူသည်။ မေစိုး ဆတ်ခနဲ ပြန်လှန်ပြီး ပြောဟန်ပြင်လျှင် –

"ကဲ မေစိုး သူငယ်ချင်းအချင်းချင်းကွာ၊ မပြောပါနဲ့၊ အစီအစဉ်တွေ ကမောက်ကမ ဖြစ်ကုန်မယ်၊ လာထိုင်စမ်းပါ"

တိုးတက်က မေစိုးစိတ်ပြင်းထန်နေမှန်း သိလို့ ဝင်ပြောရင်း ပြန်ဖြေလေသည်။





"ဟုတ်သားပဲ မေစိုးရာ"

အုတ်လှကလည်း အကျယ်အကျယ် မဖြစ်စေဖို့ ဝင်ပြောပြန်သည်။

တက်ခေတ်နဲ့ ကံ့ကော်အနေအထားက ဘာလဲဆိုတာ သူတို့သူငယ်ချင်းတွေ မျက်မြင်မဟုတ်လား။

ကံ့ကော် ခါနေရင် တက်ခေတ်ကို နောက်ဆုတ်ခိုင်းဖို့ စိတ်ထဲမှာ တေးပြီးသား။ မေစိုးက စိတ်ဆတ်တဲ့မိန်းကလေးပီပီ သည်းမခံချင်။

ဝင်ပြောတော့ သူငယ်ချင်းတွေကြား တင်းမာစရာတွေ ဖြစ်ကုန်သည့်အနေအထား။

တင်းမာမှုကတစ်ဆင့် သူငယ်ချင်းတွေကြား ရန်စောင်မှုတွေ မဖြစ်စေလိုပါ။

ဒါကြောင့် အုတ်လှနဲ့တိုးတက် ဝင်ပြောရခြင်း။

ကံ့ကော်နဲ့မေစိုးက မျက်နှာတွေလွှဲနေတာက ညနေခင်း ညစာစားပွဲလေး အကျည်းတန်သွားစေတဲ့အဖြစ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"နေဦးကွာ"

ယုနိုင် အမီလိုက်လာရင်း ဆွဲတားသည်။ တက်ခေတ်ခြေလှမ်းတွေ ရပ်မသွားပါ။ မျက်နှာပေါ်က အရှက်သည်းခြင်းတွေက ကြာလေ ခံပြင်းလေ။

"ကိုယ့်ကော်စိတ်က အဲလိုပဲကွ"

"တော်စမ်းပါကွာ"

တက်ခေတ် တုံးတိတိပြောရင်း တက္ကစီ လှမ်းတားလိုက်သည်။

"တကယ်ပြောတာကွပေါ့၊ ကိုယ့်ကော်က နည်းနည်းအထာကိုင်လိုက်ရမှ၊ နောက်တော့ အိုကေမယ်ပေါ့ကွ"





"နေပါစေ"

တက်ခေတ် ဒါပဲပြောပြီး ထိုးရပ်လာတဲ့တက္ကစီပေါ် တက်လေသည်။ ယုနိုင် ဖျောင်းဖျလို့ရမယ် မထင်တော့ပါ။

လက်ပြနှုတ်ဆက်သွားတဲ့ တက်ခေတ်ကို ဘာမှပြန်မပြောသာ။

အခြေအနေက ထင်သလိုဖြစ်မလာတာ ဘာကြောင့်လဲ။

မိန်းကလေးတွေရဲ့အထာကို တက်ခေတ် နားမလည်တာလား။ လိုက်မမီတာလား။ ဝေခွဲရခက်တာထက် ရင်မှာ ခံပြင်းတာက ပိုနေသည်။ ရှက်တာကလည်း အဆိပ်တက်သလိုလို၊ ဘာလိုလိုနဲ့။

ဖူးစက ဒီလိုခံရမယ်လို့ မထင်။

ရုပ်ရည်လေးလှတော့ မျက်စိကျမိသည်။ မာနရိပ်ကလေးနဲ့ ဂုဏ်ဝင့်တတ်တာလေးက တက်ခေတ်စိတ်ကို ယှိုင်စေကာ –

ရင်ခုန်တာတွေ၊ မြတ်နိုးတာတွေကို တက်ခေတ် မခံစားမိပါ။ စိတ်ဝင်စားခြင်းဆိုတဲ့ ခေါင်းစဉ်အောက်မှာ စိတ်လှုပ်ရှားတာက အရင်။

သူငယ်ချင်းတွေ အားပေးအားမြှောက်လုပ်လာတော့ သူ့ခြေလှမ်းကလည်း မဆင်မခြင် ရှေ့တိုးမိတဲ့အဖြစ်။

ခုတော့လည်း ရင်မှာ ဝေဒနာလေလား၊ ဒဏ်ရာလေလား။

တော်ပြီ။ မတွေးတော့ဘူး ကိုယ့်ကော်ရေ။

မင်းနဲ့ကိုယ်က သူငယ်ချင်းမိတ်ဆွေအဆင့်မှာပဲ ရပ်တန့်နေဖို့ သင့်ပါတယ်။ ဒီမျှနဲ့ပဲ ရပ်နေကြရအောင်။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေက ဒီကိစ္စကို ဘယ်လိုဝေဖန်ကြမလဲ၊ အဲဒါတော့ တက်ခေတ် သိလိုလှသည်။

ဘာဖြစ်လို့လဲဆိုတော့ ကုံကော်နဲ့သူ့အဖြစ်က သူငယ်ချင်းတွေဆီက စတင်ခဲ့လို့လေ။

"ခေတ် ကုံကော်ကို ခြွေစမ်းပါကွာ"

"ဟွန်း ဘာဖြစ်လို့"

"ဟာ ကုံကော်ကို ဘယ်သူမှ ခြွေလို့မရသေးဘူး၊ ပြီးတော့ ကုံကော်ဖူကို ခြွေချင်သူတွေက ဝိုင်းဝိုင်းလည်၊ သူများနောက်ပါသွားရင် နှမြောစရာကြီးကွ၊ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်ဆိုသလိုပေါ့၊ ပြီးတော့"

"ကျိတ်လိုက်စမ်းပါကွ"

သူငယ်ချင်းတွေအားလုံး ဝိုင်းမြှောက်၏။ တက်ခေတ်ကလည်း နဂိုကတည်းက စိတ်ဝင်စားနေတာနဲ့။

ဒီတော့ သူငယ်ချင်းတွေအလိုကျ ခေါင်းညိတ်ကာ ပထမဦးဆုံး ကြိုးစားမှုက အလားအလာကောင်းခဲ့တယ်လို့ ဆိုရမယ်။ အဲဒီတုန်းက ကုံကော် ရှောင်ဖယ်ပေမယ့် ခုလို သိသိသာသာ မဟုတ်ပါ။

ကုံကော်ဝတ်ထားတဲ့ ကိုယ်တိအင်္ကျီ ရင်ညွှန့်နေရာက အလှ ကြယ်သီးတစ်လုံး ပြုတ်ထွက်သွားတော့ မေစိုးနဲ့ ဆင်းခက်ခက် အရေး ပေါ် ချိတ်တို့ ဘာတို့ ရှာကြနဲ့ ဗျာများသွားသည်။





အစပိုင်းတော့ သူတို့ သတိမထားပါ။

ညနေခံစားပွဲဝိုင်းတွေနဲ့ ခပ်လှမ်းလှမ်းဆီ မိန်းကလေးသုံးယောက် ထထွက်သွားပြီး တိုးတိုးကျိတ်ကျိတ်ဖြစ်နေကြသည်။

နေမင်းအစ်ကိုမင်္ဂလာပွဲကလည်း စည်ကားနေချိန်။

"ဘာဖြစ်မှန်း မသိဘူး၊ ဟိုသုံးယောက်တို့"

ယုနိုင် မေးထိုးရင်းပြောမှ သူတို့အားလုံး သတိထားမိသွားသည်။

"ခေတ် ကုံကော် တစ်ခုခုဖြစ်တာပဲ၊ သွားမေးကြည့်ကွာ"

အုတ်လှပြောသလို နေမင်းကလည်း တံခါးဝတိုင်နဲ့တို့ရင်း သွားမေးဖို့ မျက်စနဲ့ပြောသည်။ သူငယ်ချင်းတွေ အားပေးနေတာမို့ ခေတ် ချက်ချင်းထသွား၏။

"ခေတ် လာဦး"

မေစိုး ဦးစွာခေါ်ရင်း ကုံကော်နားက ခွာလာသည်။ တက်ခေတ် နားရောက်တာနဲ့ –

"နင့်ကော်လံဖျားက ရင်ချိတ်လေး ခဏပေး"

ပြောလည်းပြောရင်း တက်ခေတ်အင်္ကျီကော်လံအဖျားမှာ အလှ ချိတ်ထားတဲ့ အင်္ဂလိပ်အက္ခရာတီပုံ အလှချိတ်လေးကို ဖြုတ်ယူသည်။

"ဘာလုပ်ဖို့လဲ"

"ဘာပဲလုပ်လုပ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မေစိုးက အစဉ်အမြဲ ဘုဘောက်ရယ်၊ ပြောချင်ရာ ပြောသလို လုပ်ချင်ရာ လုပ်တတ်သူမို့ တက်ခေတ် ပြန်မမေးတော့ပါ။

နောက်မှ သတိထားကြည့်မိတော့ သူ့ကော်လံက ဖြုတ်သွားတဲ့ အလှချိတ်လေးက ကံ့ကော်ရင်ညွန့်တည့်တည့်မှာ ပန်ရနေသည်။

ဒီတော့မှ သူ ကောင်းစွာသဘောပေါက်သွား၏။

ရင်မှာလည်း ကြည်နူးတာပေါ့။

အဲဒီအလှချိတ်လေးက သူ့အဘွားမဆုံးခင် အမွေပေးသွားတဲ့ အလှချိတ်ကလေး။ အဘိုး အမြတ်တနိုးရှိခဲ့တဲ့ ရတနာဆိုလည်း မမှား။

မြေးယောက်ျားလေးတွေ အများကြီးရှိတဲ့အထဲမှာ သူ့ကိုမှ ရွေးပြီးပေးခဲ့တဲ့အမွေကို တက်ခေတ် တန်ဖိုးထားသည်။ အစဉ်အမြဲ ကော်လံဖျားမှာ ချိတ်တွယ်ထားလေ့ရှိတာ သူငယ်ချင်းအားလုံး သိ၏။

ခုလို အရေးပေါ်အချိန်မှာ ဆွဲသုံးလိုက်တဲ့ မေစိုး ဉာဏ်သွက်တာလေးကို တက်ခေတ် ကျိတ်ပြီး ချီးကျူးလို့မဆုံးနိုင်ပါ။

သူ စိတ်ဝင်စားနေတဲ့ မိန်းကလေးရင်ညွန့်မှာ သူ အမြတ်တနိုးထားတဲ့ပစ္စည်းလေး ရောက်သွားတာဆိုတော့ မကြည်နူးဘဲမနေနိုင်။

ကံ့ကော်မျက်နှာလေးကလည်း ရှက်ရိပ်လေးနဲ့ ပန်းသွေးရောင်စိုအိလျက်။ သူနဲ့ အကြည့်ချင်းအဆိုင်မခံပေမယ့် ခိုးကြည့်တာတွေ သူ သိနေသည်။

ထို့အတူ သူငယ်ချင်းတွေလည်း သိနေတယ်လေ။





အားလုံးထဲမှာ မေစိုးက ပိုလျှင်သည်။

"ခေတ် ရှေ့တိုးဖို့ပြင်တော့"တဲ့။

"ဟာ နင်ကလည်း"

တက်ခေတ် ခပ်ရှက်ရှက်ဆိုတော့ –

"ဘာလဲ၊ နင်က မတိုးချင်ဘူးလား"

"တိုးချင်တာပေါ့"

"သေနာစုတ်"

မေစိုး မျက်စောင်းတစ်ချက်ထိုးနဲ့ ပွစိပွစိ ကျိန်ဆဲလေသည်။ တက်ခေတ် ရယ်နေလိုက်၏။

"ရယ်မနေနဲ့၊ နင် ရှေ့တိုးလို့ရအောင် ငါ စီစဉ်ပေးမယ်"

မေစိုးက အဲသလို သူငယ်ချင်းပါ။ ပြောတဲ့အတိုင်းပင် နေမင်းအစ်ကိုရဲ့မင်္ဂလာပွဲ ပြီးဆုံးလို့တစ်ပတ်အကြာမှာ ညနေခင်း စားသောက်ပွဲလေး စီစဉ်ပေးခြင်းပါ။

ဒီပွဲကို သူ အားခဲထားခါမှ တက်တက်စင်လွဲနေတဲ့အဖြစ်။

ကံ့ကော်ရယ် စိတ်မဝင်စားရင်တောင် ယောက်ျားတစ်ယောက် ရှက်သွားအောင် မပြုသင့်ပါဘူး။ ခုတော့ ကံ့ကော်အပေါ် သူ့ရဲ့စိတ်ဝင်စားမှုက ဒီရေလို လျော့လျော့ကျလျက်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ဟင်"

တက္ကစီပေါ်က ဆင်းဆင်းချင်း တစ်စုံတစ်ယောက် ကြည့်နေသလို တက်ခေတ်စိတ်မှာ ခံစားရသည်။

ထိုခံစားမှုနောက်မှာ ခြေလှမ်းတွေ တုံ့ဆိုင်း၏။ မျက်လုံးကလည်း မသိမသာ ဘေးဘီဝေ့ကြည့်မိသည်။

မျက်ဝန်းနက်ကလေးနဲ့ စိုက်ကြည့်နေတဲ့ သူမ။ ဒိုင်းခနဲအကြည့်ချင်းဆုံလျှင် သူ့နှုတ်ခမ်း လှုပ်ရှားသွားသည်။

ဒါပေမဲ့ ဘာသံမှထွက်မလာ။

သူမလေး တစ်ခုခုပြောချင်ဟန်နှင့် ခြေလှမ်းရှေ့တိုးလျှင် တက်





ခေတ် ခေါင်းယမ်းလိုက်သည်။

ဟင့်အင်း။

ခန့်မှန်းရအခက်ဆုံးက မိန်းကလေးတွေရဲ့စိတ် မဟုတ်လား။ တစ်ခါသေဖူးပြီးပြီ။ ပျဉ်ဖိုးတော့ နားလည်ရမယ်လေ။

တက်ခေတ် သူ့ကိုယ်သူ သတိပေးရင်း စက်လှေကားထဲ ဝင်လိုက်သည်။ သူ ခေါင်းယမ်းပြီး ကျောခိုင်းသွားတော့ သူမ ခြေလှမ်းတွေ မဝံ့မရဲ ရပ်သွား၏။

ကောင်းတယ်။ ဘယ်မိန်းကလေးနဲ့မှ သူ မပတ်သက်ချင်။ အထူးသဖြင့် ဒင်းလေးပေါ့။ ဒင်းလေးနဲ့ ကြုံရပြီးမှ သူ့အဖြစ်က ထင်သလို မဟုတ်ခဲ့။

ကံ့ကော် ရှောင်ဖယ်ရုံမက သူ့ကို အနားသိခွင့်မပေးတာ သူအရောက်နောက်ကျနေလို့လား။ နောက်ကျလို့ဆိုရင် ဒင်းလေးက တရားခံ။

ဟုတ်တယ်လေ။

ဘယ်ကမှန်းမသိ၊ ဘယ်သူမှန်းမသိ။

ဒင်းရောက်လာပြီး ဖယားရှုပ်နေတာနဲ့ ကံ့ကော်ဆီ အရောက်နောက်ကျသွားတဲ့အဖြစ်။

အကယ်၍ ဒင်းလေး ရောက်မလာရင် ကံ့ကော်နဲ့သူနဲ့ ခုလိုဖြစ်မယ်မထင်ဘူး။ တက်ခေတ် ထိုသို့ယူဆတာမို့ သူမအပေါ် အစာမကြေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတယ်ဆိုလည်း မမှား။

သူသာ တစ်ခုခုလှည့်ပြောနေရင် ဒင်းကလေး သူ့နောက်က ပါလာဦးမယ်။ ဒင်းကလေးပါနေသရွေ့ ဖြစ်စဉ်တွေ ကမောက်ကမ ဖြစ်မယ်လေ။

ခုတော့ ဘယ်လောက်အိုကေလဲ။

ကိုယ့်အခန်း ကိုယ်ရောက်တာနဲ့ ခြေပစ်လက်ပစ်နား။ အဲ နားမယ်ဆိုခါမှ ဗိုက်က ဆာလာသည်။

ညနေခင်းစားပွဲမှာ အသားကင်တစ်ဖဲ့တောင် မစားခဲ့ရမှန်း ခုမှ သူ သတိရသည်။ ချက်ချင်းထပြီး မီးဖိုခန်းဝင်၏။

သူက ဆိုင်မှာ စားနေကျ။ စားသောက်စရာ ပြည့်ပြည့်စုံစုံမရှိမှန်း သိပေမယ့် ဗိုက်ပြည့်အောင် ရတာလေးစားဖို့ လိုသည်မဟုတ်လား။

ရေခဲသေတ္တာ ဖွင့်ကြည့်တော့ ပေါင်မုန့်ထုပ်၊ ငါးသေတ္တာဘူး၊ ကိတ်မုန့်၊ ကြက်ဥနဲ့ သစ်သီး။ ပြီးတော့ အချိုရည်နဲ့ ဘီယာဘူးတွေ ရှိနေလို့တော်သေး။

လောလောဆယ် ငါးသေတ္တာနဲ့ ပေါင်မုန့်စား၊ ပြီးရင် ဘီယာလေးတွယ်ပြီး အိပ်နဲ့နှပ်လိုက်မယ်။

ဟုတ်တယ်။

ရတဲ့အကြံအတိုင်း ပေါင်မုန့်ထုပ်၊ ငါးသေတ္တာဘူးဗိုင်းကြီးတစ်ဘူးနဲ့ ဘီယာတစ်ဘူးယူပြီး ဗန်းထဲ ထည့်ခဲ့သည်။





Sky Net ဖွင့်ပြီး ဘောလုံးပွဲစဉ်ကြည့်မလို့ စိတ်ကူးရ၏။ ထို့ကြောင့် ညှော်ခန်းထဲ ပြန်လာ။ စားသောက်စရာဗန်း ရှေ့ချ။ Sky Net ဖွင့်ပြီး အကျအန ထိုင်ကြည့်နေရုံရှိသေးတယ်။

"တီးတောင်"

"ဟင်"

တက်ခေတ်မျက်နှာပေါ် အလိုမကျရိပ်သန်းသွားသည်။ ယုနိုင်တို့ ဖြစ်မယ်။ တက်ခေတ် လှည့်ပြန်ခဲ့တာနဲ့ နောက်က တစ်သီကြီး လိုက်ပါလာပြီ။

"တီးတောင်"

"ကျွတ်"

တက်ခေတ် ထပြီး တံခါးဖွင့်လိုက်တော့ သူမ။

မျက်ဝန်းနက်ကလေးနဲ့ အားကိုးတကြီး မော့ကြည့်နေသည်။ တက်ခေတ် တံခါးပြန်ပိတ်မလို့ ပြင်ရုံရှိသေး။

"နေ နေပါဦး"

အသံတိမ်တိမ်လေးနဲ့ ပြောလည်း ပြောရင်း တိုးဝင်လာသည်။ တားချိန်, ဆီးချိန် မရတော့။ သူမလေး တိုက်ခန်းထဲ ရောက်နေတဲ့အဖြစ်။

"ဘာလဲ မင်းက"

တက်ခေတ် စိတ်တိုတိုနဲ့ တံခါးကို ဆောင့်ပိတ်လိုက်သည်။ တံခါးပိတ်သံက အကျယ်ကြီးမို့ သူမကိုယ်လေး တွန့်ခနဲ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူမလေး အရဲကိုးဟန်လေးနဲ့။

"တစ်ခုလောက် ကူညီပါလားဟင်"

"ရှုပ်ရှုပ်ယှက်ယှက်ကွာ"

"ရိုးရိုးသားသား ပြောတာပါ"

"အောင်မာ၊ မင်းကပဲ ပြောရတယ် ရှိသေးတယ်"

"တကယ်ပါ၊ ခင်းမှာ အခက်အခဲကြုံနေလို့ပါ"

"ငါက ဘယ်သူ့အခက်ခဲကိုမှ ကူညီပေးတဲ့ကောင် မဟုတ်ဘူး"

"ကျွတ်"

သူ့ဘက်က တင်းနေတော့ သူမလေး စိတ်ပျက်သွားဟန်တူသည်။ ခေါင်းလေးကုတ်လိုက် ဘာလိုက်နဲ့။

သူက ခပ်တည်တည် ဆိုဖာမှာပြန်ထိုင်ပြီး ဖောက်ထားတဲ့ ငါးသေတ္တာဘူးထဲက ငါးတွေကို ဇွန်းနဲ့ကော်သည်။

ပေါင်မုန့်နဲ့ ပလုတ်ပလောင်း စားပစ်၏။ ကောင်မလေး မသိမသာ ပါးစပ်ပြင်၍ သူနဲ့ မျက်နှာချင်းဆိုင် ဝင်ထိုင်၏။

သူစားနေတာကို စောင့်ကြည့်သလို ကြည့်နေသည်။ အတန်ကြာမှ –

"ခင်းကို ဒီမှာ ခဏလောက် နေခွင့်ပေးပါလားဟင်"

"ဘာရယ်"

တက်ခေတ် နင်မလိုဖြစ်သွားသည်၊ ပေါင်မုန့်ငါးရင်းတန်းလန်း





နဲ့ သူမလေးကို ပြူးကြည့်၏။

သူမလေး မျက်လွှာစင်းချထားရင်း –

"ဟိုလေ ခင်းမှာ ကြည်မာကလွဲပြီး အသိတစ်ယောက်မှ မရှိလို့ပါ၊ ကြည်မာတို့ ဘယ်ပြောင်းသွားမှန်းမသိတော့ လိုက်ရှာဖို့လည်း ခက်တယ်လေ၊ ပြီးတော့ ခင်းမှာ ပိုက်ဆံလည်း မရှိတော့ဘူး"

"ဟာ၊ မင်း ဘာတွေလာပြောနေတာလဲ"

"တကယ်ပြောတာပါ၊ ခင်း အိမ်က ထွက်ပြေးလာတာ"

"ဟာဗျာ"

တက်ခေတ် နားထောင်နေရင်း မျက်လုံးပိုပြူးလာသည်။ ရိုက်မစစ်ရဘဲ ပြောပြနေတဲ့ ခင်းလေးအဖြစ်က ဘယ်လောက်အန္တရာယ်များနေလဲကွာ။

"ဟုတ်ပါတယ် အစ်ကိုကြီးရယ်၊ ခင်း အိမ်က ထွက်ပြေးလာတာ၊ ကြည်မာကလည်း လိပ်စာပေးထားတာနဲ့ ကြည်မာ့ကို အားကိုးပြီးတော့လေ၊ ကြည်မာ မရှိဘူးဆိုတော့ ခင်း ဘာလုပ်လို့ လုပ်ရမှန်းမသိဘူး၊ ဘယ်သွားလို့လည်း သွားရမှန်းမသိ၊ အဲဒါနဲ့ ခြေဦးတည့်ရာ သွားမယ်လို့ ထွက်သွားတာလေ၊ ဟိုလမ်းထိပ်က ကောင်လေးတွေ တကောက်ကောက်လိုက်ကြတာနဲ့ ခင်းလည်း ကြောက်ပြီး ဒီကိုပြန်လာခဲ့တာ၊ ကူညီပါနော်၊ နော်၊ ကိုကြီး"

တနော်နော်နဲ့ အတင်းကာရော ပြောနေတဲ့ သူမလေး[illegible]ပြော



www.burmeseclassic.com

www.burmeseclassic.com



နေတာတွေက ယုံတမ်းစကားတွေ မဟုတ်မှန်း သိသာနေသည်။

ရိုးရိုးစင်းစင်းအမူအရာလေးနဲ့ ပွင့်ပွင့်လင်းလင်းထုတ်ပြော နေတာက အနှောင့်အယှက် အန္တရာယ်တွေနဲ့ ရင်ဆိုင်ကြုံတွေ့ရမှာ ကြောက်လို့ဖြစ်မှန်း တက်ခေတ် သဘောပေါက်လျှင် -

“ကျွတ် မင်းကွာ၊ နေစမ်းပါဦး ညည်းက ဘာ့ဖြစ်လို့ အိမ်က ထွက်ပြေးလာရတာလဲ”

တက်ခေတ် အလေးအနက် မေးချသည်။ ဒါပေမဲ့ သူမ မဖြေ။ သစ်ငုတ်လိုပဲ ငူငူကြီး ထိုင်နေကာ။ မျက်ဝန်းနက်နက်လေးမှာ မျက်ရည်တွေတော့ ဝဲနေသည်။

သူမ မဖြေတော့ အတင်းအကျပ်မေးလည်း ရမှာမဟုတ်ဘူး။ တက်ခေတ် အကဲခတ်မိတာကြောင့် -

“မင်းအိမ်က ဘယ်မှာလဲ”

“တောင်ငူ”

“ဟာ ဒါဆို နယ်ကပေါ့”

“ဟုတ်ပါတယ် ကိုကြီး”

နေရင်းထိုင်ရင်း သူ့မှာ ကိုကြီး ဖြစ်ရပြန်သည်။ အင်းလေ သူမလေးထက် သူက အနည်းဆုံး ဆယ်နှစ်နီးပါး ကြီးနေတယ် မဟုတ်လား။

ငယ်ငယ်ရွယ်ရွယ် စင်စင်ကြယ်ကြယ် မိန်းကလေးတစ်ယောက်။





တစ်ခုခုဖြစ်သွားရင် ဘဝအညွန့်ကျိုးသွားမှာလေ။

ခင်းလေးက ငယ်တဲ့စိတ်နဲ့ အိမ်က ထွက်ပြေးလာတာ သူငယ်ချင်းအားကိုးနဲ့။ အားကိုးစရာ သူငယ်ချင်းမရှိဘူးဆိုတော့ ခက်ချေပြီ။

လမ်းထိပ်က ကောင်လေးတွေကလည်း အစိမ်းအမှည့် ရွေးရိုးထုံးစံ မရှိဘူး။ မိန်းကလေး ငယ်ငယ်ချောချော မမြင်လိုက်နဲ့။ မရအရ လိုက်နှောင့်ယှက်ဖို့ သွေးကြွနေတဲ့ ငနဲလေးတွေ။

ခုပဲ ညဖြစ်နေပြီ။

ခင်းလေး ဘယ်ကိုပဲ ခြေဦးတည့်ရာသွားသွား အန္တရာယ်နဲ့ ဆုံမှာပဲ။ ပြေးကြည့်နေစရာမလိုဘူး။

“ခင်း အိမ်ကိုလည်း မပြန်ရဲဘူး၊ ကျေးဇူးပြုပြီး ခင်းကို ကိုကြီး ကူညီပါနော်၊ ကိုကြီးအပေါ် အမှုမပတ်စေရပါဘူး”

“အမယ်”

တက်ခေတ်မျက်နှာကြီး ပွတက်သွားသည်။

“လာလာချည်သေး၊ အမှုမပတ်စေရဘူးတဲ့”

“တကယ်ပြောတာပါ”

“ဒါ မကူညီနိုင်ဘူးဆိုရင်ကော”

“မကူညီရင်လည်း ခင်း ဒီလိုပဲ ငုတ်တုတ်ထိုင်နေလိုက်မယ်”

“မြတ်စွာဘုရား”

တက်ခေတ် မချိပြုံးလေးနဲ့ ခေါင်းယမ်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပါ ခင်းကို ကူညီနော်၊ ခင်း ကိုကြီးကို ယုံပါတယ်"

"ဟာ ငါ ကတိမပေးဘူးနော်၊ မင်းကို ... ည်း မယုံနိုင်ဘူး"

"ဟုတ်ပါတယ်၊ ခင်းရဲ့စိတ်နဲ့ ခင်း ယုံတာပါ"

နေရင်းထိုင်ရင်း အယုံခံနေရတဲ့ တက်ခေတ်။ ဘယ်လို ငြင်းလို့ ငြင်းရကောင်းမှန်း မသိတော့ပါ။

အိမ်ပြေးမလေးမို့ လက်ခံဖို့ ခက်လှသည်။

ဒါပေမဲ့ အားကိုးစရာ သူငယ်ချင်း မရှိ ဘာမရှိဆိုတော့လည်း။

"ယုံတယ်ဆိုရင် နေကြည့်လေ"

သူ့စကား မဆုံးခင် သူမလေးမျက်နှာ ဝင်းခနဲလက်ကာ မျက်နက်ဝန်းလေး ရွှန်းရွှန်းစိုစိုတောက်ပလေသည်။ ထို့ပြင် လှိုက်လှဲသော လေသံချိုလေးနှင့် –

"ကျေးဇူးတင်ပါတယ် ကိုကြီးရယ်"တဲ့။

■



## အခန်း (၆)

စိန်ပွင့်ကလေးများ တန်းစီထားတဲ့ တီပုံအလှချိတ်ကလေးဆီက ကဲ့ကော် အကြည့်မခွဲရက်ပါ။

သတိရတိုင်း ထုတ်ထုတ်ကြည့်ရတာကလည်း ကဲ့ကော်အတွက် ရိုးအီသွားတယ်လို့ မရှိဘူးလေ။

ဒါလေးက ခေတ် အမြတ်တနိုးထားမှန်း ကဲ့ကော်သိသည်။

ပြန်ပေးတော့လည်း –

"အမှတ်တရ ယူထားလိုက်" တဲ့။

"အိုး ဒီလောက်တန်ဖိုးကြီးတာကို ကဲ့ကော် မယူချင်ဘူး"

"ကဲ့ကော်လောက် တန်ဖိုးကြီးမယ် မထင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်"

ပြန်မေးလိုက်တဲ့ ကျွန်တော့်အသံထဲမှာ ကြည်နူးမှုတွေ ပျော်ဝင်နေမှန်း ကျွန်တော်ကိုယ်တိုင် သိလေသည်။ ခေတ်က နဖူးပေါ် ဝဲကျနေတဲ့ ဆံပင်ကို တစ်ချက်သပ်ရင်း –

"ဟုတ်တယ်လေ၊ ဒါလေးက ငွေကြေးအားဖြင့် တန်ဖိုးရှိပေမယ့် ကျွန်တော့်လောက် ဘယ်တန်ဖိုးရှိမလဲ"

"ဟုတ်တာပေါ့"

ခေတ်စကားမဆုံးခင် မေစိုး အားတက်သရော ဝင်ပြောသည်။ ကျွန်တော် ရှက်ရွံ့ရွံ့နဲ့ မေစိုးကို မျက်စောင်းလှလှထိုး၏။

ခေတ် စိုက်ကြည့်နေလျှင် ကျွန်တော် မျက်လွှာစင်းချသည်။

"ခေတ်က ကျွန်တော့်ကို တန်ဖိုးထားနေတာဆိုတော့ ဒီရင်ထိုးချိတ်လေးက ကျွန်တော့်လောက် အဖိုးမတန်ဘူးလေ၊ သဘာဝကျတယ် မဟုတ်လား"

"တော်ပါဟယ်၊ ရှင်က တစ်မျှောင့်"

"အမယ် မျက်နှာကိုကြည့်ပါလား။ ငြူစူနေတဲ့မျက်နှာက ချိုချိုမြမြနဲ့၊ ဒါပဲနော်၊ ရှင်လည်း ခေတ်ကို တန်ဖိုးထားရမယ်"

မေစိုးက အဲလိုပဲ ပေါ်တင်ကြီး ပြောတာလေ။ ကျွန်တော် အနေရခက်တာပေါ့။

"ပြန်မပေးနဲ့တော့ ကျွန်တော်၊ ယူထားလိုက်"





ခေတ် အလိုက်သိသိပြောပြီး ကျွန်တော့်အပါးက ရှောင်ထွက်သွားလေသည်။ ထိုစဉ်ကတည်းက ခေတ်အပေါ် ကျွန်တော် စိတ်နှလုံးယိုင်ညွတ်ခဲ့တယ်လေ။

ဒါပေမဲ့ ကျွန်တော့်စိတ်က ခေတ်နဲ့ အကြည့်ချင်းဆုံရမှာ စိုးထိတ်သလိုလို၊ မဝံ့မရဲသလိုလိုနဲ့။ အဲလိုဖြစ်လာရင် ကျွန်တော့်ရင်ထဲ အလိုလိုတင်းသွားကာ။

ခေတ်ကို အနားမှာ ဝဲမနေစေချင်တော့ပါ။

နှင်ထုတ်သလို ပြောမိဆိုမိတာတွေက ခဏ ခဏရယ်။ အဲဒါ ဘာကြောင့်လဲ။ ကျွန်တော့်စိတ်ကို ကျွန်တော် အဖြေမထုတ်နိုင်ပါ။

အရှက်ပိုတာတွေနဲ့ပဲ တင်းမာနေတာက ခေတ် ရှေ့တိုးဖို့ ပိုခက်စေတယ်။

အထူးသဖြင့် ဟိုနေ့ကအဖြစ်လေ။ ခေတ် လှည့်ပြန်သွားလိုက်တာ တစ်ချိုးတည်း။ ဘာဖြစ်လို့လဲ။ ခုမှပဲ ပြန်တွေးမိ၏။

တွေးမိတော့လည်း ဝမ်းနည်းသလိုလို၊ လက်လွှတ်ဆုံးရှုံးသွားသလိုလိုနဲ့ ရင်ထဲမှာ ဟာနေသည်။

တီပုံရင်ထိုးချိတ်လေးကို ထုတ်ကြည့်ရင်း စိတ်က ခေတ်ဆီ ဦးလှည့်လို့နေလျှင် –

"ဟိတ် ကျွန်တော်"

အနောက်ကနေ ပခုံးပုတ်ပြီး လာခေါ်တဲ့ ဆင်းခက်ခင်။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်မို့ ကုံကော် အသက်လေး အောင့်သလိုဖြစ်ကာ–

"ဘာလဲဟ"

လို့ တဒုတ်ဒုတ် ရင်အခုန်မြန်မြန်ဖြင့် မေးဖြစ်၏။ တစ်ဆက်တည်းလည်း ကြည့်လက်စရင်ထိုးကို ဘယ်လက်နဲ့ ဆုပ်ကိုင်ပြီး ရှက်မိသည်။

"အမယ် မြင်ပါတယ်နော်"

ဆင်းခက်ခက် ပြောရင်း ကုံကော်နဲ့ ဘေးချင်းကပ်ဝင်ထိုင်ကာ။ ကုံကော်ကတော့ မလုံမလဲ ဖြစ်နေဆဲနှင့်။

"ဟို ဟိုလေ ကုံကော်က ဘာရယ်မဟုတ်ဘူး၊ အလုပ်မရှိတာနဲ့ ထုတ်ကြည့်နေမိတာပါ"

"ဆင်းက ဘာပြောနေလို့လဲ၊ ကြည့်ပေါ့လို့"

"သိဘူးလေ၊ ဆင်းက ကုံကော်ကို တစ်မျိုးမြင်နေသလားလို့"

"မမြင်ပါဘူး ကုံကော်ရယ်၊ ဆင်းက ကုံကော်သဘောအတိုင်း ဖြစ်စေမယ့် သူငယ်ချင်းပါဟ"

"အင်းနော်"

ကုံကော် ခုမှ ရဲတင်းသယောင် ဖြစ်လာသည်။ ဆင်းက ကုံကော် ဖြူဆိုဖြူ၊ မည်းဆိုမည်းတဲ့ သူငယ်ချင်း။

မေစိုးလို မဟုတ်ဘူး။

မေစိုးက ဘယ်သူငယ်ချင်းမဆို စိတ်ထဲရှိတဲ့အတိုင်း ပြောချ





သည်။ အားနာတာတွေ၊ ဘာတွေ မရှိဘူး။ အဲဒါကြောင့် ထင်တယ် ကုံကော်က မေစိုးနဲ့ သိပ်အစေးမကပ်လှဘူး။

ဆင်းခက်ခက်နဲ့က ညီမျှခြင်းပဲ။

'ဒါနဲ့ ကုံကော်"

"ပြောလေ ဆင်း"

ကုံကော် ရင်ထိုးချိတ်လေးကို ပြန်ဖွင့်ကြည့်ရင်း ထူးသည်။ ဆင်းကလည်း ကုံကော်လက်ထဲမှာ ရင်ထိုးချိတ်လေးကိုကြည့်လျက်–

"ဟိုညနေက ခေတ် ထပြန်သွားတဲ့ကိစ္စလေ"

"ဆိုစမ်းပါဦး"

"အဲဒါပေါ့၊ ခေတ်က ကုံကော်ပြောလိုက်ရုံနဲ့ ပြန်သွားတာ၊ မေစိုးက ထုံးစံအတိုင်း ပွစိနေတာပေါ့"

ဆင်း မမြင်သာအောင် ကုံကော် သက်မခိုးချ၏။

"နေပါဦး ကုံကော်၊ မေစိုး ပွစိပြောတာကို ငြိမ်ခံနေမှာလား"

ခါတိုင်းလိုပင် ဆင်းခက်ခက် မခံချင်စွာ မေးလာသည်။ ကုံကော် ခေါင်းမခါနိုင်။ စိန်ပွင့်တွေလို လင်းလဲ့နေတဲ့ ခေတ်မျက်နှာလေးကို မြင်ယောင်လာသည်။

ခေတ်။

အရပ်မြင့်မြင့်နဲ့ စမတ်ကျတဲ့ လူပျိုချောကြီး။ မျက်ခုံး ထူထူ၊ မျက်ဝန်းတောက်ရွှန်းလျက် ကြည့်မိတိုင်း ရင်ကို လှုပ်ရှားစေသော



www.burmeseclassic.com

www.burmeseclassic.com



တက်ခေတ်ဆိုတဲ့ ခေတ်က သူငယ်ချင်းအားလုံးထဲမှာ ထင်ပေါ်သူ။

အရှိန်အဝါလည်း ရှိသည်။ မိဘမောင်နှမအားလုံး ဩဇီမှာ။ ခေတ်က ကျောင်းပြီးတာတောင် ဩဇီကို လိုက်မသွားပါ။

ခေတ်ဘွားဘွားရဲ့ လက်ငုတ်လက်ရင်းဖြစ်တဲ့ ပရိဘောဂလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ကာ။ ခေတ်မီပရိဘောဂပစ္စည်းတွေက နိုင်ငံခြားက တင်သွင်းသလို၊ တက်ခေတ်လုပ်ငန်းက ထုတ်လုပ်တဲ့ အရည်အသွေးမြင့် ပရိဘောဂပစ္စည်းတွေကိုလည်း နိုင်ငံခြားပို့၏။

ကံ့ကော်မှလွဲပြီး ကျန်သူငယ်ချင်းအားလုံးကိုလည်း ခေတ်လုပ်ငန်းမှာ လုပ်ကိုင်စေသလို၊ လစာလည်း ကောင်းကောင်းပေးထားသည်။

ကံ့ကော်က ဝါသနာမပါသလို၊ ဖေဖေနဲ့မေမေကလည်း အလုပ်လုပ်ခွင့် မပေးပါ။ တစ်ဦးတည်းသောသမီးလေးမို့ ကံ့ကော်ကို ရွှေပေါ်မြတင်ထားသည်လေ။

အဲဒါကြောင့်မို့ ကံ့ကော် မာနပိုကြီးနေတာလား။ အထူးသဖြင့် ခေတ်နဲ့ ပတ်သက်ပြီးလေ။

"ကံ့ကော် ဆင်း့ပြောတာ ကြားလား"

အတွေးနဲ့ တိတ်ဆိတ်နေတဲ့ ကံ့ကော်။ ဆင်း အားမလိုအားမရဖြစ်ပြီး ပခုံးစွန်းကို တွန်းတိုက်ကာ မေးလေသည်။

"ဘာ ဘာလဲဟ"





အတွေးနဲ့ နှမြောနေတဲ့ ကံ့ကော်။ ရုတ်တရက် ဘာပြောရမှန်းမသိ ဖြစ်လေသည်။ ဆင်းခက်ခက်က ချစ်စဖွယ် မျက်စောင်းလေးထိုးရင်း –

"မေစိုး ပွက်နေတဲ့ကိစ္စလေ"

"ဩော်"

ထိုညနေက ခေတ် လှည့်ပြန်သွားတဲ့ကိစ္စ ခေါင်းထဲ ဝင်လာသည်။ ထိုအခါ ကံ့ကော်ရင်မှာ မလုံမလဲဖြစ်လာတာမို့ –

"မေစိုးပြောသလိုများ ကံ့ကော် ပြုမိနေတာလား ဆင်းရယ်"

"ဘုရားရေ"

ဒီတစ်ခါ ဆင်းခက်ခက် မအံ့ဩဘဲ မနေနိုင်တော့ပါ။ ဟုတ်တယ်လေ။ ကံ့ကော်က ခါတိုင်းနဲ့မှ မတူတာ။ မေစိုးပြောသမျှ ဆိုသမျှ ကက်ကက်လန်ဖြစ်နေတတ်တဲ့ ကံ့ကော်။

ခုတော့ လေသံပြောင်းနေတယ် မဟုတ်လား။

"ဟိုလေဟာ ခေတ်ကို ကံ့ကော်ပြောမိတာက လွန်နေသလား ဒိုပါ ဆင်းရယ်၊ လွန်နေသလားဟင်"

ကံ့ကော် မလုံမလဲ ရှင်းပြသလိုမေးတဲ့အခါ ဆင်းခက်ခက် အံ့ဩမနေအားတော့ပါ။ သူမက ကံ့ကော်စိတ်သဘောအတိုင်း နေထိုင်လာတဲ့သူငယ်ချင်းမဟုတ်လား။

ဒီကိစ္စမှာလည်း အံ့ဩနေတာတွေ ဘေးဖယ်လိုက်ကာ –



www.burmeseclassic.com

www.burmeseclassic.com



"မလွန်ပါဘူး ကံ့ကော်ရဲ့၊ ကံ့ကော် ဒီလိုပဲ ပြောနေဆိုနေကျ မဟုတ်လားလို့"

"ဒါပေမဲ့ ဒီတစ်ခါ တစ်မျိုးကြီး ခံစားရတယ်၊ ခေတ် စိတ်များ ဆိုးသွားသလား၊ ဘာလား။ ကံ့ကော်စိတ်ထဲမှာ ထင့်နေတယ် ဆင်းရယ်"

"အဲဒါဆို ကံ့ကော် ဘာလုပ်ချင်လဲ"

"တစ်ခုခုတော့ ပြောချင်တာပေါ့၊ ဘာပြောရမှန်းတော့ မသိဘူး"

"ဒါများ ကံ့ကော်ရယ်၊ ခက်တဲ့ကိစ္စမှ မဟုတ်တာ၊ ခေတ်ကို ဖုန်းဆက်လိုက်လေ၊ ခေတ်က ကံ့ကော်ဘက်က စဆက်တာနဲ့ ခုန်ပေါက်ပြီး ရောက်လာမယ့် ငနဲ"

"အေးနော်"

ဆင်းခက်ခက်ဆိုတဲ့ စကားနောက်မှာ ကံ့ကော်မျက်နှာလေး ပင်းလက်သွားသည်။ စိန်ပွင့်တွေနဲ့ တလက်လက်ဖြစ်နေတဲ့ ရင်ထိုးချိတ်လေးကို အားတက်သရောဆုပ်ကာ ရင်အုံနားမှာ ကပ်ထားမိသည်။

ခေတ်ရယ် –

ကံ့ကော်ကို နားလည်တယ် မဟုတ်လားလို့။ ကံ့ကော်ရင်ထဲ ဟာစ်ကြွေးမိကာ။

✿ ✿ ✿



## အခန်း (၇)

"တီ တီ တီ"

အဆက်မပြတ် မြည်နေတဲ့ ဖုန်းသံကြောင့် ခေတ် နိုးသွားသည်။ နိုးပေမယ့် မျက်လုံးမဖွင့်ချင်ပေ။

"ဟဲလို"

"ခေတ် ကိုယ်ပါကွ"

"ပြော"

"ထတော့လေကွာ"

"ကျွတ်၊ အိပ်ကောင်းနေသေးတယ်ကွာ"

"ကိုယ်တို့ တီးစင်တာရောက်နေပြီကွ"



www.burmeseclassic.com

www.burmeseclassic.com



"ရောက် ရောက်၊ ကိုယ်နောက်ကျမယ်၊ မစောင့်နဲ့၊ ဒါပဲ"

ခေတ် စိတ်မပါ့တပါပြောရင်း ဖုန်းချကာ မျက်လုံးမှိတ်ထားလိုက်သည်။ စိတ်ကလည်း အိပ်ချင်နေသေးတယ် မဟုတ်လား။

ဆက်အိပ်ဖို့ စိတ်ရှိနေပေမယ့် ခေါင်းထဲမှာ မေးခွန်းတွေ တန်းစီပေါ်လာသည်။ ခါတိုင်းလည်း မနက်စာစားနေကျ 'လရိပ်နို' တီးစင်တာမှာ ဆုံနေကျ။

တကူးတက ဖုန်းဆက်စရာမလိုတာ ခေတ် သိနေသည်။ ဒီနေ့မှ ဘာကြောင့် ဖုန်းဆက်ရတာလဲ၊ ဖုန်းဆက်တဲ့ နေမင်းအသံက ထူးခြားနေသလိုလို။ ဒါ ဘာကြောင့်လဲ သိချင်စိတ်ဖြစ်နေတော့ ဆက်အိပ်မရဖြစ်လေသည်။

ဒါနဲ့ပဲ မထူးတော့ပါဘူးလေလို့ တွေးရင်း အိပ်ရာကထ၏။ အိပ်ချင်စိတ် မပြယ်သေးသော်လည်း ရေချိုးခန်းထဲ တန်းဝင်သည်။

အရင်ဆုံး သွားတိုက် မျက်နှာသစ်၏။ ပြီးမှ ညအိပ်အဝတ်ကို ချွတ်ပုံရင်း ခေါင်းကနေ ရေချိုးချသည်။ ရေဖလားနဲ့ တဗွမ်းဗွမ်းခပ်ချိုးတာ သဘောကျသလို ရေပန်းနဲ့ချိုးတာလည်း နှစ်ခြိုက်၏။

တစ်ခါတစ်ရံ ရေချိုးကြွေကန်ထဲ တစ်ကိုယ်လုံး ရေမြုပ်အောင်စိမ်တဲ့အခါလည်း စိမ်သည်။

ခုတော့ ရေပန်းအောက်မှာ ချိုးကာ –

စံပယ်ဆီရနံ့မွှေးတဲ့ ဆပ်ပြာခရင်မ်နံ့လေး သင်းအီသွားတဲ့





ခေတ်ကိုယ်က အေးစိမ့်လျက် လန်းဆန်းသွားမှ ရေချိုးခန်းထဲ ပြန်ထွက်၏။

အိပ်ခန်းထဲ ပြန်ဝင်ပြီး မှန်တင်ခုံရှေ့သွားကာ မျက်နှာကို For men စာတန်းပါတဲ့ တေလာဒေးခရင်မ် လိမ်း၏။ ကိုယ်နဲ့ခြေလက်ကိုလည်း ဘော်ဒီလိုးရှင်းလိမ်းကာ ဗီရိုထဲက အဝတ်ထုတ်ဝတ်၏။

သစ်စိမ်းရောင်မှာ အဝါစင်းလေးတွေပါတဲ့ ထိုင်ဝမ်မိတ်တီရှပ်နဲ့ စတိုင်လ်ပင်နဲ့အနက်တွဲ ဝတ်လိုက်တော့ သူ့ပုံစံက စမတ်ကျလေသည်။

ဆံပင်ကို ဂျယ်လိမ်းပြီး ခပ်ပွပွပုံစံဖြီးလျက် တေလာရေမွှေးဆွတ်ဖျန်းလိုက်ရုံနဲ့ ခေတ်တစ်ကိုယ်လုံး မွှေးမြထုံသင်းကာ စွဲမက်စရာဖြစ်လေပြီ။

ဒါလောက် စမတ်ကျပြီး ရုပ်ဖြောင့်တဲ့တောင် ကံ့ကော် စိတ်မဝင်စားတာ သူ အံ့ဩလို့မဆုံးပါ။

အင်းလေ ဒါလည်း ဖြစ်တတ်တဲ့ သဘာဝပဲ။

သူကိုယ်တိုင်ကလည်း စိတ်ဝင်စားရုံကလွဲပြီး ခံစားချက်တွေဘာတွေ ဖြစ်တည်မလာ။ ကံ့ကော် မနှစ်မြို့ချင်ချင်နဲ့ ရှောင်ဖယ်လေတော့ သူလည်း စိတ်ဝင်စားလို့ မရတော့ပါ။ နောက်တစ်ခါ အရှက်မရစေဖို့ ဆုံးဖြတ်ပြီးသားဖြစ်သည်။

တကယ်ဆို နှစ်ဦးနှစ်ဖက် စိတ်ဝင်စားတာ တူမျှမယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ကံ့ကော် ညားလေသတည်းဖြစ်နေမှာ လွန်ခဲ့တဲ့နှစ်နှစ်ကတည်းက။

စိတ်ဝင်စားမှု တူမျှမနေတာမို့ အခြေအနေတင်းမာနေတဲ့ အဖြစ်။ ဒါကြောင့် ကံ့ကော်ရေ သူငယ်ချင်းလိုပဲ နေကြဖို့ ခေတ်အတွေး နဲ့ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်ချကာ အခန်းအပြင် ထွက်ခဲ့လျှင် –

"ကိုကြီး"

"ဟင်"

ကြားလိုက်ရတဲ့ခေါ်သံနဲ့ မြင်လိုက်ရတဲ့ သူမကလေး၏ ခေတ် ရုတ်တရက် ကြောင်သွားသည်။ ပြီးမှ အသိတရား ပြေးကပ်သလိုဖြစ် ကာ ရင်ထဲမှာ ဩော်ခနဲ ဖြစ်ရလေသည်။

"ကိုကြီး ဘယ်သွားဖို့လဲ"

ခင်း ခပ်သွက်သွက်လေး မေးလျှင် –

"အလုပ်သွားဖို့ပေါ့ဟ"

"အဲဒါဆိုလည်း မနက်စာ စားသွားလေ၊ ခင်း မနက်စာ အဆင်သင့် လုပ်ထားတယ်"

"အလို မင်းက"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ၊ မယုံဘူးလား"

သူမလေးမေးတာကို ခေတ် ပြန်မဖြေဖြစ်။ မျက်လုံးကတော့ မယုံချင်။ ငယ်ငယ်ရွယ်ရွယ် ကောင်မလေးက ဒါတွေ လုပ်တတ်သတဲ့ လားဆိုတဲ့ အတွေးနဲ့ပါ။





သူမလေး ရိပ်မိသွားဟန်တူသည်။ မျက်နှာလေး ပင့်ကာ –

"မယုံရင် လာကြည့်လေ"

ပြောရင်း သူမလေး ရှေ့က ဦးဆောင်ပြီး ထမင်းစားခန်းထဲ ဝင်သွားသည်။ ခေတ်လည်း ဘာရယ်မဟုတ် လိုက်ဝင်သွားတာပေါ့။

ထမင်းစားပွဲပေါ်က အုပ်ဆောင်းကို သူမကိုယ်တိုင် ဖွင့်ပြလျှင်–

"ဟ ဟုတ်သား"

လို့ အသံထွက် ရွတ်မိသွားသည်။ ကြက်ဥပေါင်မုန့်ကြော်နံ့ လေးက သင်းလို့။ စတော်ဘယ်ရီကိတ်ကို အတုံးကလေးများ တုံးပြီး ကြွေပန်းကန်ထဲ လှလှပပထည့်ထားသည်။ ပန်းသီးစိပ်ကလေးများလည်း ပန်းကန်တစ်ချပ်နဲ့ သတ်သတ်ထည့်ကာ။

ဖန်ခွက်ရှည်နဲ့ မပြည့်တပြည့် လိမ္မော်ရည်ငှဲ့ထည့်ထားတာက စားဖို့သောက်ဖို့ အဆင်သင့်။

မထင်မှတ်ဘဲ စားဖို့အသင့်ဖြစ်နေတာ မြင်ရတော့ လျှာရည် လေး စိုလာသည်။ တစ်ပြိုင်နက်တည်း ခေတ် ထိုင်ခုံဆွဲထုတ်ကာ ထိုင် ချပြီးသား ဖြစ်လေသည်။ သူမလည်း ဝင်ထိုင်ပြီး –

"စားကြည့်လေ"

ကြက်ဥပေါင်မုန့်ကြော်ပန်းကန် သူ့ရှေ့ရွှေ့ပေးရင်း သူမလေး ဆိုသည်။

"စားမှာပေါ့ဟ"



www.burmeseclassic.com

www.burmeseclassic.com



ခေတ် ဟန်ဆောင်မနေတော့ပါ။ အရင်ဦးဆုံး လိမ္မော်ရည် တစ်ငုံသောက်၏။ လိမ္မော်ရည်သောက်ပြီးမှ ကြက်ဥပေါင်မုန့်ကြော်ကို စားသည်။

ဆီအိနေတဲ့ ပေါင်မုန့်က ကြက်ဥအနှစ်ကလေးများနဲ့ ရောသမ နေအောင်ကြော်ထားသဖြင့် ခံတွင်းထဲမှာ ဆိမ့်မွှေကာ စားလိုက်တိုင်း ရနံ့လေး မွှေးသင်းလာသည်။

ထိုအခါ စားပြီးရင်းစားချင်လာစိတ်နဲ့ ခံတွင်းထဲမှာ အမြိန်ကြီး မြိန်လျက်။

"ညည်းလည်း စားလေ"

ခေတ် စားနေတာကို ကျေကျေနပ်နပ်လေးကြည့်နေတဲ့ သူမ လေးကို ခေတ် ပြော၏။ သူမလေး ပြုံးလျက် ဆိုသည်။

"ခင်း စားပြီးပြီ"

"အမယ် အိမ်ရှင်က နောက်ကျနေတယ်ဆိုတာ ဒါမျိုးထင်ရဲ့"

"ကိုကြီး နောက်ကျတာကို"

"ဟုတ်ပါတယ် မယ်မင်းကြီးမလေးရယ်"

သူ ခပ်ရွှဲရွှဲပြောတော့ သူမ ခစ်ခနဲရယ်သည်။ အင်း ဒီအရွယ် လေးတွေက ဒီလိုပဲ သဘောကျရင် ရယ်မယ်၊ သဘောမတွေ့ရင်း ဆူမယ် ဆောင့်မယ်၊ ထင်ရာလုပ်မယ်။ ခုလည်း ဘာထူးလဲ။

ထင်ရာလုပ်နေတာပဲ မဟုတ်လား။





ဘယ်အချိန်ကစပြီး စားဖို့လုပ်ထားမှန်း မသိဘူး။ သူမလေး လုပ်ချင်ရာ လုပ်လိုက်ရလို့ ထင်တယ်၊ မျက်နှာလေး ကြည်ရွှင်လျက်။

"ကောင်းလားဟင်"

"ကောင်းတာပေါ့ကွ"

ကြက်ဥပေါင်မုန့်ကြော် စားကုန်သွားတော့ သူမလေး မေး၏။ သူ ခေါင်းညိတ်ရင်း ချောကလက်ကိတ်တုံးလေးကို ခက်ရင်းနဲ့ထိုးပြီး ပါးစပ်ထဲ ထည့်သည်။

"ဒါနဲ့ ကိုကြီးက ဘယ်အချိန်ပြန်လာမှာလဲ"

"ဘာလုပ်ဖို့လဲ၊ ညည်းက"

"မေးကြည့်တာပါ၊ ပြီးတော့ ရေခဲသေတ္တာထဲမှာ စားသောက် စရာ ဘာမှမရှိဘူး။ အဲဒါ ဝယ်ပေးပါလားဟင်၊ ခင်း ချက်ပြုတ်ပေးမှာ ပေါ့"

"ကျေးဇူးပဲ၊ ဒါပေမဲ့ ရတယ်၊ ကိုယ် ပြန်လာရင် ထမင်းဟင်း ဝယ်ခဲ့မယ်"

"ဟွန်း၊ ခင်း ပျင်းတာပေါ့၊ ချက်ပြုတ်ရတော့ အပျင်းလည်း ပြေမယ်၊ ကိုကြီးလည်း ကောင်းကောင်းလေး စားလို့ရတာပေါ့"

သူမ ပူဆာသလိုပြောတော့ ခေတ် မသိမသာ သက်ပြင်းချမိသည်၊ ဒင်းလေးက အိမ်ပြေးမလေးဆိုတာ မေ့နေရော့သလား။

ခေတ် သတိပေးတဲ့ပုံစံနဲ့ စိုက်ကြည့်တော့ သူမလေး မျက်



www.burmeseclassic.com

www.burmeseclassic.com



တောင် ပုတ်ခတ်လုပ်ပြီး –

"ဟိုလေ ခင်းကို ဒီမှာနေခွင့်ပေးတဲ့အတွက် ခင်း ကျေးဇူးတင်ပါတယ်၊ ပြီးတော့ ကိုကြီးလည်း အဆင်ပြေပြေ စားသောက်လို့ရအောင်လေ ခင်း တတ်နိုင်သလောက် လုပ်ပေးချင်လို့ပါ၊ အိမ်ပြန်ရဲတဲ့အချိန်ထိပါ၊ ဒါမှမဟုတ် ခင်းကို ဒီက မောင်းမထုတ်မချင်း"

"တော်စမ်းကွာ၊ မင်းလေး ဒီမှာ ရေရှည်နေလို့မရဘူးဆိုတာ ကိုယ်ပြောပြီးသား"

"ခင်း သိပါတယ်"

ပြောလိုက်ရုံနဲ့ သူမလေးမျက်နှာ နွမ်းဖျော့သွားသည်။ မပြောချင်ပေမယ့်လည်း ပြောရမယ်လေ။

"သိရင် ပြီးရော၊ မနက်စာ လုပ်ပေးတဲ့အတွက် ကျေးဇူးတင်တယ်"

"ရပါတယ်"

"ကဲ ကိုယ်သွားမယ်၊ ဟိုဟိုဒီဒီ လျှောက်သွားမနေနဲ့"

"မသွားပါဘူး"

နူတ်ခမ်းလေးစူကာ ခေါင်းလေးဆတ်ပြီး ပြောပုံလေးက ချစ်စရာကောင်းနေသည်။ ငယ်ငယ်ရွယ်ရွယ် ဖူးဖူးကြွကြွ ပန်းကလေးတစ်ပွင့်နဲ့မခြားတဲ့ သူမလေးကို သူ ခဏခဏ မကြည့်မိအောင် သူ့စိတ်ကို သူ မနည်းထိန်းနေရသည်။





ထမင်းစားခန်းထဲက သူ ထထွက်ခဲ့တော့ သူမလေး နောက်က ပါလာသည်။

"ကိုကြီး စောစောပြန်ခဲ့နော်၊ ခင်း ဗိုက်ဆာရင် စားစရာ သိပ်မရှိတော့ဘူး"

"သိတယ်"

သူ ဒါပဲပြောပြီး တံခါးသော့ခတ်ကာ ထွက်ခဲ့သည်၊ ဒင်းလေးကတော့ တစ်နေ့လုံး ဘယ်လိုနေမလဲ မသိပါ။

ခေတ်ရင်မှာ ပူသလိုလို၊ လှုပ်ရှားသလိုလိုနှင့် မငြိမ်မသက်ဖြစ်လျက်။

အဲဒါ ဘာဖြစ်လို့လဲ။

ပြောစမ်းပါ မယ်တောက်ခင်းလေးရဲ့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဟင်"

ပရိဘောဂအရောင်းစင်တာထဲ ဝင်လျှင်ဝင်ချင်း ကံ့ကော်ကို တွေ့ရလျှင် ခေတ် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

တစ်ခါးဖူးမှ သူ့ဆီ မလာဖူးတဲ့ ပန်းကံ့ကော်၊ အလာထူးနေတာမို့ မအံ့သြဘဲ မနေနိုင်။ ပို၍အံ့သြစရာကောင်းသည်က ချိုမြသော မျက်နှာလေးနဲ့ ပြုံးရယ်ပြရင်း –

"ခေတ် အံ့သြနေတာလားဟင်"

ကံ့ကော် ဦးစွာမေးပြီး ထိုင်နေရာမှ ထလာသည်။

"အင်း ဆိုပါတော့ ကံ့ကော်၊ ဒါနဲ့ ဘယ်က ဘယ်လို မျက်စိ





လည်လာတာလဲ"

ခေတ် တည်ငြိမ်စွာမေးလျှင် ကံ့ကော် ခေါင်းလေးငုံ့ကာ ပြုံးတယ်။

"ဒီလိုပဲ တမင်လာတာ"

ဘုရားတမိမလို့ ခေတ် အသံကို ကမန်းကတန်း ထိန်းလိုက်ရသည်။

"ဆင်းလည်း ခေါ်လာပေ့ါ ကံ့ကော်ရယ်"

"ဆင်း မအားတာနဲ့"

"ရုံးခန်းထဲ ဝင်ထိုင်နေပါလား၊ အပြင်မှာထိုင်နေတာ ကိုယ်အားနာလို့ပါ"

"ရပါတယ်၊ ခေတ်လာတာကို စောင့်နေရင်းနဲ့ အပြင်မှာ ထိုင်နေမိတာပါ"

ခေတ် အံ့သြတာတွေ ဘေးဖယ်ပြီး ရုံးခန်းတံခါး တွန်းဖွင့်ကာ ဆိုဖာထိုင်ခုံမှာ ထိုင်ဖို့ ဧည့်ဝတ်ပြုရသည်။

"လာ ထိုင်"

ကံ့ကော် ရွှင်ရွှင်မြူးမြူးလေး ဝင်ထိုင်သည်။ မျက်ဝန်းထဲမှာ ညှို့အီသော စကားလုံးပေါင်း မြောက်မြားစွာရှိနေမှန်း ခေတ် သိနေသည်။

ထိုစကားလုံးတွေက ဘာတွေလဲ။ ခေတ်စိတ်ထဲက အဓိပ္ပာယ်ဖော်ထုတ်ဖို့ စိတ်ဝင်တစား မရှိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က အဖြစ်အပျက်သာ ကြားခံမနေရင် ဒီလိုအခြေအနေက သူ့အတွက် လှိုက်လှိုက်လှဲလှဲဖြစ်စရာ။

ခုတော့ လေပြည်ငြိမ်သလို သူ့စိတ်ဝင်စားမှုတွေ ငြိမ်သက်လို့။

"ဒါနဲ့ ခေတ်"

ကံ့ကော်နဲ့ မျက်နှာချင်းဆိုင် ထိုင်မိရုံနဲ့ ကံ့ကော် စကားစ၏။

"ဘာလဲ ကံ့ကော်၊ ပြောလေ"

"ဒီမှာ ဖိတ်စာ"

ကံ့ကော် ပြောရင်းဆိုရင်း လက်အိတ်ထဲက ငွေရောင်ဖိတ်စာလေး ထုတ်ပေးသည်။ ခေတ် မျက်မှောင်ကုတ်ကြည့်ပြီး လှမ်းယူသည်။

"ကံ့ကော်မွေးနေ့လေ"

"ဟာ"

ခေတ် နှုတ်က ဟာခနဲ ဖြစ်သွားသည်။ ကံ့ကော်မွေးနေ့တိုင်းကို ခေတ် ကြို့ကြို့တင်တင် သတိရနေတတ်သည်။

ဒီတစ်ခါမှ မေ့နေတာ သူ့ကိုယ်သူ အပြစ်ဖို့ရမလို ဖြစ်ချေ၏။

"ဒီနှစ်တော့ အလင်းရောင်မိဘမဲ့ဂေဟာမှာ အလှူလုပ်မှာလေ"

ချိုချိုလွင်လွင်လေးပြောနေတဲ့ ကံ့ကော်ကို ခေတ် တကယ်ပင် ငေးကြည့်မိသည်။ ကံ့ကော်က အိမ်ဖော်တို့၊ ဒရိုင်ဘာတို့ကိုတောင် နှိမ့်နှိမ့်ချချ ဆက်ဆံတတ်တဲ့ မာနထိပ်ထားမလေး မဟုတ်လား။





ဘာဂုဏ်ဒြပ်မှမရှိတဲ့ မိဘမဲ့ဂေဟာမှာ ဒီနှစ် မွေးနေ့အလှူလုပ်မှာဆိုတော့ မအံ့သြဘဲ မနေနိုင်။

ခေတ်က မိဘမဲ့ဂေဟာနဲ့ သဘာဝဘေးအန္တရာယ်ကြောင့် အတိဒုက္ခရောက်နေတယ်လို့ သတင်းကြားရင် ဘယ်မှာမဆို သွားလှူလေ့ရှိသည်။

ခေတ် ထိုသို့သွားလှူတိုင်း ပန်းကံ့ကော် နှာခေါင်းလေး တရှုံ့ရှုံ့နှင့်။

"အဟင့်၊ အဲဒါမျိုးတွေက အတိတ်ဘဝက သူတစ်ပါးဒုက္ခရောက်အောင်ပြုခဲ့လို့ ဒီဘဝမှာ တန်ပြန်ခံရတာလေ၊ ကံ့ကော်တော့ အဲလိုပဲ ယူဆတယ်"

ကံ့ကော်အယူအဆကို ကံ့ကော်ထုတ်ပြောတာ ခဏခဏရယ်။ ဒါတင်မက –

"ခေတ်အတွေးက ဘယ်လိုကြီးမှန်းမသိဘူး၊ ကိုယ် ပင်ပင်ပန်းပန်း ရှာဖွေထားတာကို ကိုယ့်ဘာသာ ဖောဖောသီသီ သုံးတာမဟုတ်ဘူး၊ အလကားနေရင်း ဒုက္ခရောက်တယ်လို့ သတင်းကြားတာနဲ့ သွား သွားလှူနေတာ၊ ကံ့ကော်တော့ ခေတ်ကို နမြောတယ်"

ကံ့ကော် ထိုသို့ပြောတာကို ခေတ် နားနဲ့ဆတ်ဆတ်ကြားဖူးတယ် မဟုတ်လား။

"ဘာလဲ၊ မိဘမဲ့ဂေဟာမှာ ကံ့ကော်မွေးနေ့အလှူလုပ်မှာကို



www.burmeseclassic.com

www.burmeseclassic.com



ခေတ် မယုံဘူးလား''

''မ မဟုတ်ပါဘူးဟာ၊ တစ်ခါဖူးမှ ကံ့ကော် ဒီလိုမလုပ်ဖူးဘူး မဟုတ်လား။ အဲဒါကြောင့် အံ့ဩနေတာပါ''

'မအံ့ဩပါနဲ့၊ ကံ့ကော်ကလေ ခုနောက်ပိုင်း စိတ်အတွေး ပြောင်းလာသလားမသိဘူး။ ခေတ် လုပ်သလို၊ လှူသလိုမျိုးတွေ လှူချင်တဲ့စိတ် ဖြစ်လာတယ်၊ မွေးနေ့နဲ့ကြုံတာနဲ့ အံကိုက်ဖြစ်သွားတယ်၊ အဲဒါနဲ့ လုပ်ဖြစ်သွားတာ၊ ခေတ်တို့အားလုံးကိုလည်း အံ့ဩစေချင်လို့''

''ကောင်းတာပေါ့ ကံ့ကော်ရယ်၊ ကိုယ် ဝမ်းသာပါတယ်''

''ဒါနဲ့ အုတ်လှတို့ တစ်ယောက်ကိုမှ မမြင်ရဘူး။ သူတို့ မလာကြဘူးလား''

''လာကြပါတယ်၊ အုတ်လှက စက်ရုံသွားခိုင်းထားလို့ သွားနေတယ်၊ နေမင်းကို အကြွေးလိုက်ခိုင်းထားတယ်၊ ယုနိုင်က ဆိပ်ကမ်းသွားတယ်၊ အိတ်ပို့စ်ပစ္စည်းကိစ္စနဲ့၊ တိုးတက် ကိုယ်ရေးကိုယ်တာကိစ္စလေးနဲ့ အပြင်ထွက်သွားကယ်၊ ဘာဖြစ်လို့လဲ ကံ့ကော်''

''ဩော် သူတို့ကလည်း ကံ့ကော်ကိုယ်တိုင် ဖိတ်ချင်တာလေ၊ ဒီမှာ အားလုံးအတွက် ဖိတ်စာပါတယ်''

ကံ့ကော် ဖိတ်စာတွေ ထုတ်ပေးပြန်သည်။

''ထားခဲ့လေ၊ ကိုယ် ဖိတ်ပေးမယ်၊ ရလား''

''ရတာပေါ့ ခေတ်ရဲ့ အဟင့်''





အရင်က ခေတ် ကြည့်မိတိုင်း ရှောင်လွှဲနေကျ။ ခုတော့ ပြောင်းလဲနေကာ ခေတ်ကိုပဲ ညို့အီအီလေးကြည့်ပြီး ပြောနေတာက ဆွဲဆောင်နေသည့်နှယ်။

ဘာကြောင့်မှန်း မသိတော့ပါ။

ခေတ်စိတ်က ကံ့ကော်စကားလုံးတွေထဲ မျောပါမသွား။ ပုံမှန်အတိုင်းပဲ တည်ငြိမ်နေပေသည်။

''အဲဒါဆိုလည်း ထားခဲ့လေ၊ မေစိုးက ထုံးစံအတိုင်း နောက်ကျမယ်''

''ရပါတယ်၊ ကံ့ကော်လည်း သူငယ်ချင်းတွေကို ဖုန်းဆက်ပြီး ဖိတ်ဦးမှာပါ''

''ကောင်းတာပေါ့''

''ဩော် စကားပဲကောင်းနေတယ်၊ တစ်ခုခု စားပါလား''

''ကျွေးချင်ရင် ဆိုင်မှာကျွေးလေ''

''ဟင်''

ခေတ် မျက်လုံးဝိုင်းလျက် ကံ့ကော်ကို စိုက်ကြည့်မိ၏။ ရွှန်းစိုနေသော ကံ့ကော်မျက်ဝန်းထဲမှာ ခေတ်ကို မီးစိမ်းပြနေသည့်နှယ်။

မျက်နှာပေးလေးကိုလည်း အစွမ်းကုန် ညွတ်ထားသလို၊ နှုတ်ခမ်းလေးတွေကအစ ချိုလျက်။

''ကျွေးမှာလားလို့''



www.burmeseclassic.com

www.burmeseclassic.com



"အင်း အင်း"

ခေတ် ဣန္ဒြေမပျက်အောင် ကမန်းကတန်း ခေါင်းညိတ်ရလေသည်။ ခေတ် ခေါင်းညိတ်လိုက်တော့ ကံ့ကော် ထခုန်မတတ် ဝမ်းသာအော်လဲဖြစ်ကာ။

"အိုကေ၊ ဒါဆို ခုပဲ သွားမယ်လေ"

ခေတ် ရှောင်လို့မရတော့မယ့် အနေအထား။

"သွားကြတာပေါ့"

ခေတ် ဒါပဲပြောပြီး ဖိုင်တ်စာအထပ်လိုက်ကို စားပွဲပေါ်တင်ပြီး ရှေ့က ဦးဆောင်ထွက်ခဲ့ရသည်။

မိန်းကလေးတွေရဲ့စိတ်ကို ကြာလေ ခေတ် လိုက်မမီလေ။ ဟုတ်တယ် ကံ့ကော်။

ကိုယ် လိုက်မီဖို့ ကြိုးစားရဦးမယ်။

✿ ✿ ✿



## အခန်း (၉)

အပြောင်းအလဲဆိုတာ ဇာပဝါပါးပါးလေးလို လှပ်လှပ်ကလေး မြင်သာနေသလား။ ဒါမှမဟုတ် ပိန်းပိတ်အောင် ဆီးကာထားတဲ့ တံတိုင်းကြီးလို မမြင်သာအောင် ဆီးကာထားတာမျိုးလား။

ခေတ် တွေးရခက်နေပါသည်။

"ဘာလဲ၊ မင်း အံ့ဩနေတာလား ခေတ်"

"အံ့ဩတာထက် ပိုတယ် ယုနိုင်"

"ဒါ ကောင်းတဲ့ပြောင်းလဲခြင်းပဲကွ"

"'နေမင်းပြောတာ မှန်တယ်၊ ကောင်းတဲ့ ပြောင်းလဲခြင်း၊ ပြီးတော့ မင်းအတွက် ရင်ခုန်လို့ရတဲ့အနေအထား။ တွေဝေမနေနဲ့ ခေတ်"



www.burmeseclassic.com

www.burmeseclassic.com



နေမင်းပြောစကားနောက် တိုးတက် လိုက်ပြောသည်က အား ပေးတဲ့သဘော။

သူငယ်ချင်းအားလုံး တစ်ယောက်တစ်ခွန်း ဝင်ပြောကြတဲ့အထဲ မှာ မေစိုးက မနှစ်မြို့သလို မျက်နှာကြီး ရှုံ့မဲ့ထားသည်။

အုတ်လှ နှုတ်ဆိတ်နေသည်။

"ဟွန်း၊ လိုက်တော့လည်း ခေတ်ပဲ၊ သွေးအေးတော့လည်း ခေတ်လောက် သွေးအေးတဲ့သူမရှိ ဖြစ်နေတာလေ၊ ပြောင်းလဲနေတာက ခေတ်"

ဆင်းခက်ခက် မျက်စောင်းဝင့်လျက် ဝင်ပြောသည်။ တက် ခေတ် မသိမသာ သက်မ,ချကာ ကုံ့ကော်ကို လှမ်းကြည့်လိုက်သည်။ ကုံ့ကော်က မိဘမဲ့ကလေးတွေကို အရုပ်လှလှလေးတွေ ဝေပေးရင်း ကလေးတွေနဲ့ ရယ်ရယ်မောမော ရှိနေသည်။

"အပြောင်းအလဲဆိုတာ လူတိုင်းမှာရှိတယ် ဆင်းခက်ခက်ရဲ့"

မေစိုးက ဘာကိုမှမငဲ့ဘဲ ခေတ်ဘက်က ဝင်ပြောသည်။

"ဘာရယ်"

ဆင်း တအံ့တသြမေးတော့ မေစိုးမျက်နှာလေး မော့ထားလျက် ဆိုသည်။

"ဟုတ်တယ်လေ၊ ကုံ့ကော်ပြောင်းလဲသလို ခေတ်လည်း ပြောင်း လဲတာပဲ၊ အဲဒီအပြောင်းအလဲကြားမှာ တူမျှတဲ့ခံစားချက်မရှိတာ အသေ





အချာပဲ၊ အဲဒါ ဘာအကြောင်းလဲ၊ အကြောင်းပြချက်တစ်ခုခု ရှိရမယ် လေ"

"ဟင်"

မေစိုးစကားနောက်မှာ သူငယ်ချင်းတွေ မျက်လုံးပြူးခနဲ ဖြစ် ကာ။ အုတ်လှက မျက်ခုံးနှစ်ဖက် စုံပင့်ရင်း ခေတ်ကို မေးသတ်မေး၏။

အပြောင်းအလဲဖြစ်စေတဲ့ အကြောင်းအရင်းက ဘာလဲဆိုတာ သိချင်ဟန်နဲ့ အသံတိတ်မေးခြင်း။

"ဟုတ်တယ်နော်၊ မေစိုးပြောမှ ဆင်းလည်း စဉ်းစားမိတယ်၊ ဟုတ်တယ်၊ ကုံ့ကော် ဘာကြောင့်ပြောင်းလဲတာလဲ၊ အကြောင်းရှိရမယ်၊ ခေတ်ပြောင်းလဲတာလည်း အကြောင်းမဲ့မဟုတ်ဘူး၊ ဟုတ်တယ် မဟုတ် လား ခေတ်"

တက်ခေတ် ဘာမှပြန်မပြော။

ရင်ထဲမှာ မလုံမလဲနှင့်။ နေ့လယ်စာ စားပွဲကြီး အချိုပွဲဝိုင်းမှာ ထိုင်မိကတည်းက ခေတ်ရင်ထဲ တစ်မျိုးတစ်မည် လှုပ်ရှားနေတယ်။

ထိုလှုပ်ရှားမှုက ကုံ့ကော်ကြောင့်မဟုတ်မှန်း ကိုယ်တိုင် သိသည်။ သူငယ်ချင်းအားလုံး သိချင်စိတ်ကလေးနဲ့ မေးမြန်းလာတော့ ခေတ်စိတ်က ပိုပြီးမလုံခြုံ ဖြစ်လာသည်။

"ခေတ်"

ယုနိုင် ပခုံးတိုက်ခေါ်လျှင် ခေတ်တစ်ကိုယ်လုံး တုန်ခါမတတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

"ဘာလဲကွာ"

အသံက မတည်မငြိမ်နဲ့။ သူငယ်ချင်းတွေ ဝိုင်းကြည့်နေတာ သိတော့ ခေတ် ချွေးပြန်စဖြစ်လာသည်။

"တကယ်ဆို အပြောင်းအလဲက မင်းဘက်က မရှိသင့်ဘူး"

"ဟုတ်တယ်"

တိုးတက်ပြောတာကို ဆင်း ထောက်ခံလေသည်။

"ကံ့ကော်ခံစားချက်တွေ မင်းဘက် စီးဆင်းလာတာ မြင်ခါမှ မင်း ငြိမ်သက်နေတာ ကိုယ်တို့အတွက် ပိုအံ့သြရတယ်၊ နေစမ်းပါဦး ခေတ် စိတ်ပြောင်းလဲသွားစေမယ့် တစ်ယောက်ယောက် ရှိနေလို့လား"

"ဟာ မရှိဘူးကွာ"

ခေတ်စိတ် ဘယ်လိုမှ လုံခြုံအောင် ထိန်းထားလို့မရတော့ပါ။ ကမန်းကတန်း ငြင်းဆန်ရင်း ဝုန်းခနဲ ထမိ၏။

"ခေတ်"

သူငယ်ချင်းအားလုံး ခေတ်အမူအရာကိုကြည့်ပြီး ခေါ်ကုန်သည်။ တကယ်ဆို ထိုမျှထိ ခေတ် ကြွေပျက်ဖို့မလို။

အားလုံး အတွင်းသိ၊ အစင်းသိ၊ အကြောင်းသိတွေ မဟုတ်လား။

"ဒါပဲ၊ ကိုယ်ပြန်မယ်"





ခေတ်ပါးစပ်က တွေကရာပြောပြီး ချာခနဲ လှည့်ထွက်ခဲ့သည် အထိ စိတ်တအားလှုပ်ရှားလေသည်။

"ခေတ်"

ခေတ် ထပြန်သွားတော့ ကံ့ကော် ရိပ်ခနဲ မြင်လိုက်တာမို့ လှမ်းခေါ်သည်။ ဒါပေမဲ့ ခေတ် လှည့်မကြည့်ပါ။

မိဘမဲ့ဂေဟာအပြင်အထိ တစ်ရှိန်ထိုးထွက်သွားကာ ကံ့ကော်ကလေးအားလုံးကို အရုပ်တွေဝေပေးနေတာကို ကမန်းကတန်း လက်စသတ်လေသည်။

"ကံ့ကော်ရေ ခေတ် တစ်မျိုးဖြစ်နေတယ်ဟ၊ ခုလည်း ဘာဖြစ်မှန်းမသိဘူး ထ,ထွက်သွားတာလေ"

ဆင်း ချက်ချင်းထကာ ကံ့ကော်ဆီ အပြေးလေး လာပြောရှာသည်။

ကံ့ကော်လက်ထဲမှာ အပိုရှိနေတဲ့ ဝက်ဝံရုပ်ကလေးပင် လွတ်ကျမတတ်။

မျက်နှာလေး မှိုင်းသွားသလို ခြေလှမ်းတွေလည်း လေးလံထိုင်းမှိုင်းသွားသည်။

သူငယ်ချင်းအားလုံးရှေ့မှာ ကံ့ကော် ရှင်လန်းမြူးကြွနေသလောက် ခေတ် ပြန်သွားပြီဆိုတာ သိလိုက်ရတော့ ကံ့ကော်ရင်ထဲ ဟာသလိုဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါတင်မက ဝမ်းနည်းသလိုလိုနဲ့ ခံခက်သလိုလည်း ဖြစ်လာသည်။

"ခေတ် ဗိုက်အောင့်လို့ ထပြန်သွားတာထင်တယ် ကံ့ကော်"

နေမင်း အသံကျယ်ကျယ်နဲ့ လှမ်းပြောသည်။ နေမင်း ကြည့်ကောင်းအောင်ပြောမှန်း ဆင်း သိတာပေါ့။ ဒါကြောင့် နေမင်းကို ဆင်း မျက်စောင်းလှမ်းထိုးရင်း –

"နင့်ယောက်ဖတော်ဘက် ကာကွယ်မနေနဲ့ နေမင်းရဲ့"

"ကာကွယ်တာ မဟုတ်ဘူး။ ထင်ရတဲ့အတိုင်း ပြောတာလေ၊ နင်ကိုက အကဲခတ်မတတ်တာ ဆင်းခက်ခက်ရဲ့၊ ခေတ်မျက်နှာ နီပြီး ချွေးပြန်ချင်ချင် ဖြစ်နေတာလေ၊ အဲဒါ ဗိုက်အောင့်လို့ ဖြစ်မှာပေါ့"

"အမယ် ဗိုက်အောင့်တာများ ထပြန်စရာလား၊ အိမ်သာသွားရင် ရရဲ့သားနဲ့"

"အေးလေ ခေတ်လည်း အိမ်သာသွားတာပဲ"

"ဟဲ့ အိမ်သာက ဒီဂေဟာမှာ ရှိတယ်"

နေမင်းနဲ့ဆင်း မခံချိမခံသာ အပြန်အလှန် ပြောနေကြတာက ကံ့ကော်စိတ်နှလုံးသားကို မှိုင်းညို့စေသည်။

ကျန်သူငယ်ချင်းတွေက ဘာကိုမှ နားမလည်။ သက်ပြင်းတချချနဲ့။

"ကဲပါဟာ၊ အချင်းချင်း ပြိုင်ပြောနေလို့ ဘာဖြစ်လာမလဲ၊





အခြေအနေကို စောင့်ကြည့်ရုံပေါ့၊ မဟုတ်ဘူးလား"

အတိတ်လှ အေးရာအေးကြောင်း တစ်ခွန်းဝင်ပြောလျှင် ကံ့ကော်မျက်ဝန်းမှာ မျက်ရည်ဥတွေ ခိုတွဲလေသည်။

ခေတ်ရေ ကံ့ကော်ခံစားရတာတွေကို အသိအမှတ်ပြုပါလားကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ဘဲလ်တစ်ချက် နှိပ်လိုက်တာနဲ့ 'လာပြီ ကိုကြီး' ဆိုတဲ့ အသံလွင်လွင်လေး ကြားရသလို၊ ချက်ချင်းလည်း ကျွန်းတံခါးချပ်ကြီး ပွင့်လို့လာသည်။

ခုတော့ ထိုသို့မဟုတ်။

ဘဲလ်အဆက်မပြတ် နှိပ်နေသော်လည်း 'လာပြီ ကိုကြီး' ဆိုတဲ့ အသံလေး လွင့်မလာသလို တံခါးချပ်ကြီးလည်း ပွင့်မလာ။

ဘာကြောင့်ဆိုတာ ခေတ် အလိုလိုသိနှင့်သွားသည်။

ခေတ် နောက်ကျနေလို့ မဟုတ်လား။

ရုတ်တရက်မို့ ခေတ် သတိလက်လွတ်ဖြစ်သွားတာပါ။ ခင်း





အတွက် နေ့လယ်စာ ဝယ်ပို့ပြီးမှ ကုံကော် အလှူသွားမလို့ပါ။

သူငယ်ချင်းအားလုံး ဆွဲခေါ်တာနဲ့ သူ တစ်ပါတည်းပါသွားကာ၊ ဟိုကိုရောက်တော့လည်း သတိမေ့သွားသည်။

အချိုပွဲတည်းနေတုန်း သူငယ်ချင်းတွေနဲ့ ပြောဆိုနေတဲ့နောက်မှ ခင်းလေး ဗိုက်ဆာရုံမက အူပါလိမ်နေမယ်ဆိုတာ။

ဒါကြောင့် သူငယ်ချင်းအားလုံးရှေ့က မလုံမလဲ ထွက်ခဲ့ခြင်း။

တစ်ဆက်တည်း မြန်မာထမင်းဆိုင်ဝင်ပြီး သူမလေးစားဖို့ အဆင်ပြေအောင် ညနေစာအတွက် တစ်ပါတည်း ဝယ်လာခဲ့တာ။

ခုတော့ တံခါးဝမှ ရပ်နေရတဲ့အဖြစ်။ ဘဲလ် ဘယ်လိုတီးတီး ဒင်းကလေး လာဖွင့်ပေးမှာ မဟုတ်ဘူး။

ကြိုသိနေတာကြောင့် ဘဲလ်တီးမနေတော့။ ဖော့ဘူးတွေနဲ့ ဝယ်လာတဲ့ စားသောက်စရာတွေကို လက်တစ်ဖက်တည်းနဲ့ စုကိုင်ပြီး စတိုင်ပင်န်အိတ်ထဲ ထည့်ထားတဲ့ တိုက်ခန်းသော့ကို ဆွဲထုတ်ကာ ကိုယ်တိုင်ပဲ သော့ဖွင့်ရသည်။

တံခါးနှစ်ဆင့်လုံးဖွင့်ပြီး တိုက်ခန်းထဲဝင်တော့ မယ်မင်းကြီးမလေးက ခေတ်ထင်တဲ့အတိုင်းပင် မျက်နှာနုနုလေးကို ပွစူထားပြီး ဆိုဖာပေါ်မှာ ဒူးနှစ်ဖက်ပိုက်ပြီး ကျုံ့ကျုံ့လေး ထိုင်နေရှာသည်။

သူ့ကိုလည်း ရန်စောင်သလိုကြည့်ပြီး မျက်နှာလွှဲ၏။

ဒင်းကလေး စိတ်ဆိုးပုံကို မြင်ရတာနဲ့ ခေတ်မျက်နှာမှာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နူးရွှန်းလဲ့သွားကာ နှုတ်ခမ်းမှာ ပြုံးရိပ်ထင်သွားသည်။

"ဆောရီး၊ ကိုယ် နည်းနည်းနောက်ကျသွားတယ်"

"ဟွန်း၊ ကျ ကျ၊ ဒီထက်နောက်ကျလေ ပိုကောင်းလေ"

"ရွှေစိတ်တော် ဆူမနေပါနဲ့ ကလေးရယ်၊ ဗိုက်ဆာနေပြီ မဟုတ်လား"

"မဆာတော့ဘူး၊ ဟွန်း"

သူမလေးကပဲ ခေတ်ကို ပြန်စိတ်ကောက်နေရတယ်လို့။

စိတ်ကောက်စရာလားလို့ မေးလိုက်ချင်ပေမယ့် မမေးဖြစ်။ ထမင်းစားခန်းထဲ ခေတ် တန်းဝင်ဖို့ ခြေဦးလှည့်သည်။ သူမလေးကို တော့ မသိမသာ ငဲ့ကြည့်တာပေါ့။

အောင်မယ် ဒီလိုကျတော့ မျက်လုံးက ခေတ်ဆွဲလာတဲ့ စား သောက်စရာတွေဆီမှာ။ ဘာပဲဖြစ်ဖြစ် သူ့စိတ်က ပျော်သွားသည်။

ခင်းလေး စိတ်ဆိုးနေပေမယ့် တာရှည်မခံမှာ သူ ရိပ်မိပြီလေ။

"ခင်းလေး ဒီမှာ လာကြည့်ပါဦး၊ ဘာတွေလိုသေးလဲလို့"

ခေတ်ပြောရင်း ထမင်းစားပွဲပေါ် စားသောက်စရာတွေ တင် သည်။ ဟင်းထည့်ထားတဲ့ ဖော့ဘူးတွေကို ဖွင့်ရင်း –

"ဒါက ကြက်သားချိုချဉ်ကြော်၊ ငါးရံ့အူဟင်းနဲ့ ချဉ်ပေါင်ကြော် ချဉ်ချဉ်စပ်စပ်လေးလည်း ပါတယ်၊ အရည်သောက်က ကြာဆံဟင်းခါး၊ နောက်ပြီး ပုစွန်တုပ်အကြွပ်ကြော်လည်း ပါသေးတယ်"





"အဟင့်"

ခင်း နှာခေါင်းရှုံ့တွလုပ်လိုက်သည်က ကျေနပ်စွာ။ ဟင်း အမယ်တွေ ရွတ်ပြသံ ကြားနေရတဲ့ ခင်းနားထဲကတစ်ဆင့် ခံတွင်းလမ်း ကြောင်းကို ပွင့်စေသည်။

လျှာရည်လေး စိုကာ အနံ့ခံအာရုံကလည်း ဟင်းနံ့ကို ရှူရှိုက် မိလေပြီ။ ထိုအခါ ခင်း တင်းခံပြီး စိတ်ဆိုးမနေသာ။ သုတ်ခနဲထကာ ထမင်းစားပွဲနားရောက်ချေသည်။

"ဆာနေပြီ မဟုတ်လား၊ စားလေ"

"စားမယ်"

ပြောလည်းပြောရင်း ထိုင်ချကာ ဟင်းပွဲတွေကို လိုက်ကြည့် သည်။ ဟင်းပွဲတွေက ဆီရောင်ဝင်းနေတာမို့ သွားရည်ကျလုမတတ်ဖြစ် လျှင် ခင်း အရှက်ပြေ ရယ်ပြ၏။

"ကဲ စားမယ်ဆိုလည်း ပန်းကန်ယူ"

ပြောရင်းဆိုရင်း ခေတ်ကိုယ်တိုင် ကြွေပန်းကန်တစ်ချပ် ပန်း ကန်စင်မှ ဆွဲယူပေးမိသည်။

"Thank You ကိုကြီး"

"အမယ်"

ကြွေပန်းကန်ရသွားတာနဲ့ မျက်နှာလေး ဝင်းလက်ကာ။ ဖော့ ဘူးထဲက ထမင်းကို နှိုက်မလို့ပြင်လျှင် –



www.burmeseclassic.com

www.burmeseclassic.com



"ဟိုထားဦး ခင်းလေးရယ်၊ လက်ဆေးမှပေါ့ကွ၊ ရော့ ရော့"

ပြောရင်းဆိုရင်း ခေတ်ပဲ လက်ဆေးရေ စီစဥ်ပေးလိုက်ရသည်။ ကောင်မလေး လျှာဖျားလေးထုတ်ပြရင်း နွဲ့လျှင် ကောင်မလေးခေါင်းကို သူ့လက်သီးဆုပ်နဲ့ ထုချဖို့ ပြင်မိ၏။

"ကိုကြီးနော်"

ခေါင်းလေးပုရင်း ဆိုးနွဲ့နေတဲ့ ခင်းလေးကို သူ လက်သီးဆုပ်နဲ့ ရွယ်ရုံနှင့် အားမရတော့ပါ။ တကယ်ထုချ၏။

"အဲ"

ခင်းလေး ပြုံးချိုချိုမျက်နှာပေးနှင့် မော့ကြည့်၏။ အကြည့်ချင်းဆုံလျှင် သူ့ရင် တဒိုင်းဒိုင်း ခုန်လှုပ်လျက်။

ဝါဖန့်ဖန့်မျက်သားပေါ်မှာ နက်ပြောင်ရွှန်းတောက်သော မျက်ဆန်လေး ဝိုင်းစက်လျက်။ အကြည့်ချင်းဆုံတွေ့တဲ့နောက်မှာ သူမ မျက်ဝန်းမှာလည်း ဖိတ်ဖိတ်လင်းကာ -

ရင်ခုန်စီးကြောင်းထဲမှာ မျောသွားသည်က စက္ကန့်ပေါင်းများစွာ။

ခင်းလေးလည်း ခေတ်လိုပဲ ရင်ခုန်ကာ။

ထိုအကြည့်လေးကို မြင်ယောင်တိုင်း ခေတ်တစ်ကိုယ်လုံး နွေးလာသည်။ သွေးကြောမျှင်လေးများ ရှန်းကြွ ရှန်းကြွနှင့်။

သူမမျက်လုံးလေးတင်မက တိုတိုစိပ်စိပ်လေးနဲ့ ကော့နေသော





မျက်တောင်နက်ကလေးတွေ။

ကဲ့ကော်လို စနစ်တကျ ဆေးရောင်ခြယ်ထားလေ့မရှိတဲ့ မျက်နှာအစိတ်အပိုင်းအသီးသီးက သဘာဝအရောင်အသွေးအတိုင်း စိုကြွစင်ကြယ်နေသည်။

ပါးမို့လေးနှစ်ဖက်ကို ကြည့်မလား။

ဖြူနုကာ သွေးကြောစိမ်းလေးတွေ ယှက်သိုင်းနေတာက ဖွဖွလေး ဖျစ်ချင်စိတ် ဖြစ်စေတယ်။

ထူပြည့်တဲ့ နှုတ်ခမ်းလေးနှစ်လွှာကရော ဘာထူးလဲ။ သန္တာသွေးရောင်လဲ့ကာ စိုကြွနေတယ် မဟုတ်လား။ နှုတ်ခမ်းလေးကိုကြည့်မိတိုင်း ခေတ် နှုတ်ခမ်းတွေ လှုပ်လှုပ်ရွရွဖြစ်စေတာ မကြာခဏရယ်။

ပန်းကလေးတစ်ပွင့်ကို မွှေးကြည့်ချင်သလို သူမလေး နှုတ်ခမ်းကို ရွရွလေး ရှိုက်မွှေးမိတာ စိတ်ကူးနဲ့ အကြိမ်တစ်ရာမကတော့ပါ။

မော့ကြည့်နေတဲ့ မျက်နှာလေးအောက် လည်တိုင်ကြော့ကြော့လေးကလည်း ဝင့်ကာ။ အသက်ရှူလိုက်တိုင်း ရှန်းကြွသလိုဖြစ်သော လည်တိုင်အောက်က ဖွံ့ထွားသော ရင်အုံလေးကအစ -

အိုး -

ခေတ်မျက်လုံးတွေ ဒီထက် ဈာန်လျှောမသွားအောင် ကမန်းကတန်း ဘရိတ်အုပ်လိုက်ရသည်။

ခင်းလေးက နှသစ်နေတဲ့ အရွယ်ရောက်စ ပန်းကလေးပါကွယ်



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူ့စိတ်ကိုသူ အနိုင်နိုင်ထိန်းနေရတာ သူသာသိသည်။

ဒါကြောင့် သူပဲ ဦးစွာအကြည့်လွှဲ၍ ထမင်းစားခန်းထဲက ရှောင်ထွက်ခဲ့ရတဲ့အဖြစ်။

ပိတောက်ခင်းလေးရယ် ကိုကြီး ရင်ခုန်သံမြန်နေပြီကွ။

✿ ✿ ✿

## အခန်း (၁၁)

"ဟဲလို"

"ခေတ် ကိုယ်ပါကွ"

"ဩော် ကိုကောင်း။ ကိုကောင်းတို့ အခု ဘယ်မှာလဲ၊ ပေလီမှာလား"

"မဟုတ်ဘူး။ ပြန်ရောက်နေပြီ၊ ခေတ်ကား လာပေးမလို့၊ ခေတ် အိမ်မှာပဲမဟုတ်လား။ ကိုယ်လာခဲ့မယ်"

"အေး လာခဲ့၊ အဲ မလာခဲ့နဲ့"

ခေတ် ကမန်းကတန်း ဟန့်မိသည်။

မဟန့်တားလို့ မရဘူးလေ။ နေမင်းအစ်ကို ကောင်းမင်းထွ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတန်မဲ့ စပ်စုတတ်၏။ သတင်းဖွတတ်၏။

ကိုကောင်းတို့ဇနီးမောင်နှံ ဟန်းနီမွန်းထွက်ဖို့ ခေတ် ကားငှား ပေးလိုက်တာ။ ကားလာပေးမှာဆိုတော့ ဝမ်းသာသွားသည်။ ကားလာ ပေးရင်းနဲ့ သူ့တိုက်ခန်းမှာ ခဏဝင်နားဦးမယ်။ ဒါက အရေးမကြီး။ နားလို့ နေလို့ ရပါသည်။ လောလောဆယ် ခင်းရှိနေတယ် မဟုတ်လား။ ခင်းကို မြင်သွားလို့ကတော့ ဘာပြောကောင်းမလဲ။

သူငယ်ချင်းတွေမသိအောင် ဖုံးဖိထားသမျှ ပေါ်ကုန်တော့မယ် လေ။ ဒါကြောင့် အလျင်အမြန် ဟန့်တားခြင်း။

"ဘာဖြစ်လို့လဲ ခေတ်၊ ကိုယ် လာပေးမယ်လေ"

"နေ နေ၊ လာမပေးနဲ့ ကိုကောင်း၊ နေမင်း အလုပ်လာရင် မောင်းခဲ့ခိုင်းလိုက်"

"ဟာ အားနာစရာကြီး၊ ဒါကြောင့် ကိုယ်ကိုယ်တိုင် လာပို့ပေး ချင်တာ၊ ပြီးတော့ ခေတ်အတွက် လက်ဆောင်ပစ္စည်းတွေလည်း ပေး မလို့၊ ခေတ်ကားနဲ့ ကိုယ်တို့ဟန်းနီးမွန် စိုပြည်တာ၊ ကျေးဇူးတင်လွန်း လို့ပါကွာ၊ လာခဲ့မယ်နော်"

"မလာပါနဲ့၊ ကျွန်တော်လည်း အိမ်မှာမဟုတ်ဘူး၊ အပြင်မှာ"

ခေတ် ညာရတော့သည်။

"ကိုကောင်း နေမင်းကိုပဲ ပေးလိုက်၊ ရတယ်၊ ဒါပဲနော်"

ခေတ် ပြောချင်ရာပြောပြီး ကမန်းကတန်း ဖုန်းချလိုက်သည်။





ကျွတ်။ အရေးထဲ မောင်စပ်စုနဲ့မှ ဖယားက လာငြိနေတယ်။

တော်သေးတယ်။ ဖုန်း ကြိုဆက်လို့။ ဖုန်းမဆက်ဘဲ ကားကို ပါကင်မှာထားပြီး တိုက်ခန်းပေါ်တက်လာရင် သေပြီဆရာပဲ။

ခင်းလေးက ဧည့်ခန်းမှာ ကိုးရီးယားဇာတ်လမ်းတွဲကြည့်နေ တာနဲ့။

ညအချိန်မတော် ကောင်မလေးတစ်ယောက် ခေတ်တိုက်ခန်း ထဲမှာ ရှိနေတယ်ဆိုတဲ့သတင်းက အတော်မွှေးသွားမယ့်ဖြစ်ခြင်း။

ဒီသတင်း တစ်ဆင့်စကား တစ်ဆင့်ပျံ့ပြီး မာမီတို့နားထဲ ရောက်သွားလို့ကတော့ တက်ခေတီ ရှေ့ဆက်မတွေးရဲတော့ပါ။

ကိုကောင်းအသံကြားမှ ခေတ် ပိုပြီးရင်ပူရပြီ။ သူငယ်ချင်းတွေ က ကံ့ကော်နဲ့ သူ့အကြောင်းသာ စိတ်ဝင်စားနေကြတာ။ သူလည်း ခပ်ပေါ့ပေါ့နေခဲ့တယ်။ ခင်းကိစ္စ အမြန်ရှင်းမှ ဖြစ်မယ်။

ခင်းလေးကို အဆောင်ပို့။

အဲဒီစိတ်ကူးရတာ သူမလေး ရောက်တဲ့ ညကတည်းက။ ခုချိန် ထိ အကောင်အထည်မဖော်နိုင်သေးတာ ဘာကြောင့်လဲ။

သူ့စိတ်ကို သူ လှည့်စားနေမိလို့ဖြစ်မယ်။ သေချာတယ်။

ကံ့ကော်လို မူပိုသာမာယာနဲ့ အထာပိုတာမရှိတဲ့ ခင်းလေးက ပကတိစင်ကြယ်သည်လေ။

အဲဒါကြောင့်ပဲ ခေတ်စိတ်က ယိုင်နဲ့ပါသွားပြီလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



ခင်းလေးနဲ့ တစ်မိုးအောက်မှာ အတူတူနေရတာလေးကို ကြည်နူးစိတ်နဲ့ ကျေနပ်နေသည်။

သူမလေး လိုအပ်သမျှ ဖြည့်ပေးမိတာကလည်း ရင်ထဲက ဆန္ဒဖြူစင်စွာ။ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ပိုက်ဆံတစ်ထောင်ပင် ပြည့်အောင် ပါမလာတဲ့ သူမလေးမှာ လိုအပ်ချက်တွေ အများသား မဟုတ်လား။

နှစ်ရက်တိတိ ရောက်လာကတည်းကအဝတ်အစားနဲ့ချည်း ဖြစ်နေမှန်း ခေတ် သတိထားမိခါမှ –

ဟုတ်သားကလား။

သူမအတွက် ဝတ်ဖို့ဆင်ဖို့ လိုနေပါလားဆိုတဲ့အသိ ဝင်လာသည်။

အဲဒီညက သူ စက်ရုံကပြန်လာတာ ညကိုးနာရီထိုးနေပြီ။ ဝယ်လာတဲ့ညစာကို သူမလေး အဆင်သင့်ပြင်ကျွေးပေမယ့် ခေတ် စား မဝင်သေး။

"ကဲ လာကွာ"

ဆိုပြီး သူမလေးကို ခေါ်ထုတ်သွားကာ သူမလေး ယောင်ချာ ချာနဲ့ ပါလာသည်။

"ဘာလုပ်ဖို့လဲ ကိုကြီးရယ်"

လို့ မေးတာမဖြေဖြစ်။ တက္ကစီ လှမ်းတားပြီး ဖက်ရှင်ရှော





တန်းလာခဲ့သည်။ ဖက်ရှင်ရှောရောက်မှ သူမလေး သဘောပေါက်ကာ–

"ခင်းက ကိုကြီးကိုပြောဖို့ အားနာနေတာနဲ့"

"အားမနာနဲ့၊ သွား လိုသလောက်ဝယ်"

သူ ဒါပဲပြောပြီး ပိုက်ဆံအိတ်ပိုက်လျက် ခင်းလေးဝယ်သမျှ မညည်းမညူ ပိုက်ဆံထုတ်ရှင်း၏။ အစ်ကိုကြီးက ညီမငယ်လေးအလို အတိုင်း ဖြစ်စေသလိုပေါ့။

ဟုတ်တယ်လေ။

သူ့မှာသာ ညီမ,ရှိရင် ခင်းလေးဟာ ခေတ်တို့ညီအစ်ကိုတွေရဲ့ ညီမအငယ်ဆုံး အထွေးဆုံးအရွယ် ဖြစ်နေမည်။ ခေတ်မှာ ညီမ မရှိပါ။ ညီအစ်ကိုချည်း သုံးယောက်။ သုံးယောက်ထဲမှာ ခေတ်က အလတ်။

ကိုကိုနဲ့ညီညီက အိမ်ထောင်အသီးသီးကျပြီးဖြစ်သည်။ သူသာ တွေးရင်း ကိုယ့်အကြောင်းကိုယ် ရောက်လာပြီ။

"ကိုကြီး ဒီဝတ်စုံလေး လှလားဟင်"

ခင်းလေး လာမေးမှ ခေတ် အသိဝင်လာသည်။ အနီ, အဝါ, အဖြူ သုံးရောင်၏အကျီက တုင်ဖုံးပေမယ့် အောက်က ဘောင်းဘီ အနက်က တိုတိုလေး။

ဒီဝတ်စုံသာ ခင်းလေးဝတ်ထားရင် သူ့စိတ်သူ နိုင်မယ်မထင်။ ပေါင်တံလေး ဖော်ကာ ခြေသလုံးသားလေးတွေကအစ ခြေဖျားအထိ အတိုင်းသားဖြစ်နေမယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီလည်ပင်းကလည်း ဟိုက်လွန်းနေသည်။ သူမလေး ရင်အုံကလည်း ဖွံ့ဖွံ့ထွားထွား။ အင်္ကျီက လည်ပင်းဟိုက်ဝတ်ထားရင် –

ဟင့်အင်း။ ဒီလိုဝတ်လို့ မဖြစ်ဘူး။

တိုက်ခန်းထဲမှာ နှစ်ယောက်သားနေရုံမက အရွယ်ရောက်နေတဲ့ ယောကျ်ားလေးနဲ့ မိန်းကလေး။ ပြီးတော့ ဝတ်ဆင်မှုတွေကအစ ဣန္ဒြေမရဖြစ်နေရင် ခေတ်သစ်ဆိုတဲ့ကောင် ဘာသားနဲ့ ထုထားတာမို့လဲ။ နဂိုကတည်းက ရင်က ခုန်နေပြီးသား။ စိတ်ကူးနဲ့လည်း သူမလေး နှုတ်ခမ်းအစုံကို နမ်းမိတာအကြိမ်ကြိမ်။

ခုလို ရင်အုံရှန်းရှန်းကြွ ပေါ်လွင်ရုံမက ပေါင်တံဖွေးဖွေးလေးပါ မြင်နေရရင် စည်းတွေ ဘောင်တွေကို ခေတ် စောင့်စည်းနိုင်မှာမဟုတ်ဘူး။

ဒါကြောင့် –

"လှတယ်"

"ဒါဆို ဒီဝတ်စုံမျိုးတွေ ရွေးယူမယ်နော် ကိုကြီး"

"အဲ မယူနဲ့"

"ကိုကြီးပဲ လှတယ်ဆို"

"လှတာက လှတာ၊ ဒီထက် လုံခြုံမယ့်အဝတ်တွေ ရွေးယူစမ်းပါ၊ ညည်း အခုဝတ်ထားသလို စကတ်ရှည်ရှည်လေးနဲ့ လည်ပင်းတိမ်တဲ့ အင်္ကျီပုံစံလေးတွေ၊ ဟုတ်ပြီလား"





"ဟွန်း၊ ခုတစ်မျိုး တော်ကြာတစ်မျိုးနဲ့ ကိုကြီးဟာလေ"

ဒင်းလေးက ဘာမှမသိဘူးနော်။ လှချင်တာပဲ သိတယ်။

ဒီကောင်ကြီး ရူးန်လျှောသွားမယ်ဆိုတာ မသိ။ ခက်တယ်။

ပွစိ ပွစိ ရွတ်ပြီး အဝတ်တွေလိုက်ရွေးနေတဲ့ ဒင်းလေးကို ကြည့်ရင်း တက်ခေတ် သက်မကြီးချနေမိတာ အကြိမ်ကြိမ်။

✿

လုံလုံခြုံခြုံဝတ်စုံလေးတွေ ဝတ်ထားတာတောင် ခင်းလေးကို မြင်လိုက်ရရင် သူ့စိတ်ထဲ နွေးတေးတေးနဲ့။

အနေနီးနေလို့လား၊ ဒါမှမဟုတ် မြင်ဖန်များလို့လား၊ ဒါမှမဟုတ် ဖြူစင်လွန်းတဲ့ သူမလေးရဲ့လှုပ်ရှားပြုမူပုံနဲ့ ပြောဆိုပုံလေးတွေကြောင့်လား။

ဘာကြောင့်မှန်း ခေတ် လိုက်မမီတော့ပါ။

သေချာတာက သူမလေးနဲ့ ဝေးဝေးမနေချင်တဲ့စိတ် ဖြစ်တည်နေတယ်လေ။ ထိုအခါ အရင်လို ရုံးခန်းထဲမှာ ဖင်မမြဲတော့ပါ။

နေ့လယ်စာစားချိန် ခါတိုင်းလို ရုံးခန်းထဲမှာ သူ မှာမစားဖြစ်တော့။ ကိစ္စရှိတယ်လို့ အကြောင်းပြထွက်ရင်း သူမလေးနဲ့ နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အတူ အေးချမ်းတိတ်ဆိတ်တဲ့ ထမင်းဆိုင်မှာ လက်ဆုံစားနေကျ။

သူငယ်ချင်းတွေ မရိပ်မိအောင် ခိုးလုပ်နေရလို့လား မသိ။ သူ့စိတ်ထဲမှာ ပျော်နေသည်။

ရန်ကုန်ကို သူမလေး တစ်ခါမှ မရောက်ဖူးဘူး။ ဒါနဲ့ ပန်းခြံ၊ တိရစ္ဆာန်ရုံ၊ အင်းလျားကန်၊ ကစားကွင်း စသည်ဖြင့် သူမလေးကို ခေါ်သွားပြတာပေါ့။

မျှော်စင်ကျွန်းမှာ ရှိုးပွဲကြည့်ချင်တယ်ဆိုလို့ တစ်ညနေ ရောက်သွားပါတယ်။ ရှိုးပွဲမစသေးတာမို့ ကန်တော်ကြီးထဲ ပတ်လျှောက်လျက်။ စမ်းချောင်းတစ်နေရာမှာ သစ်လုံးတံတားနိမ့်နိမ့်ကို ဖြတ်ကူးမယ်။ ကူးရမယ်လေ။ ခေတ်တို့ရှေ့က စုံတွဲက ကိုးရိုးယားဆန်စွာ။

ကောင်မလေးကို ကောင်လေးက ကျောပိုးပြီး တံတားကို ဖြတ်သွားတဲ့ မြင်ကွင်းလည်းမြင်ရော သူမလေးက –

"ဟောတော်" တဲ့။

"ဘာလဲ ခင်းရဲ့"

လို့ သူမေးတော့ ထိုစုံတွဲကို မေးငေါ့ပြ၏။ နှာခေါင်းလေးရှုံ့ထားရင်းနဲ့ ပြုံးချင်ချင်လေးဖြစ်နေတဲ့ သူမ။

သူလည်း မျက်နှာလေး တစ်မျိုးဖြစ်သွားသည်။

"ရှက်လည်း မရှက်ဘဲနဲ့"

တဲ့။ မပွင့်တပွင့်ပြောတဲ့ ခင်းလေးကို သူ ပြုံးကြည့်မိ၏။





ကောင်လေးက ကျောပိုးထားတဲ့ သူ့ကောင်မလေးကို မော့ကြည့် မော့ကြည့်။ ကောင်မလေးက သူ့ကောင်လေးကို ကျောပေါ်မှ ငုံ့ကြည့်ကာ။ အကြည့်ချင်း ချစ်ရည်လူးနေကြတဲ့ မြင်ကွင်း။

ခင်းလေးမျက်ဝန်းမှာ ရှက်နေသလောက် ဒင်းတို့အတွဲက ပတ်ဝန်းကျင်ကိုလည်း မေ့ကာ။ မျက်ဝန်းချင်း အချစ်ပလူးကာ။ သို့သော် ကောင်လေးခြေထောက်က တံတားတစ်ဖက်အရောက်မှာ ခြေခေါက်သွားလေသည်။

ထိုအခါ နှစ်ယောက်ပြုံးကြီး ဝုန်းခနဲကျ၏။

"ဟယ်"

ခင်းလေးဆီက အာမေဋိတ်သံ။

"ကောင်းတယ်၊ ကျပစေ"

ခင်းလေး နောက်ဆက်တွဲပြောတာ မညှာမတာ။

ကောင်လေးနဲ့ကောင်မလေး ရှက်ရမ်းရမ်းပြီး ခင်းလေးကို မကျေမနပ်ကြည့်ပြီး ရှန်းထကာ ဖုတ်ဖတ်ခါလေသည်။

ခင်းလေးက မျက်နှာလေး မော့လျက်။

"ဟော့ ကိုကြီး"

ဆိုပြီး သူ့လက်ကိုဆွဲရင်း ထိုအတွဲရှေ့က ရင်ကော့ထွက်ခဲ့သည်က ခေတ်နှလုံးသားကို အရည်ပျော်သွားစေသည်။

ဒါတင်မက အချစ်ဆိုတဲ့ ခံစားမှုလေးလည်း သူ့နှလုံးသားက



www.burmeseclassic.com

www.burmeseclassic.com



ယိုစိမ့်ကျကာ။

"ကိုကြီး ခဏ ထိုင်ရအောင်နော်"

ခင်းလေး စကားစလာလျှင် သူ ခေါင်းလေးညိတ်၏။

ခင်းနဲ့သူ ပန်းချီတန်းနောက်က ထိုင်ခုံလွတ်မှာ ရွေးထိုင်ကာ။ နှစ်ယောက်တည်းဆိုတဲ့အသိက နှလုံးသားလှုပ်ခတ်သံကို စမ်းရေစီးသံလို ငြိမ့်ငြိမ့်ညောင်းညောင်း စီးဖြာစေသည်။

ခင်းလေး -

ခုနက စုံတွဲလေးလို အကြည့်ချင်း ချစ်ရည်လူးကြစို့လားကွယ်။

✿ ✿ ✿



## အခန်း (၁၂)

"ညီရေ"

"ဗျာ ကိုကောင်း"

ပရိဘောဂဒီဇိုင်းသစ်ရေးဆွဲထားတဲ့ ပုံစံသစ်တွေကို ပရင့်ထုတ်နေရာမှ နေမင်း လှမ်းထူးသည်။ ကိုကောင်းကိုတော့ လှည့်မကြည့်အား။

အပြင်က ပြန်လာတဲ့ ကိုကောင်းက နေမင်းအခန်းထဲ တန်းဝင်လာပြီး -

"ပြောစရာရှိလို့ကွ"

"ပြောလေ ကိုကောင်း"

"ညီသူငယ်ချင်း ခေတ်ပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ခေတ်၊ ခေတ် ဘာဖြစ်လို့လဲ"

"ခေတ် ပြောင်းလဲနေတာ အကြောင်းမဲ့ မဟုတ်ဘူးကွ"

"ဘယ်လို"

နေမင်း ပရင့်ထုတ်ဖို့ စိတ်မဝင်စားနိုင်တော့ပါ။ ခေတ်အကြောင်း ပါလာပြီမို့ ကိုကောင်းဘက် တစ်ကိုယ်လုံး လှည့်မေးသည်။

ကိုကောင်းမျက်ဝန်းထဲမှာ ခေတ်နဲ့ပတ်သက်တဲ့သတင်းတွေ ပြည့်လျှံနေမှန်း သိသာနေတယ် မဟုတ်လား။

ကိုကောင်း ခေါင်းလေး ဆတ်ဆတ်ညိတ်၍ –

"ဟုတ်တယ်ကွ၊ ကိုယ် သတိထားမိတာ ကားလာမပို့နဲ့လို့ ပြောကတည်းက၊ အခုတော့ သေချာနေပြီ ညီ"

"ဘာတွေ သေချာနေတာလဲ"

"ခေတ် ပြောင်းလဲနေတာ ကောင်မလေးတစ်ယောက်ကြောင့်"

"ဟင်"

နေမင်း မျက်လုံးပြူးလေးနဲ့ စိုက်ကြည့်မိသည်။ ကိုကောင်း လျှင်မြန်ဖျတ်လတ်တာ ဒီလိုကိစ္စ။

"ကောင်းအသံ ကြားပါတယ်လို့ ရီလေး ထွက်လာတာ၊ ကောင်းက ညီ့အခန်းထဲရောက်နေတာကိုး"

ညီအစ်ကိုနှစ်ယောက် စကားပြောလို့ မပြီးသေး။ မရီလေးက အခန်းထဲ ရောက်လာချေပြီ။ ဖန်းချောရောက်လာတာနဲ့ ကိုကောင်းက





ဖန်းဘက်လှည့်ကာ အပြုံးချိုချိုလေးနဲ့ ချစ်ရိပ်ပြနှုတ်ဆက်၏။

"ဟုတ်တယ် ရီလေး၊ ညီ့ကို သတင်းဦး ပြောစရာရှိတာနဲ့"

"ဟွန်း ကောင်းကတော့ ...လေ သူများအကြောင်း ပြောရမယ်ဆို ရီလေးကိုတောင် ဦးစားမပေးတော့ပါလား"

ဖန်းချော မျက်စောင်းဝင့်ပြီးပြောတော့ ကိုကောင်း တဟားဟားရယ်ရင်း မရီလေးပခုံးကို လှမ်းဖက်လိုက်သည်။

နေမင်း အလိုလိုနေရင်း စိတ်ရှုပ်သွား၏။

ဒီလင်မယားက တစ်မျိုး။ ဟန်းနီးမွန်းထွက်ပြီး ပြန်လာတာတောင် အချစ်နာလန်ထလို့ မပြီးနိုင်သေး။

"ကိုကောင်းရာ ပြောစရာရှိတာ ပြောစမ်းပါ"

နေမင်း သိပ်စိတ်မရှည်ချင်တော့ပါ။ အမြင်ကတ်ကတ်နဲ့ ပြောမှ နှစ်ယောက်သား ရယ်ကျဲကျဲနှင့်။

"ရီလေး အခန်းကပဲစောင့်နေ၊ ကောင်း လာခဲ့မယ်လေ"

ချစ်ဖနီးကို မျက်လုံးနဲ့ အနမ်းလေးခြွေသလို ကြင်နာယုယစွာ ပြော၏။ ချစ်ဖနီး ခေါင်းလေးညိတ်ကာ ထွက်သွားမှ ကိုကောင်းက နေမင်းဘက် လှည့်လာသည်။

ထိုင်ခုံတွေ ဘာတွေ ဆွဲမထိုင်။ မတ်တတ်ရပ်လျက် ဆိုချေ၏။

"ဟုတ်တယ် ညီ၊ ညီ့သူငယ်ချင်း ပြောင်းလဲနေတာ ကောင်မလေးတစ်ယောက်ကြောင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က ကောင်မလေးလဲ"

"အဲဒါတော့ ကိုယ်မသိဘူး၊ မြင်တော့မြင်ခဲ့တယ်"

"ဟေ"

ပရင်တာနားရှိနေတဲ့ နေမင်းခြေလှမ်းတွေ စိတ်ဝင်တစားနဲ့ ကိုကောင်းရှေ့ ရွှေ့လာသည်။

ကိုကောင်းက ကွန်ပျူတာတင်ထားတဲ့စားပွဲနား ရပ်နေရာမှ နှုတ်ခမ်းလေးစုကာ အလေးအနက် ခေါင်းဆတ်ပြီး –

"ကောင်မလေးက ဖူးဖူးထွတ်ထွတ်လေး၊ ခေတ်ထက် ငယ်တယ်၊ ခေတ်က ကောင်မလေးအတွက် ပျာနေတာပဲ ညီ"

"ဟုတ်ရဲ့လား ကိုကောင်းရာ၊ ညီတို့တောင် ဘာမှမသိဘူး"

"အဲဒါပေါ့ မင်းတို့ ညံ့တယ်ဆိုတာ"

"ပြောရင်လည်း ခံရမယ်၊ ညီတို့က ကိုကောင်းလို စပ်စုတဲ့ အကျင့်မရှိတော့"

"အောင်မယ်၊ ဟေ့ ညီ ကိုယ့်အစ်ကိုကို စပ်စုတယ်လို့ ပြောရသလား၊ ဟမ်"

စပ်စုတယ်ပြောရင် ကိုကောင်းက မကြိုက်တတ်ပေ။

"ဘွာ ဘွာ၊ ညီက ကိုကောင်း အမြင်သွက်တာကို ချီးကျူးတာပါ"

"အေး အဲလိုပြောကွ"





'ကိုကောင်းက အဲသလိုရယ်ပါ။ အမြင်သွက်တယ်၊ အတွေးသစ်တယ်ပြောရင် သိပ်သဘောကျတာ။ ကိုကောင်း သဘောကျအောင် ပြောရတာက ခေတ်အကြောင်း စေ့စေ့စုံစုံသိချင်လို့ပါ။

"ဘယ်မှာတွေ့တာလဲ ကိုကောင်း"

"တော်ဝင်စင်တာမှာ၊ အိမ်သုံးပစ္စည်းတွေ လိုက်ဝယ်ပေးနေတာ"

"ဟုတ်ရဲ့လား ကိုကောင်းရာ"

"ဟာ ကိုယ့်မျက်စိနဲ့ တပ်အပ်မြင်တာ၊ မဟုတ်မှလွဲရော ဒီကောင် ကျိတ်ပုန်းခုတ်နေလားမသိဘူး"

"မဖြစ်နိုင်တာပဲ ကိုကောင်းရာ"

"ဟေ့ကောင် ဖြစ်နိုင်,မဖြစ်နိုင် သေချာအောင် ကိုယ် ကျိတ်ချောင်းခဲ့တယ်ကွ၊ ပစ္စည်းပစ္စယတွေနဲ့ သူ့တိုက်ခန်းထဲအရောက် ဝင်သွားကြတာကွ၊ တော်ရုံနဲ့ ပြန်မထွက်လာဘူး။ ဒါနဲ့ ကိုယ် ဖုန်းဆက်ကြည့်တယ်၊ မင်းသူငယ်ချင်း ဘာပြောတယ်ထင်လဲ"

"ဘာ ဘာပြောလဲ ကိုကောင်း"

"သူ အခု စက်ရုံမှာတဲ့ကွာ"

"ဟင်"

"ဟုတ်တယ်၊ ကိုယ် သူ့တိုက်အောက်မှာ ရှိနေရဲ့နဲ့ အပီညာတာလေ၊ ကိုယ့်စိတ်က တိုက်ပေါ်တက်သွားပြီး မျက်မြင်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မလို့၊ မကောင်းတတ်ဘူးဆိုပြီး နောက်ကြောင်းပြန်လှည့်ခဲ့တာကွ''

နေမင်း မယုံချင်ချင် ဖြစ်လာသည်။

ဒါပေမဲ့ ကိုကောင်းက မဟုတ်ဘဲ ပြောမယ့်သူမဟုတ်။ နားထောင်နေရင်း နေမင်း ခေါင်းရှုပ်ကာ ကိုကောင်းကိုပဲ ကြည့်နေမိ၏။ ကိုကောင်းကတော့ ထင်မြင်ချက်တွေ ဆက်တိုက်ပြောချသည်။

''အဲဒီတော့မှ ကိုယ် ဆက်စပ်တွေးမိတယ်၊ ကားပို့ပေးမယ် ပြောတာကို လာပို့လို့ပြောပြီး ချက်ချင်းလာမပို့နဲ့ဆိုတာ ဖြစ်သွားတာ၊ အဲဒီကောင်မလေးရောက်နေတာ ကိုယ်တို့ ဟန်းနီးမွန်းထွက်သွားကတည်းက ဖြစ်မယ်''

''ကိုကောင်းပြောပုံအတိုင်းဆို အဲဒီကောင်မလေးနဲ့ခေတ်က တိုက်ခန်းမှာ နေ့ညနေတယ်ဆိုတဲ့သဘောလား''

''သဘောမဟုတ်ဘူး။ အသေအချာပြောလို့ရတယ်၊ မဟုတ်မှ လွဲရော ညီ့သူငယ်ချင်း မနေနိုင်မထိုင်နိုင်ဖြစ်ပြီး ကောင်မလေးနဲ့ ကွိကွ ဇာတ်လမ်းဖန်တီးနေတာ ဖြစ်မယ်''

နေမင်း လေပူတစ်ချက် မှုတ်ထုတ်မိ၏။

''ပြီးတော့ ကံ့ကော်ကိုလည်း ရှောင်နေတယ်ဆို''

ဒါတော့ နေမင်း အလေးအနက် ခေါင်းညိတ်မိသည်။ ကံ့ကော်ကို ရှောင်နေတာ သူငယ်ချင်းအားလုံး သိနေတယ်မဟုတ်လား။

''ညီ့သူငယ်ချင်းကို ညီတို့ ကြည့်ကျက်ထိန်းဦး၊ မဟုတ်မဟုတ်





တာလေးနဲ့ဆို ခေတ်ဘဝ လုံးပါးပါးသွားမယ်ကွ၊ ဒါပဲ၊ ရှိလေး စိတ်ကောက်နေဦးမယ်''

ကိုကောင်း စေတနာအပြည့်နဲ့ဆိုရင်း လှည့်ထွက်သွားသည်။ နေမင်း ခေါင်းဆတ်ကာ။ ကျောခိုင်းသွားတဲ့ ကိုကောင်း အမြင်တစ်ဆုံး ကြည့်နေမိသည်။

အတန်ကြာမှ ပရင်တာဘက် ပြန်လှည့်ရင်း ငြိမ်နေမိသည်။

ဒီကိစ္စ ပေါ့ပေါ့တန်တန်သဘောထားလို့မရမှန်း နေမင်း အလိုလိုသဘောပေါက်၏။

ဒီကိစ္စ တကယ်သာဆိုရင်။

နေမင်း ဆက်မတွေးချင်တော့ပါ။ ဟုတ်တယ်လေ။ ယောက်ျားပျို့တွေဟာလည်း တစ်ခါတစ်ခါ ယောက်မမြင်းစီးထွက်တတ်တာမျိုး မဟုတ်လား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ကံ့ကော်ရေ"

"ပြော ဆင်း"

ဆင်းခက်ခက်ဆီက ဖုန်းမို့ ကံ့ကော် အားတက်သရော ဖြစ်နေသည်။ ဆိုဖာပေါ် စမတ်ကျကျလေး ထိုင်ပြောကာ –

"ခေတ်ရဲ့ ပရိဘောဂအရောင်းမြှင့်တင်ရေးပွဲတောင် ဒီနေ့ စမှာဟ"

"သိပါတယ်"

"သိရင် လာခဲ့လေ"

"လာမှာပါ၊ အချိန်စောနေသေးလို့"





"အမယ် မစောတော့ပါဘူးနော်"

"စောပါသေးတယ်၊ ခုမှ ရှစ်နာရီထိုးသေးတာ"

"ဘယ်နနာရီထိုးထိုးဟာ၊ လာခဲ့တော့၊ အလှဆုံးပြင်ခဲ့ဖို့လည်း မမေ့နဲ့"

"သိပါတယ်"

"ဒါပဲနော်"

"အင်း"

ဆင်း ဖုန်းချသွားလျှင် ကံ့ကော် ကြည်နူးစွာ ပြုံးလိုက်သည်။ ဒီပွဲက ကံ့ကော့်ပွဲဆိုလည်း မမှားဘူးလေ။ ကံ့ကော်အတွေးလေးနဲ့ ကြည်နူးစွာ ဖုန်းပိတ်လိုက်တာ အကြောင်းမဲ့မဟုတ်ပါ။

ညကပဲ အန်တီဒေစီ ဖုန်းဆက်လာသည်။

အန်တီဒေစီဆိုတာက ခေတ်မာမီလေ။ မာမီနဲ့ ဖုန်းစကားအကြာကြီးပြောကြတာ။ ကြိုးဖုန်းက ကံ့ကော်အိပ်ခန်းထဲလည်း တစ်ဆက်တည်းရယ်။ မာမီနဲ့အန်တီတို့ ဖုန်းအပြန်အလှန်ပြောနေတာကို ကံ့ကော် အစအဆုံး သိနေတဲ့အဖြစ်။

"နှယ်နှယ်ရယ် ဒေစီ့ကိုတော့ နားပူနားဆာလုပ်တယ်လို့ မပြောပါနဲ့ကွယ်၊ သားနဲ့သမီးလေးကိစ္စကို အမြန်ဆုံး ဖြစ်စေချင်တယ်လေ၊ ဒေစီ့သမီးကို ဒေစီ ဖျောင်းဖျပါဦး၊ နားချပါဦးလို့"

"အဲဒီအတွက် ဒေစီ စိတ်ပူမနေပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မပူလို့ရမလား နွယ်နွယ်ရယ်၊ ပူရတာပေါ့၊ သားက တစ်ယောက်တည်းနေခဲ့တာ မဟုတ်လား၊ မိတရင်ခွင်ရိပ်နဲ့ ဝေးနေတယ်ဆိုပြီး ထင်သလိုနေမှာကို စိတ်ပူတယ်၊ ယောကျ်ားလေး မဟုတ်လား၊ အပျော်အပါး လိုက်စားနေရင် မခက်ကုန်ဘူးလား"

"ဟင့် ဟင့် ဟင့်၊ ဒေစီကလည်း မပူသင့်တာကို ပူနေပြန်ပြီ၊ မဒေစီသားက ခြေရှုပ်ရှုပ်နေတတ်တဲ့ လူငယ်မျိုးမဟုတ်ဘူး၊ ပြီးတော့ အပျော်အပါး လိုက်စားတာလည်း မရှိဘူး၊ တကယ် စင်စင်ကြယ်ကြယ် ရိုးရိုးသားသားလေးပါ၊ နွယ်တို့လည်း စောင့်ကြည့်နေပါတယ်၊ ပြီးတော့ သမီးက အရင်လို မဟုတ်ပါဘူး၊ ဒေစီ့သားအပေါ် စိတ်ဝင်တစား ရှိလာပါပြီ"

"တကယ်"

"တကယ်ပေါ့ ဒေစီ"

"ဝမ်းသာလိုက်တာ နွယ်ရယ်၊ တကယ်ဝမ်းသာတယ်၊ သမီးလေးကိုလည်း ကျေးဇူးတင်လိုက်တာကွယ်"

အန်တီဒေစီရဲ့ ဝမ်းသာအားရဖြစ်သံက ကုံကော်စိတ်နှလုံးသားကို ကြည်နူးချမ်းမြေ့မှုတွေ ကူးစက်သွားစေသည်။

"ဒေစီရယ် အချိန်တန်ရင် ဒီလိုဖြစ်လာမယ်လို့ နွယ် အစကတည်းက ကြိုပြောပါပကောလား"

"ဩော် ကြိုပြောထားတာတော့ ထားတာပေါ့၊ ဒါပေမဲ့ ဒေစီက





စိုးရိမ်နေတာ၊ နွယ်နွယ်ပြောတဲ့အတိုင်း ဖြစ်မလာရင် ခက်မယ်လေ၊ ခုလိုဖြစ်လာတော့ ဝမ်းသာစရာပေါ့၊ ပိုပြီးဝမ်းသာစရာဖြစ်အောင် နွယ်နွယ့်သမီးလေးကို သေချာပြောဦးလေ၊ သမီးလေး ခေါင်းညိတ်တာနဲ့ မင်္ဂလာပွဲ စီစဉ်ရအောင်လား"

"မဒေစီက သိပ်ပြီး စိတ်အားထက်သန်နေပါပကော"

"ထက်သန်ရတယ် နွယ်နွယ်ရဲ့၊ သားပျိုတစ်ယောက်တည်းကို နှစ်ရှည်လများ လွတ်လွတ်လပ်လပ်နေခွင့်ပေးထားတာနဲ့စာရင် မယားနဲ့သားနဲ့ အခြေတကျဖြစ်အောင် ချည်နှောင်ထားတာက ပိုကောင်းမယ်လေ နွယ်နွယ်ရဲ့"

"အင်းပါ၊ မဒေစီက သားရှင်ဆိုတော့ ဒီလိုပဲပြောမှာပေါ့၊ နွယ်နွယ်က သမီးရှင်ဆိုတော့ သမီးကို နားမြောနေသေးတယ်၊ သမီးဒက်ဒီကလည်း နွယ်နွယ့်ကို ပြောထားတယ်လေ၊ သမီးဆန္ဒမပါဘဲ အတင်းအကျပ် တိုက်တွန်းတာတို့ ဘာတို့ မလုပ်ပါနဲ့တဲ့၊ နွယ့်လင်တော်မောင်က သမီးကို နွယ့်ထက် ပိုတုန် ပိုနှမြောနေတာလေ"

"အိုအေ ဖအေတွေက ဒီလိုပဲ၊ သမီးနဲ့ပတ်သက်ရင် သည်းကိုသည်းပါတယ်လေ၊ သမီးမိန်းကလေးဆိုတာ အရွယ်လွန်သွားရင် မကောင်းဘူးမဟုတ်လား"

"ဒါလည်း ဟုတ်သားပဲ ဒေစီရယ်၊ မိန်းကလေးဆိုတာ ငယ်တုန်း ရွယ်တုန်းသာ သားသမီးရလွယ်, မွေးရ ဖွားရ လွယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မာမီ့စကားနောက်မှာ ကံ့ကော်မျက်နှာလှလှမှာ ရှက်သွေးဆို့လို့သွားသည်။

ဘာမှန်းလည်း မသိဘူး။ မာမီတို့ပြောစကားနဲ့တင် ကံ့ကော်ကလေးတစ်ဒါဇင်လောက် ရနေပြီ။

"ဟုတ်တယ် ဟုတ်တယ်၊ ဒေစီက ချွေးမလည်း အခုလိုချင်၊ မြေးလည်း အခုရချင်နဲ့ပါအေ၊ ဟင့် ဟင့် ဟင့်"

"ရစေရမှာပေါ့ ဒေစီရယ်၊ ရစေရမယ်၊ သမီးလေး စိတ်ဝင်တစားရှိလာပြီဆိုတော့ မကြာတော့ပါဘူး"

"ဒေစီလည်း ဒါပဲ ကြားချင်တာပါ နွယ်နွယ်ရယ်၊ ဒါနဲ့ နွယ်နွယ်"

"ပြောလေ မဒေစီ"

"သားက ပရိဘောဂအရောင်းမြှင့်တင်ရေးပွဲလုပ်ဖို့ ရှိတယ်၊ အဲဒီပွဲမှာ သမီးလေးကို သားအနားမှာ ရှိစေချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီပွဲမှာ သားနဲ့သမီးကို ယှဉ်တွဲရှိနေတော့ အသိုင်းအဝိုင်းကြားပွဲထုတ်ထားသလို ဖြစ်မယ်လေ၊ မဟုတ်ဘူးလား"

"ကောင်းသားပဲ ဒေစီရယ်"

ကံ့ကော် ထင်မှတ်ထားတာထက် အန်တီဒေစီရဲ့အကွက်ကျကျ ဖန်တီးမှုလေးကို ကံ့ကော် သဘောကျလေသည်။

ဟုတ်တယ်လေ။





ဒီပွဲက ကံ့ကော်တို့အသိုင်းအဝိုင်းအားလုံး တက်ရောက်ကြမှာ။ ပြီးတော့ လုပ်ငန်းရှင်တွေနဲ့ မီဒီယာတွေကိုလည်း ဖိတ်ထားတယ် မဟုတ်လား။

ခေတ်နဲ့ကံ့ကော်ကို တွဲလျက်မြင်လိုက်တာနဲ့ –

ဒီနှစ်ယောက်က ဘာစဆိုတာ ကြော်ငြာမောင်းတီးနေစရာမလို၊ မျက်လုံးတိုင်းက အသိအမှတ်ပြုသွားရမှာလေ။

ဒါကြောင့် ကံ့ကော် အချိန်ဆွဲမနေတော့ပါ။

ခေတ်မျက်လုံးနဲ့ စိတ်နှလုံးကို သိမ်းကျုံးဆွဲငင်ထားနိုင်တဲ့အလှမဖုရားလေးဖြစ်စေဖို့ ပြင်ဆင်ရမယ်လေ။

ပြင်ဆင်ဖို့အတွက် နာမည်ကြီးဗျူတီပါလာ သွားလိုက်ရုံသာ။ ဟုတ်တယ်။ နော့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ပုံစံကျရိုက်သင်ထားတာမို့ အပေါ်နုတ်ခမ်း၊ မေးဖျားနဲ့ နားသယ်စပ်တစ်ဝိုက်တို့မှာ မြသားရောင်စိမ်းလဲ့ကာ ယောကျ်ားပီသတဲ့အသွင်ပြင်အပြည့်နဲ့မို့ ခေတ်က ကြည့်လို့ကောင်းနေသည်။

ရှန်းတောက်တဲ့ မျက်ဝန်းအစုံနဲ့ ထူခဲခဲ မျက်ခုံးသွယ်ကအစ ပေါ်ပေါ်လွင်လွင် ဆွဲဆောင်သလိုရှိ၏။

လူ့ငယ်လုပ်ငန်းရှင်ပီပီ ခန့်ညားနေဖို့ လိုအပ်တယ် မဟုတ်လား။

ဒါကြောင့် ညို့ဖမှာင်သောဆံပင်ကို နောက်လှန်ဖြီးသင်ကာ လေးထောင့်ဆန်တဲ့ မျက်နှာအောက် လည်တံရှည်သလို ရင်အုပ်ကျယ်လည်း ကျယ်သည်။





အရပ်ပါမြင့်တော့ အဝေးကတည်းက ထင်ရှားတယ်လေ။

ဒါ့ပြင် အနောက်တိုင်းဝတ်စုံနု့သာရောင်နဲ့မို့ လွင့်လွင့်မြူးမြူးလေး စတိုင်လ်ကျလို့နေပေသည်။ ခေတ်ကို လှမ်းမြင်ရကတည်းက ကံ့ကော် ရင်လေးဖိုကာ။

ကံ့ကော်ကလည်း နု့သာရောင်မြန်မာဝတ်စုံလေးနဲ့ ဘယ်ဘက်ရင်အုံမှာလည်း ခေတ်ပေးထားတဲ့ တီပုံရင်ထိုးလေး အလှထိုးကာ –

အောက်ပိုင်း ပန်းဗေဒါရောင်ရင့်ရင့်နဲ့ အပေါ်ပိုင်း ပန်းဖျော့ရောင်ဆင်တူဝတ်ထားကြတဲ့ ကုမ္ပဏီဝန်ထမ်းတွေကြားမှာ ခေတ်နဲ့ ကံ့ကော်ရဲ့ နု့သာရောင်ဖက်ရှင်က ပေါ်လွင်လျက်။

အထူးသဖြင့် အခမ်းအနားတက်ရောက်လာတဲ့ မော်ဒယ်များ၊ ကြော်ငြာမယ်လေးများရဲ့ မလုံမလဲဖက်ရှင်နဲ့ အပြင်အဆင်ကြားမှာ ကံ့ကော်အလှက ထင်ကြွလို့နေပြီ။

လုံခြုံသော၊ လှပသော၊ မြန်မာဆန်သော ကျက်သရေဆောင်ကံ့ကော်ဟာ တကယ်ပင် ပင်ယံထက် ခေါင်းမော့ကြွနေတဲ့ ကံ့ကော်ခေါင်ပန်းပွင့်လေးနဲ့မခြား။

"ဟယ် ကံ့ကော် သိပ်လှတာပဲ"

ကံ့ကော်နဲ့အမြင်မတူသလို ကံ့ကော်နဲ့ လိုက်လိုက်လှဲလှဲ စကားဆိုလေ့မရှိတဲ့ မေစိုးပင် မနေသာ။

အနားရောက်လာပြီး မျက်စိကျကာ ပြောဆိုလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေစိုးသူငယ်ချင်းပဲ လုရမှာပေါ့၊ ဟင့်ဟင့်"

ဆင်းက ခပ်ပင့်ပင့်လေး ဝင်ပြောသည်။ ကံ့ကော်က အလှမာန်လေးဝင့်ကာ ပြုံးလေသည်။ အရောင်းမြှင့်တင်ရေးဖွင့်ပွဲအတွက် ကိုယ်တိုင် ဖဲကြိုးဖြတ်ဖွင့်လှစ်ဖို့ ပြင်ဆင်နေတဲ့ ခေတ်ကလည်း ကံ့ကော်ကို လှမ်းကြည့်ပြီး ပြုံးပြသည်။

"လာလေ ကံ့ကော်"

နေမင်း လှမ်းခေါ်သည်။

"မြန်မြန်လာဟ၊ နင့်ကိုပဲ စောင့်နေရတာ အချိန်ဖင့်နေပြီ"

အုတ်လှ ပြောရင်း ခေတ်နားမှာနေဖို့ နေရာဖယ်ပေးသည်။ ဆင်းနဲ့မေစိုးကလည်း –

"လာပါဟယ်"

လို့ ဆိုရင်း ကံ့ကော်ကို ခေတ်နားအရောက် ပို့လေသည်။ အားလုံးရဲ့မျက်ဝန်းထဲမှာ ကံ့ကော်က ပန်းဘုရင်မလေးနှယ်။

အားကျသော မျက်လုံးဝိုင်းကလေးများနဲ့ ကြည့်ကြကာ ခေတ်နဲ့ ကံ့ကော် ဘယ်လိုပတ်သက်နေလဲဆိုတာ အလိုလို သဘောပေါက်ကုန်သည်။

"တက်ခေတ်တို့က စိန်စီမြရံရှုံမက အလှပဂေးလေးလည်း ရှိလို့ပါလား"

"ဘယ်တော့ကျွေးမှာလဲ"





"ကိုယ်တို့က လက်ဖွဲ့ချင်နေပြီကွ"

လို့ ခေတ်နဲ့ လုပ်ဖော်ကိုင်ဖက်လုပ်ငန်းရှင်တွေ တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး ပြောကြတာတွေက ကံ့ကော် မျှော်လင့်ချက်လေးကို ပိုပြီး အရောင်တက်စေသည်။

"မကြာပါဘူး၊ ဟင့် ဟင့် ဟင့်"

ခေတ်ကလည်း ရယ်ရယ်မောမော ပြန်ပြောတယ်ဆိုတော့လေ။

"ကဲ ရော့"

မေစိုးက ကံ့ကော်လက်ထဲ ကတ်ကြေးတင်ထားတဲ့ ဒွေဗန်းလေးလာထိုးသည်။ ကံ့ကော့် ဗန်းလေးပင့်ကိုင်ပြီး ခေတ်အနား ယှဉ်ရပ်ကာ။

မော်ဒယ်မလေးများ ကိုင်ထားတဲ့ ဖဲကြိုးတန်းကို ခေတ်က ကတ်ကြေးလေးယူပြီး ဖဲကြိုးဖြတ်မလို့ ပြင်သည်။

ရာပေါင်းများစွာသောညှို့သည့်တွေနဲ့ ဝန်ထမ်းအားလုံးရဲ့ မျက်လုံးတွေက အတွဲညီနေတဲ့ ခေတ်နဲ့ ကံ့ကော်ဆီမှာ။

ထိုစဉ် –

"တီ တီ တီ"

ခေတ်ခါးကြားချိတ်ထားတဲ့ လက်ကိုင်ဖုန်းလေး ထမြည်တော့ ပရိသတ် ပိုလို့ပင် စိတ်ဝင်စားကာ –

ဖဲကြိုးဖြတ်ခါနီးဆဲဆဲ ခေတ်လက်ကလေးလည်း တန်းသွားသည်။ ဖဲကြိုးဖြတ်ဖွင့်မှာထက် ဖုန်းမြည်သံလေးကို အားလုံးစိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



သလို ခေတ်လည်း စိတ်လှုပ်ရှားကာ –

ခဏပါလို့ မျက်စလေးနဲ့ ခွင့်တောင်းရင်း ခါးကြားထဲက လက်ကိုင်ဖုန်းလေး ထုတ်ကြည့်သည်။ ပေဂျာပေါ်က နံပါတ်ကိုကြည့်ရုံနဲ့ ခေတ် စိတ်အလှုပ်ရှားကြီး လှုပ်ရှားကာ ဟဲလိုလို့ ဖုန်းထူး၏။

"ဟင်"

တစ်ဖက်က ဘာပြောသည်မသိ ခေတ် ဟင်ခနဲဖြစ်ကာ မျက်နှာပေါ် စိုးရိမ်ငွေ့တွေ ယှက်သိုင်းလျက်။

"အင်း ကျွန်တော် ခုပဲလာခဲ့မယ်"

လို့ ဒလဟော ပြောချရင်း ပရိသတ်ကြားထဲက လှစ်ခနဲ တိုးထွက်၏။

"ခေတ်"

ကဲ့ကော် ကမန်းကတန်း ခေါ်လိုက်သည်။ ကဲ့ကော်ခေါ်ခါမှ ခေတ် သံတိပြန်ကပ်၏။

အားလုံးသောမျက်ဝန်းတွေက သူ့ဆီမှာ မဟုတ်လား။ ဒါပေမဲ့ သူ့ရင်ထဲမှာ ဖဲကြိုးဖြတ်ဖွင့်လှစ်မယ့်အရေးထက် ဟိုအရေးက ပိုကြီးတယ်လို့ ခံစားရတာမို့။

"ဆောရီး ကဲ့ကော်ရယ်၊ အားလုံးပဲ ဆောရီးဗျာ၊ ကိုယ့်ကို ခွင့်ပြုပါဦး၊ ကဲ့ကော် ကဲ့ကော်ပဲ ကိုယ့်ကိုယ်စား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးဟာ"





ခေတ် ဒါပဲပြောပြီး လှည့်ထွက်သွားလေသည်။ အားလုံး ဟင်ခနဲ၊ ဟာခနဲဖြစ်ကာ –

နားမလည်နိုင်အောင် ဖြစ်ချေသည်။

"နေဦးကွ"

နေမင်း တစ်ခုခုကို ရိပ်မိသလို ရှိသွား၏။ ဒါကြောင့် အသံကျယ်ကျယ်ဟန့်ကာ ခေတ်ကို ဆွဲတားသည်။

ခေတ် အတားမခံ။ နေမင်းလက်ကို ရှောင်ဖယ်ကာ တစ်ရှူးထိုး ထွက်သွားသည်က အခမ်းအနားတစ်ခုလုံးကို မေ့လျော့ကာ။

"အဟင့်"

ကဲ့ကော် ဝမ်းနည်းရမလို၊ ထိခိုက်နာကျင်ရမလိုနှင့် မျက်နှာပျက်မသွားအောင် ကမန်းကတန်း ထိန်းလျက် –

"ဟိုလေ၊ သည်းခံကြပါ၊ ခေတ်မှာ တအားအရေးကြီးတဲ့ကိစ္စပေါ်လာလို့ဖြစ်မယ်၊ ခေတ်ကိုယ်စား ကဲ့ကော်ပဲ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပါ့မယ်"

အခြေအနေကို ထိန်းပြောလိုက်မှ ညှို့ပရိသတ်အားလုံးရဲ့အာရုံ ကဲ့ကော်ဆီ ပြန်ရောက်သွားသည်။

ဒါပေမဲ့ ရင်ထဲမှာတော့ သို့လော သို့လောနဲ့။

"ဖြောင်း ဖြောင်း ဖြောင်း"

ကဲ့ကော် ဖဲကြိုးဖြတ်လိုက်စဉ် လက်ခုပ်သံ တဖြောင်းဖြောင်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာပေမယ့် ကံ့ကော်ရင်ထဲမှာ ကြည်နူးမှုတွေ ပျောက်ဆုံးနေသည်။

ဂုဏ်ဝင့်ချင်တဲ့စိတ်က ခေါင်းကျိုးကာ ညှိုးဖျော့လျက်။ အများ အြားမှာ ပြုံးရွှင်ရယ်မောပြနေရတဲ့အဖြစ်က ရင်မောစရာကောင်းနေပြီလေ။

ခေတ်ရယ် –

ဟောဒီ အရောင်းမြှင့်တင်ရေး ဖွင့်ပွဲအခမ်းအနားလောက် အရေးထားစရာ ဘာကိစ္စပေါ်လာရတာလဲ။

ကံ့ကော် သိချင်လိုက်တာဟယ်။

✿ ✿ ✿



## အခန်း (၁၅)

"ဟီး"

သူ့ကိုမြင်လျှင် ခင်းလေး ဟီးခနဲ ငိုချသည်က အားကိုးစွာ။ ကြမ်းပေါ် ဖင်ထိုင်လျက် ခြေထောက်လေးစင်းထားတဲ့ ခင်းလေးက အကောင်းပကတိ မဟုတ်တော့ပါ။

ညာဘက်ခြေထောက် ကျိုးသွားတာ မကြာသေးခင်။ ကျိုးနေတဲ့ ခြေကျင်းဝတ်နေရာက သွေးတွေထွက်နေတာ မြင်မကောင်းပေ။

"ခင်းလေးရယ် ဘယ်လိုဖြစ်ရတာလဲ"

သူ စာနာစွာမေးရင်း ခင်းလေးခြေထောက်ကို ကြည့်သည်။ ခင်းလေးကို စောင့်ရှောက်ဖို့အပ်ထားခဲ့တဲ့ ဦးအေးမော်နဲ့ ဒေါ်နုနုက



www.burmeseclassic.com

www.burmeseclassic.com



အနားမှာ ပိုင်းနေပေမယ့် မျက်နှာမကောင်း။ ခင်းလေးက ပိုပဲ ငိုနေသည်။

"အိမ်သားက အပင်ပေါ်တက်ပြီး သရက်သီးခူးရာက ခြေချော်ကျသွားတာ မောင်ခေတ်ရယ်"

ဦးအေးမော်ပြောလျှင် ခေတ် သက်မချသည်။ မိန်းကလေး တန်မဲ့ကွာလို့ အပြစ်တင်ချင်ပေမယ့် ငိုနေတဲ့ သူမလေးကို စိတ်ဖိစီးမှု မပေးချင်တော့ပါ။

"ဟီး ဟီး ခင်းက အိမ်မှာတုန်းကလည်း ဒီလိုပဲ အပင်ပေါ် တက်နေကျ ကိုကြီးရယ်၊ တစ်ခါမှ ခြေမချော်ဖူးဘူး။ အကိုင်းကြီးက အဆစ်နေရာက ပိုးစားနေတာ ခင်း သတိမထားမိဘူး။ အဲဒီမှာ ဟီး ဟီး ဟီး"

အပြစ်မတင်ပေမယ့် အပြစ်လွတ်အောင် ရှင်းပြနေတဲ့ သူမလေး။ ပြောနေရင်းတန်းလန်း ငိုချပြန်သည်။

"ကဲပါ ခင်းလေးရယ်၊ တိတ် တိတ်၊ ကျိုးသွားတာ သေချာလား ဦးအေး"

"သေချာတယ်၊ ဒါကြောင့် မောင်ခေတ်ကို ဦးအေး ဖုန်းဆက်လိုက်တာ၊ ဟိုဘက်ရပ်ကွက်မှာ အရိုးကျိုးကုတဲ့ တိုင်းရင်းဆေးဆရာရှိတယ်၊ အဲဒီခေါ်သွားမလို့၊ ခင်းလေးက ငိုချည်း ငိုနေတာနဲ့"

"ရတယ် ဦးအေး၊ ပါရဂူဆီ ခေါ်သွားမှတော်မယ်၊ ဦးအေး ကားမောင်းလို့ ရသေးတယ်မဟုတ်လား"





"ရပါတယ်"

"အဲဒါဆို ဦးအေး ကားမောင်း၊ ကျွန်တော် ခင်းလေးကို ပွေ့ချီခဲ့မယ်၊ ဒေါ်နုလည်း လိုက်ခဲ့"

"အေး လိုက်မှာပေါ့"

ဦးအေးမော်နဲ့ ဒေါ်နုနုတို့လင်မယား ရှေ့ကနေ ကမန်းကတန်း ထွက်သွားသည်။ ခင်းလေးကို တနာတွာ ပခုံးဖက်ထားရင်း မျက်ရည်တွေ သုတ်ပေးမိ၏။

"ဖြစ်သွားပြီပဲ ခင်းလေးရယ်၊ မငိုနဲ့တော့နော်"

"ဟင့် ဟင့် ဟင့် ခင်းလေးကြောင့် ကိုကြီး ဝန်ပိတာတွေ များလာပြီနော်"

"ဒါတွေ ပြောမနေပါနဲ့တော့၊ နေဦး ခြေထောက်ကျိုးတဲ့နေရာကို တစ်ခုခုနဲ့ ညှပ်စည်းထားဦးမှ"

သူမလေးကို ပွေ့ချီမလို့လုပ်ပြီးမှ ခေတ် သတိရသည်။

"ဒေါ်နုရေ ခဏ"

"လာပါပြီ မောင်ခေတ်၊ ဘာလိုလို့လဲ"

"ဒီအတိုင်းသွားလို့ မလွယ်ဘူး၊ အရိုးက ကျိုးတာဆိုတော့ တွဲလောင်းကျနေမယ်၊ ညှပ်စည်းမလို့၊ ဝါးပိုင်းလေး, တုတ်ပိုင်းလေး မရှိဘူးလား"

"ဟုတ်သားပဲ၊ ဒေါ်နုလည်း ရုတ်တရက်မို့ ထူပူနေတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း၊ အစကတည်းက ညှပ်စည်းထားရမှာ''

''ရပါတယ်၊ ခုလည်း စည်းလို့ရပါတယ်''

''နေဦး''

ဒေါ်နု တိုက်အိမ်ဘေးဘက် ကမန်းကတန်းသွားပြီး သရက်ကိုင်းတစ်တောင်ပိုင်း နှစ်ပိုင်းချိုးခဲ့သည်။ ပြီးတော့ ဦးအေးမော်ရဲ့လုံချည်အဟောင်းလေးကို အရေးပေါ် စုတ်ဖြဲ၏။

ကျိုးနေတဲ့ ခြေကျင်းဝတ်မှ သရက်ကိုင်းအပိုင်းလေး နှစ်ပိုင်းခံပြီး စည်း၏။

သွေးတွေက ထွက်ခဲ။

နာကျင်မှုကြောင့် နှုတ်ခမ်းလေးကိုက်ကာ နာနာကျင်ကျင် ငိုနေတဲ့ သူမကို ရင်ခွင်ထဲထည့်ရင်း နှစ်သိမ့်စွာ ပွေ့ဖက်အားပေးမိ၏။

ပြီးမှ သူမလေးကိုပွေ့မ,ကာ ဒေါ်နုက စည်းနှောင်ထားတဲ့ ခင်းခြေထောက်ကို ထိန်းကိုင်ရင်း ကားပေါ်တင်သည်။

''ရရဲ့လား ခင်းလေး''

ကားနောက်ခန်း ဆိုဖာပေါ် သက်သောင့်သက်သာချပေးရင်း ခေတ် မေးသည်။ ခင်းက အငိုမျက်နှာလေးနဲ့ ခေါင်းညိတ်၏။

''ပြန်ကောင်းပါ့မလား ကိုကြီးရယ်''

ရွဲနေတဲ့ မျက်နက်ဝန်းနဲ့ မော့ကြည့်ရင်း သူကလေး မေးရှာသည်။ ခင်းကလေး လက်ဖဝါးကို ခေတ် ဖျစ်ဆုပ်ရင်း –





''ကောင်းမှာပါကွာ၊ ကဲ ဦးအေးရေ မြို့ထဲက အရိုးအထူးကု ဦးသန့်ဇင်ဆေးခန်း မြန်မြန်မောင်းပါ''

ခေတ် ဒါပဲပြောပြီး သူမလေးနားမှာ ဝင်ထိုင်သည်။ ဒဏ်ရာရတဲ့ ခြေထောက်လေးကို အရိပ်တကြည့်ကြည့်နဲ့ရယ်။

သူ့မှာ ဘယ်သူမှမရိပ်မိအောင် ဖုံးဖုံးဖိဖိ စိစဉ်နေခါမှ ပြဿနာတက်မယ့်ကိန်း။ သူမလေး သူ့တိုက်ခန်းထဲရှိနေတာ သူငယ်ချင်းတွေသိကုန်မှာ စိုးရိမ်ပြီး ဦးအေးမော်တို့လင်မယားဆီ ပို့ထားခြင်း။

ဦးအေးမော်နဲ့ဒေါ်နုနုက မာမီတို့ရှိစဉ်က အားကိုးအားထားရတဲ့ အိမ်တော်ထိန်းပါ။ မာမီတို့ ဩဇီထွက်ကုန်တော့ ဦးအေးမော်တို့လည်း ဒဂုံမြို့သစ်မှာ ပြောင်းနေကြတာ ကြာပြီလေ။

ခေတ်ကလည်း တစ်ကိုယ်တည်း လွတ်လွတ်လပ်လပ်နေချင်တာမို့ ခေါ်မထားခြင်း။ ဒါပေမဲ့ ဒီတိုက်ပုလေးကို ဦးအေးတို့အတွက် သူပဲ ဝယ်ပေးထားတာ။

ဦးအေးမော်တို့နဲ့ အဆက်အသွယ်မရှိပေမယ့် ပြတ်တောက်နေတာတော့မဟုတ်။ ခြောက်လတန်သည် တစ်နှစ်တန်သည် တစ်ခါလောက်တော့ ဦးအေးမော် ဖုန်းဆက်နေကျ။ ဒေါ်နုနုကလည်း နေကောင်းလားဘာညာ မေးနေကျ။

ဒီလိုနဲ့ ခင်းလေးကို စိတ်ချလက်ချထားနိုင်မယ့်နေရာ ရှာတော့ ပထမ အဆောင်ထားမလို့၊ အဆောင်ဆိုတာက နယ်စုံကလာတဲ့ လူတန်း



www.burmeseclassic.com

www.burmeseclassic.com



စားစုံသလို၊ စရိုက်စုံတယ်မဟုတ်လား။

လူစုံ, စရိုက်စုံကြားမှာ ဖြူစင်ရိုးသားတဲ့ ဒင်းလေးစိတ်တွေ ပြောင်းလဲသွားမှာ စိုးရိမ်တာလည်း ပါတယ်။

ဒါကြောင့် အကျိုးအကြောင်းပြောပြပြီး ဦးအေးမော်တို့လင်မယားဆီမှာ လာထားတာ။ နှစ်ရက်ပင် မပြည့်တတ်သေး။

ခြေထောက်ကလေး ကျိုးချေ၏။

✿

အရိုးအထူးကု ဦးသန့်ဇင်က ခြေကျိုးရာကို သန့်စင်သည်။ ဆေးထည့်ကာ ကျပ်စည်း၏။ ခြေဖနောင့်နဲ့သိုင်းကာ ပတ်တီးစည်းသည်။ ဆေးလည်း ထိုးပေးသည်။ သောက်ဆေးလည်း ပေးကာ –

"ခြေထောက်ဒဏ်ရာကို လုံးဝရေမထိစေနဲ့ ငြိမ်နေနော် သမီး"

အဲဒါတော့ သေချာမှာသည်။

သူမလေး ခေါင်းလေးညိတ်၏။

ဦးသန့်ဇင်က စိုးရိမ်စရာမရှိဘူးပြောမှ သူ စိတ်အေးသွားသည်။ ကျိုးတဲ့အရိုးက မကြာခင် ပြန်ဆက်ပြီး အကောင်းပကတိ ပြန်ဖြစ်လာမှာတဲ့။





လောလောဆယ် သူမလေး လမ်းလျှောက်လို့ မရသေးပါ။

အဲဒီအတွက် ခေတ်ပဲ ဖေးဖေးမမနဲ့ ပွေ့ချီရကာ။ ခင်းကိုယ်လေး အိအိထွေးထွေးက သူ့သွေးသားတွေကိုပါ နွေးသွားစေသည်။

ခင်းလေးရယ်

ဒီအတွေးလေးတွေကြောင့် ကိုကြီး ရှာနိုင်လျှောက်နိုင်တယ်လေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဘာရယ်"

ကံ့ကော်မျက်နှာလေး သိသိသာသာ ပျက်ယွင်းသွားသည်။ ဆင်းခက်ခက် အားတုံ့အားနာနဲ့ ဆက်ပြောလို့ မဝံ့သလိုဖြစ်ကာ –

"ပြောလေ၊ မြန်မြန်ပြောစမ်းပါ၊ ခေတ်က ကောင်မလေးတစ်ယောက်နဲ့၊ ဟုတ်လား"

ကံ့ကော်ခမျာ ဆားပက်ခံရတဲ့ ငါးပြေမ,လို ဆတ်ဆတ်ခါနေပြီ။ ဆင်းလက်မောင်းကို ဆုပ်ကိုင်လှုပ်ယမ်းရင်း တစ်ရှူးထိုးမေးသည်။

ဆင်း မပြောဘဲ မနေသာတော့ပါ။

"ကိုကောင်း ပြောတာ၊ ပထမ နေမင်းကို ပြောတယ်၊ နေမင်း





က မယုံလို့ တိုးတိုးတိတ်တိတ်စုံစမ်းတယ်၊ အဲဒါကတစ်ဆင့် သိလာတာ၊ ကောင်မလေးတစ်ယောက်ကို ခေတ်အခန်းထဲ ခေါ်ထားတာ နှစ်ပတ်မကဘူးတဲ့"

"ဟင်၊ အုတ်လှတို့ကော ဘာမှမပြောကြဘူးလား"

"ဘယ်သူ့ကိုမှ အသိပေးပြီး ခေါ်ထားတာ မဟုတ်ဘူး"

"နေပါဦး၊ အဲဒီကောင်မလေးနဲ့ ခေတ်က ဘာလဲ၊ ဘာဖြစ်လို့ တိုက်ခန်းထဲ ခေါ်ထည့်ထားတာလဲ၊ ရိုးရိုးသားသား ဟုတ်ရဲ့လား ဆင်းရယ်"

"ရိုးသားလား၊ မရိုးသားလားဆိုတာ ခန့်မှန်းရခက်တယ်၊ ကိုကောင်း စုံစမ်းသိရသလောက် အဲဒီကောင်မလေးက အိမ်ပြေးမလေးတဲ့"

"ဒါဆို ဘယ်လိုလုပ်မလဲ ဆင်းရယ်၊ ကျော်မကောင်း ကြားမကောင်းဖြစ်ကုန်မှာပေါ့၊ ဟင့်အင်း၊ ခေတ်ကို အဲလိုအဖြစ်မခံနိုင်ဘူး၊ ခေတ်ကို ဘယ်မိန်းကလေးနဲ့မှ အငြိမခံနိုင်ဘူး၊ လာ ခုပဲ သွားမယ်"

ပြောပြောဆိုဆို ကံ့ကော် ဝုန်းခနဲထသည်။ ဆင်းက နားမရှင်းဟန်နှင့် –

"ဘယ်သွားမှာလဲ"

"ခေတ်တိုက်ခန်းကိုလေ"

"ဘာသွားလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ၊ အဲဒီကောင်မလေးကို မောင်းထုတ်မှာပေါ့"

"အခု မရှိတော့ဘူး"

"ဘာ"

"ဟုတ်တယ်၊ သူငယ်ချင်းတွေ ရိပ်မိမှာစိုးလို့ ခေတ်က အဲဒီကောင်မလေးကို တစ်နေရာမှာ သွားဖွက်ထားတယ်၊ နေမင်းတို့ ခေတ်တိုက်ခန်းကို သွားကြည့်ပြီးပြီ၊ ကောင်မလေး မရှိတော့ဘူး"

"ကျွတ်၊ ဒါ ဘယ်လိုလုပ်ရမလဲ ဆင်းရယ်၊ ခေတ် ဘာတွေလျှောက်လုပ်နေတာလဲကွယ်"

ကံ့ကော် ဂနာမငြိမ်တော့ပါ။ စိတ်နှလုံးသားလေး ယိုင်နဲ့နေခါမှ ခေတ်က တခြားဘက်ယိမ်းနေတဲ့အဖြစ်။

ကံ့ကော်ကိုရှောင်ပြီး တခြားတစ်ယောက်ဆီ ခြေဦးလှည့်တာကို ကံ့ကော် လက်မခံနိုင်။ အသည်းနှလုံးလေး ကွဲခတ်ခံရသလို ဆတ်ဆတ်ခါနေသည်။ ဆင်းက ကံ့ကော်ရင်တွင်းခံစားချက်ကို နားအလည်ဆုံး သူငယ်ချင်းမို့။

"ကံ့ကော်ရယ် ခေတ် ပြောင်းလဲနေတာ ဘာကြောင့်ဆိုတာ သိရပြီးပဲ [illegible]အပြောင်းအလဲနောက် ခေတ် မျောမသွားဖို့ လိုတယ်လေ"

"ဟုတ်တယ်၊ ခေတ် မျောသွားမယ့်အဖြစ်၊ ဟင့်အင်း ကံ့ကော် လုံးဝလက်မခံနိုင်ဘူး၊ ကံ့ကော်ရဲ့ အရှက်သိက္ခာ, နှလုံးသားအတွက်၊ ပြီးတော့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းကြားမှာ ခေါင်းမော့နေနိုင်ဖို့လေ၊





ခေတ်ကို ပြန်ဆယ်ယူရမယ် ဆင်းရယ်"

"ဆယ်ရမှာပေါ့ဟ"

ဆင်း အားအပြည့်နဲ့ပြောလျှင် ကံ့ကော် ပို၍အားတက်လာသည်။ ဆင်းနား ပြန်ထိုင်ချရင်း –

"ဘယ်လိုဆယ်ရမှာလဲ သူငယ်ချင်းရယ်၊ အကြံကောင်းလေး ပေးပါဦးဟာ"

အားကိုးတကြီးဖြစ်လာတဲ့အတွက် ကံ့ကော် လက်ဖဝါးလေးကို ဆင်း ဆုပ်ကိုင်ရင်း –

"ဒီလိုဟာ၊ ခေတ်က သူငယ်ချင်းတွေမသိအောင် ကျိတ်ကြံနေတယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ ကြည့်စမ်းပါဦး၊ ဘယ်သူမှ မရိပ်မိကြဘူး၊ ကိုကောင်း ရိပ်မိလို့မဟုတ်လား"

"အဲဒါပြောတာပေါ့၊ ကိုကောင်းက အဲဒီကိစ္စမှာ ဆင်းတို့ထက် နာတစ်ဖျားသာတယ်၊ အတွေ့အကြုံလည်း ရှိတယ်၊ အဲဒီတော့ ကိုကောင်းကို အကူအညီတောင်းရမယ်လေ"

"အေးပေါ့၊ တောင်းရမှာပေါ့"

"နောက်ပြီး အရေးအကြီးဆုံးက"

"ဘာ ဘာလဲ ဆင်းရယ်"

"အိမ်ဖြေးမလေးဆိုကတည်းက ခြောက်ပြစ်ကင်းတော့ မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူး''

ဆင်း လေးလေးနက်နက်ပြောလျှင် ကံ့ကော် စိတ်အားထက်သန်စွာ ခေါင်းညိတ်မိ၏။

''ဟုတ်တယ်၊ ဘာပြဿနာနဲ့လဲ၊ ဘာအရှုပ်အထွေးရှိလဲ၊ အဲဒါတွေသိဖို့ လိုအပ်တယ်''

''အသေအချာပေါ့ဟ၊ နောက်ကြောင်း ရှင်း,မရှင်း ဘာတွေရှိလဲဆိုတာ ခေတ် မသိအောင် စုံစမ်းရမယ်၊ စုံစမ်းပြီးမှ ခေတ်သိအောင် ဘွားခနဲ ချပြလိုက်ရင် ခေတ်က ကံ့ကော်ဘက် ဦးလှည့်လာမှာလေ၊ ဟုတ်တယ် မဟုတ်လား''

''ဟုတ်တာပေါ့ ဆင်းရဲ့၊ ဆင်းပြောတာ အကောင်းဆုံးပဲ၊ အခုက ဟိုဟာမလေးထံ ခေတ် မျောမသွားဖို့လေ''

''ဒါ အရေးကြီးဆုံးပဲ''

''အဲဒါဆိုလည်း အချိန်ဆွဲမနေချင်ဘူး ဆင်းရဲ့''

''အိုကေလေ၊ ခုပဲ ကိုကောင်းဆီသွားပြီး အသေးစိတ်တိုင်ပင်ကြစို့''

ဆင်း စကားမဆုံးခင် ကံ့ကော် အားကြိုးမာန်တက် ထလာလေသည်။ နှစ်ယောက်သား ခြေလှမ်းတွေ ညီကာ သုတ်ခနဲ ထွက်သွားလျှင် –

''ဟဲ့ ဒါက ဘယ်လဲ သမီးရဲ့''





ဒေါ်နွယ်နွယ်စိုး အပေါ်ထပ်ကဆင်းလာရင်း လှမ်းမေးပါသည်။ ဒါပေမဲ့ သမီးနဲ့ဆင်း ကြားကြဟန်မတူ။

နှစ်ယောက်သား ကားမောင်းထွက်သွားကြတာ လှစ်ခနဲနေတာပဲ။

''အင်း''

ဒေါ်နွယ်နွယ်စိုး ကျေနပ်ပြုံးလေး ပြုံးသည်။

သမီးက ခေတ်ကို စိတ်ဝင်စားလာကတည်းက အရင်လို အိမ်မမြဲ။ သူငယ်ချင်းတွေနဲ့ တစ်ချိန်လုံး အပြင်ပျော်ကာ။

ဒါလည်း ကောင်းတာပဲ။

ခေတ်နဲ့ ပိုနီးစပ်တယ် မဟုတ်လား။

ဒေါ်နွယ်နွယ်စိုးက ခေတ်ရဲ့ ခြေရှုပ်နေတဲ့ဇာတ်လမ်းလေး မသိသေးတာမို့ သမီး အပြင်ထွက်နေတာ သဘောကျနေသည်။

ဟင့် ဟင့် ဟင့်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ဟိုမှာ တွေ့လား"

ကိုကောင်းဖနီး မရီလေး လက်ညှိုးထိုးပြလျှင် မေစိုးတို့တစ်သိုက် ပြူးပြူးပြဲပြဲ ကြည့်ကြသည်။

"ဟင်"

မြင်လိုက်ရတော့လည်း အားလုံး ဟင်ခနဲ ကြက်သေလို ဖြစ်ရ၏။ ဟုတ်တယ်လေ။ ဒီလိုမြင်ရလိမ့်မယ်လို့ သူတို့ ထင်မထား။

ကောင်မလေးက ငယ်ငယ်ချောချော၊ နုနုဖူးဖူးလေး။ မျက်လုံးမှာလည်း ပြာဝေကာ။ ကောင်မလေးကို တယုတယ ပွေ့ပိုက်ချီမ,သွားတဲ့ ခေတ်ကို အထပ်ထပ်မြင်ယောင်ရင်း မျက်ရည်တွေ ပြိုကျကုန်သည်။





"ကံ့ကော်"

ဆင်းက ကံ့ကော်လက်ဖဝါးလေးကို စာနာစွာ ဖျစ်ဆုပ်ရင်း နှစ်သိမ့်ပေးနိုင်ဖို့ ကြိုးစား၏။

"ခေတ်နဲ့ ဒီကောင်မလေး တိတ်တိတ်ပုန်း ညားနေတာပဲ ဖြစ်ရမယ်၊ မရီလေးနော်"

မေစိုး ထင်တဲ့အတိုင်း ပြောချသည်။ အားလုံးကလည်း မေစိုး ပြောတဲ့အတိုင်း ဖြစ်နေမလားလို့ စဉ်းစားကုန်သည်။

"အဟင့် ဟင့် ဟင့်"

ကံ့ကော် မျိုသိပ်မခံစားနိုင်တော့ပါ။ ပါးစပ်ကို လက်ဖဝါးနဲ့ ဖိအုပ်ရင်း ငိုချလေသည်။ ကံ့ကော်ငိုချလိုက်တော့ အားလုံးရဲ့မျက်ဝန်းတွေ ခေတ်တို့ဆီမှ ကံ့ကော်ဆီ လည်ကုန်သည်။

ဒါကလည်း စာနာသနားလို့ မဟုတ်လား။

"ကျွတ်၊ ခေတ်လုပ်ပုံ မဟုတ်သေးဘူး"

တိုးတက် အားမလို အားမရ ပြောသည်။

"ဟုတ်တယ်"

အုတ်လုနဲ့ နေမင်းက ထောက်ခံသည်။

"ကံ့ကော် နင် ငိုနေလို့ မဖြစ်ဘူးဟ"

ယုနိုင်က ထိုသို့ပြောရင်း ခေတ်တို့ကို ပြန်ကြည့်သည်။ ခေတ်တို့ကားလေး ဆေးခန်းရှေ့က ခွာသွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နဲ့ ဝေးသထက် ဝေးရာဆီ ဦးတည်နေတာကို ယုနိုင် မျက်စိတစ်ဆုံး ငေးကြည့်သည်။

"ဟုတ်သားပဲ ကံ့ကော်ရယ်၊ ငိုမနေပါနဲ့၊ ငိုနေတာက အရှုံး ပေးရာ ရောက်တယ်လေ"

မရီလေး အားပေးသလို ဆိုသည်။ အခြေအနေအရပ်ရပ်ကို အေးအေးဆေးဆေး တိတ်ဆိတ်ငြိမ်သက်စွာ စောင့်ကြည့်နေတဲ့ ကိုကောင်းက –

"ဟုတ်တယ် ကံ့ကော်၊ ရီလေး ပြောသလိုပဲ၊ ငိုတာက အရှုံး ပေးသလိုပဲ၊ ဒီကိစ္စ အရှုံးပေးဖို့ မဟုတ်ဘူး၊ ခေတ်နဲ့ အဲဒီကောင်မလေး ပတ်သက်မှု ဘယ်အနေအထားရှိလဲဆိုတာ အမြင်အတိုင်း သိစေဖို့ ကိုယ် လက်တွေ့ပြတာ"

"ဘယ် ဘယ်လို ကိုကောင်း"

ကံ့ကော် မျက်ရည်တွေသုတ်ရင်း ကိုကောင်းကို လှမ်းမေး သည်။ ကိုကောင်းက ကားဘေး မှီရပ်နေရာမှ ကံ့ကော်ဘက် ပြန်လှည့် ပြီး ဆိုသည်။

"သို့လော သို့လော ဖြစ်မနေရအောင်ပါ၊ အခု အားလုံးမြင် တဲ့အတိုင်း မဟုတ်လား"

အားလုံး ခေါင်းလေးတွေ ညိတ်ကြသည်။ ပြီးတော့ ကိုကောင်း ဆက်ပြောလာမှာကိုလည်း စိတ်ဝင်တစား ရှိနေကာ –





"အဲဒီတော့ ဘာဖြစ်နိုင်မလဲ ကိုကောင်း"

နေမင်း သွက်သွက်ကလေး ဝင်မေးသည်။

"ဘာဖြစ်ရမှာလဲ၊ ကံ့ကော် အရှုံးပေးမှာလား၊ ဒါမှမဟုတ်"

"အိုး အရှုံးမပေးနိုင်ပါဘူး"

ကံ့ကော် မျက်ရည်တွေသုတ်ရင်း ဟောခနဲ ပြောချသည်။ ထိုအခါ ကိုကောင်း လက်မ‚ထောင်ပြီး –

"ကိုယ်ဖြစ်ချင်တာ အဲဒါပဲ ကံ့ကော်၊ အရှုံးပေးပြီး ကျောခိုင်း သွားဖို့ မဟုတ်ဘူး"

ကံ့ကော် အားတက်ကာ ကိုကောင်းကို မမှိတ်မသုန် စိုက်ကြည့် မိသည်။ သူငယ်ချင်းအားလုံးလည်း ကံ့ကော်နည်းတူ စိုက်ကြည့်၏။

ရီလေးကလည်း ခင်ပွန်းသည်ကို အားကိုးတကြီး ကြည့်ရုံနဲ့ အားမရ၊ လက်မောင်းလေးကို ခိုတွဲရင်း –

"ပြောလေ ကောင်းရဲ့၊ အရှုံးပေးပြီး ကျောခိုင်းသွားဖို့ မဟုတ် ဘူးဆိုရင် ဘာလုပ်ပြီး အနိုင်ယူမှာလဲလို့"

"အနိုင်ယူဖို့ဆိုတာထက် ဟိုဟာမလေး လွင့်သွားအောင်ရယ်၊ ကံ့ကော်ဆီ ခေတ် ခြေဦးလှည့်လာဖို့ရယ်လေ၊ တစ်ချက်ခုတ် နှစ်ချက် ပြတ်နည်းနဲ့ ရင်ဆိုင်ဖို့"

"ကိုကောင်း ရှင်းအောင်ပြောကွာ"

အရှင်းဆုံးပဲ သိလိုလှစွာ အုတ်လှ မေးသည်။ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေလည်း ထိုနည်းလည်းကောင်းပင်။ ရှင်းရှင်းလင်းလင်းပဲ သိချင်နေကြသည်မို့။

"ရှင်းအောင်ပြောရရင် ဒီကိစ္စ ကိုခေတ်က ကိုယ်တို့မသိအောင် ဖုံးဖုံးဖိဖိလုပ်ထားတယ် မဟုတ်လား"

"အင်း"

"ခေတ်လုပ်ထားတဲ့အတိုင်း မသိလိုက် မသိဘာသာ လျှော့ထားလိုက်"

"အင်း၊ လျှော့ထားပြီး ဘာလုပ်မှာလဲ ကိုကောင်း"

"လျှော့ထားပြီးတော့ ခေတ်အကြောင်း ကိုယ်တို့အားလုံး ခရေစေ့တွင်းကျ သိနေပြီဆိုတာ ဘွားခနဲ ဖော်ထုတ်ရမယ်လေ"

"ဟုတ်တယ် ကိုကောင်း၊ ကိုကောင်းပြောတာ ဟုတ်တယ်၊ ဘွားခနဲသိလိုက်ရရင် ခေတ် ပါးစပ်ဟလို့တောင် ရတော့မှာမဟုတ်ဘူး"

"ဒါတင်မက အဲဒီငနဲမလေးရဲ့နောက်ကွယ်မှာရှိနေတဲ့ အပြစ်အနာအဆာနဲ့ ပြဿနာတွေ ဘူးပေါ်သလိုပေါ်အောင် ဖော်ထုတ်လိုက်၊ အဲဒီတော့ ခေတ်ခြေဦးက ငနဲမလေးဆီကနေ ကုံကော်ဆီ လှည့်လာမှာ"

ကိုကောင်း စကားအဆုံးမှာ အားလုံးသဘောပေါက်လာသည်။

"ဟုတ်တယ်"

မေစိုး အားတက်သရောပြောတာ အသံကျယ် ထွက်လာသည်။

"ဒါနဲ့ ကိုကောင်း၊ ကုံကော်ဆီ ခေတ် ခြေဦးလှည့်လာတာက





အရေးမကြီးဘူး၊ အဲဒီကောင်မလေးမှာ ပြစ်ချက် တကယ်ရှိလို့လား"

တိုးတက် တွေးတွေးဆဆမေးလျှင် ကိုကောင်း အလေးအနက်ပြုံး၏။

"ဟုတ်သားပဲ ကိုကောင်းရဲ့"

ရီလေးကလည်း ဆိုသည်။

"ကိုကောင်းက အဲဒီကောင်မလေးရဲ့ အပြစ်အနာအဆာတွေကြိုသိနေလို့လား"

ကုံကော် စိတ်လှုပ်ရှားစွာ မေးလျှင် –

"အိမ်ပြေးမလေးဆိုတာ အကြောင်းမဲ့တော့ မဟုတ်ဘူး၊ ကိုယ်အဲဒါကို တွက်ဆပြီးသား၊ အဲဒီကိစ္စ ကိုယ်ပိုင်ပါတယ်၊ ကိုယ်က ဘာအကြောင်းပဲဖြစ်ဖြစ် ရေဆုံးမြေဆုံး လိုက်တတ်ပါတယ်ကွ၊ စိတ်ချ၊ အိုကေစေရမယ်"

"အမြန်ဆုံး အိုကေအောင် လုပ်ဗျာ"

နေမင်း ထိုမျှသာ ပြောနိုင်တော့သည်။ ဟုတ်တယ်လေ။ ကိုယ့်အစ်ကို စွပ်စုတတ်တာကို မကြိုက်လှပါ။

ဒါပေမဲ့ ဒီကိစ္စမှာ အစ်ကို့ကိုပဲ အားကိုးရတော့မယ် မဟုတ်လား။

"ကဲ အားလုံး ကိုယ်စီစဉ်တဲ့အတိုင်းနော်"

"စိတ်ချ"

အားလုံး လက်မ,လေးတွေထောင်ကာ။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကိုကောင်းအစီအစဉ်အတိုင်း ပြုဖို့ ဝန်မလေးတော့ပါ။

အထူးသဖြင့် ကံ့ကော်ပေါ့။

ခေတ်ကို မဆုံးရှုံးဖို့လေ။

ကံ့ကော်လိုချင်တာ ခေတ်။

အဝေးဆုံးရောက်အောင် လွင့်ထွက်သွားစေမယ့် မိန်းကလေးက ပိတောက်ခင်းပဲ ဖြစ်ရမယ်။

ဟုတ်တယ်။

မပိတောက်ခင်းရယ် ညည်းပြေးမယ့်လမ်း ညည်းရှာထားပေတော့။

ဟင့် ဟင့် ဟင့်။

✿ ✿ ✿



BURMESE CLASSIC .com

## အခန်း (၁၈)

"သက်သာလား ခင်းလေး"

"အင်း၊ တစ်လှမ်း, နှစ်လှမ်း လျှောက်လို့ရနေပြီ ကိုကြီးရဲ့၊ ခင်းလေး လျှောက်ပြမယ်"

"အိုး မလျှော့က်နဲ့၊ မလျှောက်နဲ့"

ပတ်တီးစည်းထားဆဲ ခြေထောက်ကိုကြွရင်း ခင်းလေး လမ်းလျှောက်ပြဖို့ ပြင်သည်။ ခေတ် ကမန်းကတန်းတားထားသည်က သည်းသည်းလှုပ်ရယ်။

ဒီကောင်မလေးနဲ့ပတ်သက်ပြီး လိုတာထက် သည်းနေတဲ့ ခေတ်စိတ်သဘောထားက ဦးအေးမော်နဲ့ ဒေါ်နုနုအဖို့ ရင်လေးစရာဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောစဉ်ကတော့ –

"ကျွန်တော့်မိတ်ဆွေရဲ့ သမီးလေး၊ ရန်ကုန်မှာ အလုပ်လုပ်ဖို့ လာတာပါ၊ လောလောဆယ် နေစရာအခက်အခဲရှိလို့ ဦးအေးတို့နဲ့ ထားမလို့ဗျ"

"ရ ရပါတယ်ကွယ်၊ လာထားပေါ့"

လင်မယားနှစ်ယောက် ထားပေါ့လို့ ပြုံးပြုံးပြောရတာက အကြောင်းမဲ့ မဟုတ်ဘူးလေ။ မောင်ခေတ်မိဘတွေရဲ့မျက်နှာ ရှိသေးတယ်။ ဒါတင်မက သူတို့လင်မယားအပေါ်ထားတဲ့ မောင်ခေတ်ရဲ့ သဘောထား။ နေရေးထိုင်ရေးသာမက လိုအပ်ရင် ငွေရေးကြေးရေးပါ ထောက်ပံ့တာမျိုးရှိတဲ့ မောင်ခေတ်ရဲ့ ရက်ရောမှုတွေကလည်း ရှိတယ်လေ။

ဒါကြောင့် လာထားပါလို့ လိုလိုလားလားနဲ့ ချက်ချင်း ခေါင်းညိတ်ရတဲ့အဖြစ်။ အစကတော့ မောင်ခေတ်ပြောသလို မိတ်ဆွေရဲ့သမီး၊ အလုပ်တစ်ခုခု ဝင်လုပ်ပြီး နေမယ်ထင်တာ။

ကောင်မလေး အလုပ်လုပ်မယ်ပြောတော့ မောင်ခေတ်က ဆတ်ဆတ်မခံ။

"မလုပ်ရဘူးကွာ"

တဲ့။

"ကိုကြီးကလည်း ခင်းလေး အိပ်လိုက်၊ စားလိုက်၊ ရုပ်ရှင်ကြည့်





လိုက်နဲ့ နေရတာကြီးကို မပျော်ဘူး။ အခုရတဲ့ အလုပ်ကလည်း ဦးအေးတို့ အိမ်နဲ့ နီးတယ်လေ"

"ဟုတ်တယ် မောင်ခေတ်၊ လမ်းထိပ် ကွန်ပျူတာဆိုင်မှာလေ"

ခင်းလေး စကားချိုချိုနောက် ဒေါ်နုနုလည်း ဝင်ပြောပါသည်။ ဒါကို မောင်မင်းကြီးသား ခါးခါးသီးသီး။

"နီးနီးဝေးဝေး လုပ်စရာမလိုဘူး။ ညည်း ဆယ်တန်းအောင်ထားတယ် မဟုတ်လား"

ခင်းလေး ခေါင်းညိတ်သည်။

"ညည်းလေး ကျောင်းဆက်တက်ရမယ်၊ လောလောဆယ် ဒီမှာ အေးအေးဆေးဆေးနေ"

"မဟုတ်ဘူး ကိုကြီးရဲ့၊ ခင်း ကျောင်းတက်ဖို့က အမှတ်စာရင်းတို့ ဘာတို့ မကျသေးဘူး၊ အမှတ်စာရင်း ကျလာရင်လည်း ခင်းလေး သွားမယူရဲဘူးလေ၊ ကိုကြီး သိသားနဲ့"

"သိတယ်၊ ညည်းလေး အိမ်က ထွက်ပြေးလာတယ်ဆိုတာ"

"ဟင်"

မောင်ခေတ်နဲ့သူမလေး ထိုသို့ပြောဆိုလာမှ လင်မယားနှစ်ယောက် မျက်လုံးပြူးရတဲ့အဖြစ်။

သူတို့လင်မယား ရိပ်မိသွားတာသိတော့ မောင်ခေတ် မျက်နှာပျက်သွားသည်။ ဒါပေမဲ့ ဣန္ဒြေဆယ်ရင်း –



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စ ဦးအေး ဘယ်သူ့မှ အသိမပေးပါနဲ့ဗျာ၊ ပတ်ဝန်းကျင်က သိကုန်ရင် အားလုံးသိက္ခာကျစရာဖြစ်နိုင်လို့ပါ၊ ဦးအေးနဲ့ ဒေါ်နု နှုတ်လုံလုံနဲ့ ကူညီဗျာ"

မောင်ခေတ် ပိတ်ပင်တော့ လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကတိပေးတဲ့သဘောနဲ့ ခေါင်းညိတ်ရတဲ့အဖြစ်။

သူတို့လင်မယား ခေါင်းညိတ်ခါမှ စိတ်အေးသွားဟန်နဲ့ ခင်းလေးဘက် ပြန်လှည့်ပြီး –

"ဒီမှာ ခင်းလေး၊ ခင်းလေး ကိုယ့်စကား နားထောင်ရမယ်၊ ကိုယ်ထားသလို နေရမယ်၊ ခေါင်းထဲ ဘာမှမထည့်နဲ့၊ အလုပ်လုပ်ဖို့ ပိုပြီးမထည့်နဲ့၊ ညည်းကျောင်းတက်ဖို့ကိစ္စ ကိုယ့်ဘာသာကိုယ် စီစဉ်မယ်၊ ကျောင်းဝင်ခွင့်ကျတဲ့အထိ၊ ပြီးတော့ ရန်ကုန်မှာရှိတဲ့ တက္ကသိုလ်တစ်ခုခု တက်ခွင့်ရဖို့အထိ၊ ကျောင်းဖွင့်ချိန်ကျရင် ကိုယ့်ဘာသာကိုယ် လိုက်လုပ်မယ်၊ ကြားတယ်နော်"

"ကိုကြီး"

သူမလေး စောဒကတက်လိုမှန်း သူ သိသည်။ ဒါပေမဲ့ မောင်ခေတ်က သူမ နှုတ်ခမ်းဖူးဖူးလေးကို လက်ချောင်းလေးတွေနဲ့ ဆွဲပိတ်ရင်း –

"ဘာမှပြန်မပြောနဲ့၊ ညည်းအရွယ်က ကျောင်းနေရမယ့်အရွယ်၊





ညည်းအတွက် နေရေးထိုင်ရေး၊ ကျောင်းတက်ရေး ကိုယ် အားလုံးတာဝန်ယူမယ်၊ ညည်းလေး ဘွဲ့ရတဲ့အထိ၊ ကိုယ်ပြောတာ ကြားလား"

ခင်းလေး ခေါင်းမညိတ်ချင်။ ရင်ထဲမှာ ပြောစရာစကားတွေ အများကြီး ရှိနေသည်။

ခင်းအကြောင်းနဲ့ခင်း အိမ်ပြေးမလေး ဖြစ်နေရပေမယ့် ခင်း တာဝန် ခင်း ယူချင်သည်။

ကိုကြီးနဲ့မို့ လုံလုံခြုံခြုံနေခွင့်ရတဲ့အတွက် ကျေးဇူးလည်း တင်သည်။ ရှေ့ဆက် အလုပ်တစ်ခု ဝင်လုပ်ပြီး ရပ်တည်လိုသည်။

ရန်ကုန်မှာ ကျောတစ်နေရာရဖို့ ဘယ်လောက်ခက်ခဲလဲဆိုတာ ခင်း သိတာပေါ့။ အလုပ်လေးတစ်ခုလုပ်ပြီး ရပ်တည်ဖို့က ခက်ခဲကျပ်တည်းမယ်ဆိုတာ ခင်း တွက်ဆပြီးသားပါ။

ဒါပေမဲ့ ကိုကြီးက ပါဝါသုံးပြီးပြောနေတော့ ခင် လွန်ဆန်ဖို့ ပိုခက်နေသည်။ ဘာဖြစ်လို့လဲဆိုတော့ ကိုကြီးက ခင်းဘဝလေးကို လုံခြုံအောင် အစွန်းထင်းမရှိအောင် စောင့်ရှောက်ထားတဲ့ စေတနာရှင်ကြီးလေ။

လောလောဆယ် ကြည်မှာ့သတင်းအစအနလေးတောင် မရသေးချိန်။ ခင်း အားကိုးစရာ၊ ယုံကြည်ရသူက ကိုကြီးတစ်ယောက်တည်း မဟုတ်လား။

"ကဲ ခင်းလေး၊ ကိုယ်ပြောတာကို ဟောဒီနားနဲ့ နားထောင်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပြောတဲ့အတိုင်း ဟောဒီခေါင်းညိတ်လေ"

ခင်း ချက်ချင်း ခေါင်းမညိတ်။

အတွေးနဲ့ ကိုကြီးကို ခပ်ငေးငေးလေး ကြည့်နေလိုက်သည်။ ထိုအခါ ကိုကြီးက ခင်းနားရွက်လေးကို ချစ်စနိုး ဆွဲလှုပ်သလို၊ ခေါင်းကိုလည်း ညိတ်အောင် ကိုကြီးလက်နှစ်ဖက်နဲ့ ပြုလေသည်။

ခင်း ဘာတတ်နိုင်မှာလဲကွယ်။

လောလောဆယ် ကိုကြီးသဘောကျ နေလိုက်ဖို့က ခေါင်းညိတ်ရတဲ့အဖြစ်။

"အေး ညည်းလေး ခေါင်းညိတ်တဲ့အတိုင်း ဖြစ်ပစေ၊ ဒါပဲနော် ကိုယ်မသိအောင် အလုပ်ထွက်လုပ်ဖို့ မကြိုးစားနဲ့၊ ဦးအေးနဲ့ ဒေါ်နုကျွန်တော်ပြောတဲ့အတိုင်း ခင်းလေးကို ထားစမ်းပါ၊ နီးနီးလေးဆိုပြီး အလုပ်သွားလုပ်နိုင်းဖို့ အားမပေးပါနဲ့၊ ဒီကောင်မလေး ငယ်ငယ်လေး ရှိသေးတာ"

သူမလေးတစ်ကိုယ်လုံးကို သိမ်းကျုံးကြည့်ကာ သူတို့ကိုလည်း သေချာမှာထားခဲ့တယ်လေ။

ဒီတော့ သူတို့လင်မယားလည်း သူလေးကို အရိပ်တကြည့် ကြည့် ကြည့်နေရတဲ့အဖြစ်။

အလုပ်မရှိ အကိုင်မရှိတော့လည်း ကောင်မလေး ပျင်းရှာတာ သိပေမယ့် နှုတ်ဆိတ်နေရလေသည်။





ဒါပေမဲ့ အိမ်ပြေးမလေးဆိုတဲ့အသိက သူတို့လင်မယားရင်ထဲမှာ မီးပုံကြီးတစ်ပုံလို ပူနေတဲ့အဖြစ်။

ဘာပြဿနာ လာမလဲ၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းက သိရင် ဘာဖြစ်လာမလဲ။ တော်ကြာ မောင်ခေတ်မိဘနှစ်ပါး သိသွားလို့ကတော့ ပွဲကြီးပွဲကောင်း ဖြစ်နိုင်တယ်မဟုတ်လား။

သူတို့လင်မယားကို အလိုတူအလိုပါလို့ စွပ်စွဲလာရင် ဘယ်လိုဖြေရှင်းရမလဲ။ ကိုယ့်ကျေးဇူးရှင်တွေအတွက် ကျေးဇူးတရားမဲ့လေခြင်းလို့ ခေါင်းစဉ်တပ်လာရင် –

အိုး ရင်ထဲမှာ ဟိုတွေးဒီတွေး ပူနေရတာ သူမလေး အိမ်ပြေးမ,ဆိုတာ သိကတည်းက။

ဒါတင်မက မောင်ခေတ်က ခင်းလေးကို တယုတယဖြစ်နေတဲ့ကိစ္စ။

ဒီကောင်မလေးအပေါ်မှာ မောင်ခေတ် စွဲလမ်းတပ်မက်မနေဘူးလို့ သူတို့လင်မယား အာမ,မခံရဲဘူး။ မောင်ခေတ်မျက်လုံးသာမက အမူအရာတွေကအစ သူမလေးအပေါ်မှာ ကြင်ကြင်နာနာ သိမ်သိမ်မွေ့မွေ့ မဟုတ်လား။

နောက်ပြီး တိုက်ခန်းမှာ နှစ်ယောက်တည်း နှစ်ပတ်ကြာ အတူနေလာတဲ့ သူတို့နှစ်ယောက်။

"ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ထိုလင်မယား သက်ပြင်းတွေသာချရင်း ငြိစွန်းသလား၊ မငြိစွန်းနေဘူးလား၊ ဘာကိုမှ ယတိပြတ် မပြောနိုင်။

ခုလည်းကြည့်၊ သူမလေး ခြေဖျားချပြီး ခြေလှမ်းလှမ်းလို့ရပေမယ့် ခြေလှမ်းခွင့် မပေး။ အသည်းပိုနေသည်။

ဆေးတိုက်ရတာလည်း တယုတယ။

မောင်ခေတ်ရောက်လာရင် သူတို့လင်မယား ရှောင်ပေးရကောင်းနိုးနိုး၊ ထိုင်ကြည့်နေရကောင်းနိုးနိုးနဲ့ ဗျာများနေရတယ်လေ။

ပိုပြီး ဗျာများနေရသည်က ပန်းကုံ့ကော်ကီစွ။ ပန်းကုံ့ကော်ဆိုတာ မောင်ခေတ်မိဘ ချွေးမ,တော်ဖို့ ရည်ရွယ်ထားတဲ့ မိန်းကလေးမဟုတ်လား။

ခုတော့ မောင်ခေတ်ရဲ့ဇာတ်လမ်းထဲမှာ သူတို့လင်မယား လုံးလုံးလျားလျား ပါဝင်ရသလို နှုတ်ဆိတ်နေရတဲ့အဖြစ်။

တော်ပါပြီ။

မတွေးတော့ဘူး။

စိတ်ကို တင်းပစ်ကာ အသည်းပိုနေတဲ့ ခေတ်နဲ့ အချွဲကြိုက်တဲ့ သူမကလေးတို့ကို မလှမ်းမကမ်းမှာ စောင့်ဆိုင်းကြည့်နေရင်း။

✿ ✿ ✿



## အခန်း (၁၉)

"ခေတ်"

အုတ်လှ ရုံးခန်းထဲဝင်လာရင်း တစ်ပါတည်း ခေါ်သည်။ ခေတ်က စက်ရုံကထွက်လာတဲ့ ပရိဘောဂကုန်ချောစာရင်း စစ်နေရာမှ မော့ကြည့်ရင်း –

"ဘာလဲ"

ဟု မေးလေးဆတ်ကာ အသံတိတ်မေး၏။

"ကိုယ်တို့ နေ့လယ်စာ စားတော့မလို့"

"စားလေ၊ ကိုယ်လည်း စားမယ်"

ခေတ် လွှတ်ခနဲပြောလိုက်သော်လည်း အုတ်လှနား အုတ်လှ



www.burmeseclassic.com

www.burmeseclassic.com



မယုံသလိုဖြစ်လျက်။ ကြောင်တောင်တောင် ရပ်ကြည့်နေသည်။

"ဒါလေး စစ်ပြီး လာခဲ့မယ်၊ ခဏစောင့်"

ခေတ် တစ်ဆက်တည်းပြောလေ အုတ်လှ ပိုငေးလေ။ ပိတောက်ခင်းနဲ့ ဖယားရိုကတည်းက သူတို့နဲ့ နေ့လယ်စာအတူမစားတာလေ။ အုတ်လှတို့က ဝန်ထမ်းဖြစ်တဲ့အတွက် ထုံးစံအတိုင်း အခေါ်မပျက်ပါ။

တာဝန်ကျ ခေါ်ရသည်။ ခေတ်က အလုပ်ရှင် မဟုတ်လား။ ခေတ် စားတာ,မစားတာက ခေတ်သဘော။

ရှောင်ဖယ်တာ ရက်များစွာ ကြာခဲ့ပြီ။

ဒီနေ့တော့ စားမယ်တဲ့။

စားမယ်ပြောတော့ အုတ်လှ အံ့သြတာလည်း ပါတာပေါ့။

"ကိုယ့်အတွက် ယိုးဒယားငါးချိုချဉ်ကြော်လေး မှာဖို့မမေ့နဲ့"

"ဪ၊ အေး"

ခေတ်အသံ ထပ်ထွက်လာမှ အုတ်လှ အံ့သြတာတွေ ဘေးဖယ်ကာ ခေတ်ကို ကျောခိုင်းသွားလေသည်။

ကုန်ချောစာရင်းတွေ ခေတ် စစ်ဆေးပြီးမှ ထမင်းစားဖို့ ထသည်။ ထိုအခါ ရုံးခန်းစားပွဲပေါ်ရှိ တယ်လီဖုန်း မြည်၏။

ငွေမင်ရောင်ဖုန်းခွက်ကို ခေတ် ကောက်ယူလိုက်ပြီး ဟဲလိုဟု ဖုန်းထူးလျှင် –





"ကိုကြီး"

ခင်းအသံချိုချိုလေး တိုးဝင်လာလျှင် ခေတ်မျက်ဝန်းမှာ ကြည်နူးရိပ်လေး ရီဝေလို့ သွားသည်။

"ပြော ခင်းလေး"

"ကိုကြီးကလည်း နေ့တိုင်းပဲ ပြောနေရတယ်လို့၊ ဘယ်အချိန်ရှိနေပြီလဲ၊ ကိုကြီး ဗိုက်မဆာတတ်ဘူးလား"

ချွဲချွဲသော ခင်းအသံလေး အဆုံးသတ်မှာ ခေတ်နှုတ်ခမ်းပေါ် အပြုံးပန်းတို့ ဖူးချေသည်။

နေ့လယ်စာ စားချိန်တိုင်း ခင်းလေး ဖုန်းဆက်နေကျ။ ခုလိုပဲ နှုတ်ခမ်းလေးစူပြီး မေးနေကျ။ သူမလေး ကျေနပ်အောင်လို့ ခေတ်လည်း ပြောနေကျစကား ပြောရလေသည်။

"ဆာတာပေါ့ ခင်းရယ်"

"ဟွန်း ပြောလိုက်ရင် ဆာတာချည်းပဲ၊ ဘယ်တော့မှ ထမင်းစားချိန်ကို သတိတရမရှိဘူး၊ ခင်းဖုန်းဆက်မှ ဆာတာပေါ့ ဆာတာပေါ့နဲ့"

"တကယ်ဆာပါတယ်ကွာ၊ အလုပ်တွေ ရှုပ်နေလို့"

"ရှုပ်ရင်လည်း ရှုပ်တဲ့အတိုင်း ထားခဲ့ပေါ့၊ ခင်း ကူလုပ်ပေးလို့ရတာကို ကူလုပ်ပေးမယ်ပြောလည်း လက်မခံဘူး၊ တစ်ယောက်တည်း လုပ်နေတော့ ထမင်းစားချိန်က လွန်ရော၊ လွန်တာမကောင်းဘူး ကိုကြီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာ အစာအိမ်ရောဂါ ဘာညာဖြစ်ကုန်မယ်လေ"

"သိပါတယ် ဒေါက်တာမလေးရယ်"

"ကိုကြီးနော် လူကို မရွဲ့နဲ့နော်၊ ဒါပဲ မြန်မြန်လာခဲ့၊ ဒီမှာ ထမင်းပွဲ ပြင်ထားပြီးပြီ"

"အေး၊ ဟာ နေ နေ"

"ဘာဖြစ်ပြန်ပြီလဲ"

သူမလေး ခြေကလေးပင် ဆောင့်လိုက်မယ်ဆိုတာ ခေတ် သိနေသည်။ ဒါပေမဲ့ အခြေအနေကို သူငယ်ချင်းတွေမသိအောင် ဖုံးဖိထားတဲ့ကိစ္စ ရှိသေးတယ်မဟုတ်လား။ သူမလေးကို အချိန်ပေးလို့ မဖြစ်။

သူငယ်ချင်းတွေနဲ့လည်း အချိန်ကုန်ဖို့ လိုအပ်တယ် မဟုတ်လား။ ဒါကို သူမလေး နားလည်ဟန်မတူ။ ထုံးစံအတိုင်း နေ့လယ်စာ စားဖို့ ဖွတ်ခေါ်နေတာလေးကို ဒီနေ့ကို လိုက်လို့မဖြစ်ဘူးဆိုတော့ -

"ခင်း"

"ပြောလေ"

"ကိုယ် ဒီနေ့လည် မလာတော့ဘူး"

"ဘာရယ်၊ ကိုကြီး ဘာပြောတယ်"

"ဩော် ဒီမှာ ကိုယ့်သူငယ်ချင်းတွေနဲ့ အတူတူစားတော့မလို့"

"ဟွန်း စား စား၊ သူငယ်ချင်းနဲ့ စားစား၊ ရည်းစားနဲ့ စားစား ကြိုက်တဲ့လူနဲ့ စား၊ ခင်း မခေါ်တော့ဘူး၊ ဒါပဲ"





ဆတ်တောက်တောက်ကလေးပြောပြီး ဖုန်းချလိုက်တဲ့ ပိတောက် ခင်းရယ်။ ဖုန်းခွက်ချသံ အကျယ်ကြီးကြားလိုက်ရတာမို့ ခေတ် နားပင် အူမတတ်။

ကလေးဆန်ချင်နေတဲ့ ခင်းလေးစိတ်က အဲ့လိုရယ်။ အေးလေ သူနဲ့ယှဉ်ရင် ခင်းလေးက ကလေးမဟုတ်လား။

ကလေးဆန်စွာ စိတ်ကောက်သွားတာလေးက ပိုပြီးသဘောကျစရာ။ နေပါစေ၊ ကောက်ပါစေ၊ ညနေကျမှ သူမလေးဆီသွားပြီး စိတ်ကောက်ပြေအောင် ချော့ပါ့မယ်လို့ ရင်ထဲ တေးမှတ်ကာ။

"ခေတ်ရေ လာတော့၊ အဆင်သင့်ပဲ"

ရုံးခန်းအပြင်ဘက်ကပြောတဲ့ မေစိုးအသံ ကြားရတာမို့ ခေတ် လက်ထဲကိုင်ထားဆဲ ဖုန်းခွက်ကို ကမန်းကတန်း ချကာ -

"လာပြီ"

ပြောရင်း ရုံးခန်းထဲက ထွက်ခဲ့သည်။ မေစိုး ဦးဆောင်ဝင်သွားတဲ့ ညာဘက်က ထမင်းစားခန်းထဲ ခေတ် လိုက်ဝင်ခဲ့သည်။

"လာ ခေတ်၊ မင်းအကြိုက် ယိုးဒယားငါးချိုချဉ်ကြော်ရတယ်၊ Top Star က"

တိုးတက်ပြောရင်း အသင့်ပြင်ထားတဲ့ ထမင်းစားဝိုင်းမှာ ထိုင် ချသည်။

"Top Star က ယိုးဒယားအစားအစာ သိပ်ကောင်းတယ်ကွ၊



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ကော မမှာဘူးလား"

"ဘယ်သူမှ လက်မနှေးဘူး ခေတ်ရဲ့၊ အားလုံး ကိုယ့်အကြိုက် ကိုယ်မှာတာချည်းပဲ၊ တော်ကြာ ဘောလ်စာရွက်ကြည့်ပြီး မျက်လုံးက ထန်းသီးလို ပြူးထွက်မလာနဲ့"

"မေစိုး နင်ဟာလေ"

ဟောဟောဒိုင်းဒိုင်း ပြောချလိုက်တဲ့ မေစိုးခေါင်းကို ခေတ် လက်သီးဆုပ်နဲ့ လှမ်းထုမိသည်။ မေစိုး ရှောင်လိုက်တော့ ပခုံးစွန်းကို ထုမိသွားသည်။ အားလုံးက သဘောကျစွာ ရယ်မောလျှင် –

"ကိုယ် ဘယ်တုန်းက မျက်လုံးပြူးဖူးလို့လဲ"

"သိဘူးလေ၊ အရင်က မပြူးပေမယ့် အခု ပြူးချင် ပြူးနေမှာပေါ့"

"ဘာစကားလဲ၊ အခု ပြူးချင် ပြူးမယ်ဆိုတာ"

စကားက အနှောင့်အသွားမလွတ်သလိုကြီး။ မေစိုးပြောရင်း ထိုင်ချလျှင် ခေတ်လည်း ထိုင်ခုံလွတ်မှာ ဝင်ထိုင်ရင်း မေးသည်။

မေစိုး နှုတ်ခမ်းလေးချွန်ကာ ခေတ်ကို ပြောင်စပ်စပ်ကြည့်၏။ မေးတာကို မဖြေတော့ ခေတ်ရင်မှာ ဘဝင်မကျတော့ပါ။

"အလကားပါကွာ မေစိုးက ပြောချင်ရာပြောနေကျ၊ လွှတ်ထားလိုက် ခေတ်"

တိုးတက် ဖုံးဖုံးဖိဖိပြော၏။ ယုနိုင်နဲ့ အုတ်လှ တိတ်ဆိတ်နေရာ





မှ မေ့စိုးကို မျက်ရိပ်နဲ့ပြသည်။ ပြောင်စပ်စပ် လုပ်မနေနဲ့လို့။

တစ်ဖွဲ့လုံးက တစ်ဖက်၊ ခေတ်တစ်ယောက်က တစ်ဖက်လို ဖြစ်နေကာ အကြောင်းမဲ့မဟုတ်နိုင်။

မေစိုးကလည်း အုတ်လှတို့ပြောတဲ့အတိုင်း ပုံမှန်မျက်နှာလေး တည်ထားလိုက်တော့ အတင်းမေးချင်ပေမယ့် မေးဖို့မလွယ်မှန်း ခေတ် သဘောပေါက်လေသည်။

ဝေ့ကြည့်လိုက်တော့ အားလုံးက ထမင်းစားဖို့သာ စိတ်ထက်သန်နေတာကလွဲပြီး ငြိမ်လျက်။ လူစုံပေမယ့် နေမင်းတစ်ယောက် လို နေမှန်း သိထားမိတာကြောင့် –

'နေမင်း'ကောလို့ ခေတ်မေး၏။

"မင်းအကြိုက် ချော့ကလက်ကိတ် သွားဝယ်နေတယ်၊ မကြာဘူး ရောက်တော့မယ်"

အုတ်လှ ပြောရင်း သူ့ရှေ့ကို ယိုးဒယားချိုချဉ်ကြော်ပန်းကန် ချပေးသည်။

ခေတ် ဖွန်းခက်ရင်းကိုင်ပြီး ငါးချိုချဉ်ကြော်တစ်ဖဲ့ မြည်းသည်။ ငါးချိုချဉ်ကြော်က ခါတိုင်းအရသာမျိုး မဟုတ်သလို ခံစားရသည်။

ချိုခွဲနေသလို တစ်ဖက်ကလည်း အချဉ်စူးလျက်။

"စားနေပြီလား"

မေးရင်း ရွှင်ရွှင်မြူးမြူးလေး ဝင်လာတဲ့ နေမင်း။ လက်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ကိတ်မုန့်ဖာနှင့်။ ကိတ်မုန့်ဖာကို သစ်သီးတွေတင်ထားတဲ့ စားပွဲပေါ် နေမင်း တင်ပြီး –

"ခေတ် ဒီမှာ နေ့လယ်စာစားမယ်ဆိုလို့ ကိုယ် အပြေးအလွှား သွားဝယ်ခဲ့တာကွ"

"ကျေးဇူးပဲ"

ခေတ် လှိုက်လှိုက်လှဲလှဲပြောကာ ထမင်းတစ်ဇွန်း ခပ်စား၏။ နေမင်း လွတ်နေတဲ့ခုံမှာ ဝင်ထိုင်သည်။

ခေတ်နဲ့ဆို စောင်းစောင်းနေရာ။ ဒါပေမဲ့ ထမင်းတစ်ဝိုင်းတည်းမို့ အားလုံးမျက်နှာတွေပေါ်က ခံစားချက်တွေကို အကဲခတ်လို့ ရနေသည်။

အားလုံးကိုယ်စီ ထမင်းစားနေကြမို့ နေမင်းလည်း သူ့အကြိုက် ကြက်ကုန်းဘောင်ကြီးကြော်ကို အရင်ခပ်ပြီး ထမင်းပန်းကန်ထည့်ရင်း–

"ပြောစရာရှိတယ်ကွ၊ ခေတ်ရှိနေတာ အတော်ပဲ"

နေမင်း ထမင်းလုတ် ခံတွင်းထဲထည့်ဝါးရင်းပြောလျှင် ခေတ် မျက်ခုံးပင့်လျက် စိတ်ဝင်တစား မေးဆတ်မေးသည်။

"ဘာလဲကွ"

သူငယ်ချင်းအားလုံးလည်း စိတ်ဝင်တစား နားဆင်နေသည်မို့ နေမင်း ခပ်သွက်သွက် ပြောသည်။

"ဒင်နာဖိတ်လို့ကွ"

"ဘယ်သူကလဲ"





"ကံ့ကော်"

"ဟင်"

ခေတ် ထမင်းအဝါးပျက်သွားသည်။ နေမင်းက စိတ်အားထက်သန်စွာ ပြောနေဆဲ။

"ဟုတ်တယ် ခေတ်၊ ကိုကောင်းနဲ့ မရီလေးတို့ တစ်လပြည့် မင်္ဂလာအထိမ်းအမှတ်တဲ့၊ ကိုယ်တို့အားလုံးကိုပါ ဖိတ်တာ၊ အဲဒီအစီအစဉ်က ထူးခြားမယ်ကွ၊ ကိုကောင်းကလည်း အစီအစဉ်တစ်ခုလုပ်ထားတယ်တဲ့"

"ဘာအစီအစဉ်လဲ"

မေစိုး အားလုံးထက်ဦးစွာ မေးသည်။

"ဒါတော့ ကိုကောင်းပဲ သိမယ်"

"ဟွန်း ကြိုသိတော့ ကောင်းတာပေါ့"

"မေစိုးကလည်း ကြိုသိတော့ ဖီလင်လျော့တာပေါ့ကွ၊ ဘွားခနဲ သိလိုက်ရတဲ့အစီအစဉ်ကမှ ကောင်းတာ၊ ကိုကောင်းမှာ အဲဒီအိုင်ဒီယာမျိုးတွေ ရှိတယ်လေ၊ ကိုကောင်းလုပ်ရင် ထူးကို ထူးမယ်၊ နော် ခေတ်"

အုတ်လှက တံတောင်နဲ့ သူ့လက်ကိုတိုက်ရင်း ပြောသည်။ ခေတ် ယောင်တောင်တောင်နဲ့ ခေါင်းညိတ်လိုက်ရပေမယ့် ရင်ထဲမှာ တစ်ခုခုခံနေသလို။

"ဒင်နာမှာ အားလုံး လူစုံရမယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



တိုးတက် အားတက်သရောပြောသလို ယုနိုင်နဲ့ အုတ်လှလည်း ခေါင်းတညိတ်ညိတ်နှင့်။

"စုံရမှာပေါ့ကွ၊ ဝါးတီးပွဲပဲဥစ္စာ၊ ဒါတင်မက ကိုကောင်းက အထူးအစီအစဉ်လုပ်မှာဆိုတော့"

"ခေတ် နင် မေ့မနေနဲ့ဦး"

ယုနိုင် စကားမဆုံးခင် မေစိုး ပြောလေသည်။

"မမေ့ပါဘူးကွာ"

ပြောသာပြောလိုက်ရပေမယ့် အားမပါလှ။ ထမင်းပန်းကန်ကို သာ တွင်တွင်ငုံ့ကြည့်နေရင်း ချိုလှသော သူမမျက်နှာလေး မြင်ယောင်ကာ။

နေ့လယ်စာ သွားမစားလို့ စိတ်ကောက်နေမယ့် ခင်းလေး။

ညနေမှ သွားချော့ပါ့မယ်လို့ စိတ်ကူးခါမှ ဖျက်လို့မရတဲ့ အစီအစဉ်က ပေါ်လာသည်။ နောက်ပြီး –

ကုံကော်ဖန်တီးတဲ့ဒင်နာပွဲက ရိုးသားတဲ့ရည်ရွယ်ချက်နဲ့ မဟုတ်မှန်း ခေတ်သွေးသားက သိနှင့်သလို။

ကိုကောင်းကိုလည်း လျှော့တွက်လို့မရမှန်း အကဲခတ်မိနေသည်။ ဘာဖြစ်လို့လဲဆိုတော့ ခေတ်နဲ့ သူမကလေး ရှုခင်းသာ သွားကြတုန်းက ကိုကောင်းကို ရိပ်ခနဲ တွေ့လိုက်သည်မဟုတ်လား။

သေချာပြန်လိုက်ကြည့်တော့ ကိုကောင်းတို့စုံတွဲ အရိပ်ကလေးပင် မမြင်။ ကိုကောင်းဝါသနာက ဒီလိုနေရာမှာ အလျှင်သား မဟုတ်လား။





ကိုကောင်း 'ဇ' ကို သိနေတော့ ခေတ် ရင်ပူကာ –

"စားလေ ခေတ်"

ထမင်းဆက်မစားဘဲ အတွေးနဲ့ ငြိမ်နေတဲ့ ခေတ်။ နေမင်း အသံကျယ်ကျယ်နဲ့ နှိုးဆော်ခါမှ ခေတ် ထိုအတွေးပုထဲက ရုန်းထွက်ကာ ဣန္ဒြေဆယ်လိုက်ရသည်။

ထမင်းဆက်စားမိပေမယ့် ခံတွင်းထဲမှာ အရသာကင်းမဲ့ကာ။

ကျွတ်။

ခံစားမှုက ပြဿဒါး ငြိနေပြီလား။

ပြောစမ်းကွာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

မှန်ရှေ့ရပ်ကြည့်လိုက်သည်နှင့် ကံ့ကော်မျက်ဝန်းအစုံ တောက်ရွှန်းမြူးကြွလို့သွားပါသည်။ သူမကိုယ်ပေါ်က အလှတရားတွေကိုလည်း သူမကိုယ်တိုင် အံ့သြမဆုံး၊ ချီးကျူးမဆုံးဖြစ်လျက်။

ဟုတ်တယ်လေ။

ဒင်နာပွဲမှာ သူများထက် ထင်ထင်ပေါ်ပေါ်လှနေဖို့ အရေးကြီးတယ် မဟုတ်လား။ ဒါကြောင့် ရွှေမှုင်ကြိုးလေးတွေ အနားတပ်ထားတဲ့ လီမွှော်ရောင်ဖက်ရှင် ရွှေးဝတ်ကာ –

ဒူးအထိ လက်စက ကိုယ်နဲ့အကျပ်အထိ ဂါဝန်အင်္ကျီလေးက ကံ့ကော်ရဲ့ကိုယ်လုံးအလှကို ဝင့်ဝင့်ကြွကြွ ဖော်ပြနေသည်။





ခြေလှမ်းလေး လှမ်းလိုက်တိုင်း အဖွံ့အကြွတွေက လှုပ်လှုပ်အိအိဟာလေးနဲ့ ညှို့ငင်ဆွဲဖက်ခြင်းကို ဖြစ်စေကာ။

ဆံပင်အားလုံးကို အပြောင်သိမ်းပြီး ခေတ်မီဆံထုံး ထုံးဖွဲ့ထားတာမို့ အလှပိုပေါ်စေသည်။

မျက်နှာအစိတ်အပိုင်းအသီးသီးက ကာလာရောင်စုံနဲ့ အထူးသဖြင့် ထောင့်ချိုးကျကျနနပေါ်အောင် ပုံဆွဲထားတဲ့ နှုတ်ခမ်းက လီမွှော်ရောင်အရင့်ဆုံးဖြစ်ကာ အဆီပါတဲ့ ဆိုးဆေးကို ရွှဲရွှဲဆိုးထားသေးတာမို့ မြင်သူအပေါင်းကို ငေးမောသွားစေမယ့်အစွမ်းတွေ ရှိတယ်လေ။ ပုလဲဝါတွေချည်း ကိုယ်ပေါ်ဆင်မြန်းထားတဲ့ ပန်းကံ့ကော်က လီမွှော်ရောင်နတ်ကညာပျိုလေးနဲ့ မခြားပေ။

“ဟယ် ကံ့ကော် ကြည့်စမ်း၊ ရှင် ဒီလောက်လှနေတယ်၊ ဟုတ်လား”

ဆင်း ပြောရင်း အခန်းထဲဝင်လာကာ မှန်ထဲမှာပေါ်နေတဲ့ ကံ့ကော်တစ်ကိုယ်လုံးအနှံ့လည်း ကြည့်၏။

ထိုမှုနဲ့ အားမရနိုင်။ ပခုံးလေးဖက်ပြီး –

“ဘာလဲ၊ ကံ့ကော် အလှပဂေးမလေးဆိုတာ အရင်က မသိဘူးပေါ့လေ၊ ဟုတ်လား ဆင်း”

“ဟဲ ဟဲ၊ အခု ပိုလှနေတာကို အံ့သြနေတာ”

“မအံ့သြပါနဲ့၊ နဂိုရှိမှ နဂိုင်းထွက်နိုင်တာပါဟယ်”



www.burmeseclassic.com

www.burmeseclassic.com



"မှန်တာပေါ့၊ နဂိုရှိမှ နဂိုင်းထွက်တယ်ဆိုတာ၊ ဒါပေမဲ့ အဲဒီ နဂိုင်းက တစ်ယောက်ယောက်ကို ညှို့နိုင်စွမ်းရှိရမယ်လေ၊ မဟုတ်ဘူးလား"

"ဘာရယ် မေစိုး"

ဆင်းက ခေါင်းလေးပဲ ညိတ်သည်။ နောက်ကျမှ အခန်းထဲ ဝင်လာတဲ့ မေစိုး။ ထိုသို့ပြောလျှင် မှန်ရှေ့မှ ကုံကော်တစ်ကိုယ်လုံး လှည့်ပြီး မေးစိုးကို မေးသည်။

"ဟုတ်တယ်လေ၊ ရှင်က အလှတွေ, မာနတွေ မောင်းတင်ထားတာ ဒီဂရီလွန်နေတယ် မဟုတ်လား"

"အောင်မာ၊ ကုံကော် ရှင် ဘာစကားပြောတာလဲ"

အလှသွေးကြွယ်နေတဲ့ ကုံကော်မျက်နှာလေး ချက်ချင်းတင်းမာသွားသည်။ လက်တစ်ဖက် ခါးပေါ်ရောက်မတတ်ဖြစ်ကာ ခြေလှမ်းတွေ ရှေ့တိုး၏။

ဆင်းက မေစိုးကို ငြူစူသလိုကြည့်သည်။

မေစိုးက ဘာကိုမှမမှု။ မျက်နှာချင်းဆိုင်ဖြစ်သော်လည်း ထုံးစံအတိုင်း ပြောချသည်။

"ဘာစကားပြောရမှာလဲ၊ ရှင် မလိုအပ်ဘဲ မာနမောင်းတင်ထားလို့ မဖြစ်သင့်တာ ဖြစ်တော့မှာလေ၊ အစကတည်းက ရှင့်ဘက်က ဖယောင်းလို ပျော့ပျော့ပျောင်းပျောင်းဆိုရင် ခေတ် ငြိနေမှာ သေချာ





တယ်၊ အခုမှ ငြိအောင် အလှပြင်ပြ၊ ဟိုလို အကြံထုတ်၊ ဒီလိုဉာဏ်ထွင်ပြီး အပိုင်ကြံတိုင်း ဖြစ်မတဲ့လား"

"နေပါဦး မေစိုး။ ကုံကော်ကို တိုက်ခိုက်နေတာလား"

ဆင်း ဘွင်းဘွင်းရှင်းရှင်းပဲမေးရင်း မေစိုးရှေ့ ရောက်လာသည်။ ကုံကော် နှုတ်ခမ်းလေးဖိကိုက်ရင်း မေစိုးပြောသမျှကို ရှုပ်ရှုပ်ထွေးထွေး ခံစားနေရကာ။

ဆင်း ဝင်မေးလိုက်တာက ကုံကော်ရဲ့အရှုပ်အထွေး ခံစားချက်အတွက် အချက်ကျကျ ဖြစ်လေသည်။

မေစိုးက ပန်းလေးပင့် မျက်နှာလေးကို ပြုံးမဲ့သလိုပြုရင်း –

"ဆင်းခက်ခက်ရယ် ရှင်တို့ကြောင့်ခက်တယ်၊ ဒီမှာ ရှင် အားပေးအားမြှောက်လုပ်နေလို့ ကုံကော် သွေးနားထင်ရောက်နေတာဟဲ့"

"အလိုလေး"

"အလိုမလေးနဲ့ ကုံကော် သွေးနားထင်ရောက်နေတာက ခေတ်သူများဘက် ခြေဦးလှည့်သွားစေဖို့ တွန်းပစ်သလို ဖြစ်နေတာလေ၊ ဒါကြောင့် အစကတည်းက မေစိုးပြောတာ၊ ခေတ် လိုက်တဲ့အချိန် အမိခံလိုက် ဆိုတာလေ၊ အဲဒါ အကြောင်းမဲ့မဟုတ်ဘူး၊ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်ချင်လို့ဟဲ့"

မေစိုးပြောလိုက်ခါမှ ကုံကော်စိတ်ထဲ ရှုပ်ထွေးနေတာတွေ ရှင်းတော့သည်။ မေစိုး ဘုဘုဘောက်ဘောက်ပြောတိုင်း ကုံကော်အပေါ်



www.burmeseclassic.com

www.burmeseclassic.com



မနှစ်မြို့လို့ဟု ကံ့ကော် ထင်ခဲ့တာလေ။

ခုတော့ –

"ကံ့ကော်ရယ် ပြေးတဲ့လူကို မိအောင်ပြန်ဖမ်းဖို့ ခက်တယ်လေ"

"အို မခက်ပါဘူး"

ကံ့ကော် ခပ်ဆတ်ဆတ်ကလေး ပြော၏။

"ဟုတ်တယ်၊ မေစိုးကလည်း မခက်ပါဘူး"

ဆင်းကလည်း မေစိုးစိတ်ကို ခုမှ နားလည်ကာ သွက်သွက်ကလေး ပြန်ပြောသည်။ မေစိုး မေးလေးဆတ်၍ –

"နေပါဦး၊ ဘယ်လို မခက်မှာလဲ"

"အဟင်း၊ ကိုကောင်းအစီအစဉ် ရှင်မှ မသိသေးဘဲ"

"ကိုကောင်းအစီအစဉ်"

"ဟုတ်တယ်"

"ဘာလဲ"

"မကြာခင် သိရမယ်ရှင့်၊ ဟွန်း ရှင်နဲ့အချေအတင်ဖြစ်နေတာနဲ့ အစီအစဉ်ပါ နှောင့်နှေးသွားမယ်၊ ကဲ လာကြတော့"

ကံ့ကော်ပြောရင်း ရှေ့က ထွက်သွားသည်။ မေစိုးက ခေါင်းရှုပ်ရှုပ်ဖြစ်ကာ။

ဆင်းက –





"ကံ့ကော် ဒီမှာ ရှင့်လက်ကိုင်အိတ်လေး ကျန်သွားပြီ"

"ယူခဲ့လိုက်လေ"

ကံ့ကော် နောက်ပြန်လှည့်မလာ။ ဆင်းကပဲ ရွှေရောင်လက်ကိုင်အိတ်လေးယူကာ ကံ့ကော်နောက် လိုက်ထွက်သွားသည်။

"ဟဲ့ နေကြဦးလေ"

မေစိုးတစ်ယောက်တည်း ငေါင်ကျန်နေလို့ ဘာအကျိုးမှ ထူးမှာမဟုတ်ဘူး။ ဆင်းနောက်က လိုက်ခဲ့သည်က ကိုကောင်းအစီအစဉ်ကို ကြိုတင်သိလိုစိတ်ကလေးနဲ့ရယ်။

ကံ့ကော်ဦးဆောင်တဲ့ ဒင်နာပွဲလေးမှာ ကိုကောင်းက ဘယ်လိုစီစဉ်မှာလဲ။ ကံ့ကော် စိတ်ဆန္ဒအတိုင်း ခေတ်ကို အမိဖမ်းနိုင်မလား။

မေစိုး ဘာကိုမှ ကြိုမတွေးရဲပါ။

ဘာဖြစ်လို့လဲဆိုတော့ ပိတောက်ခင်းဆိုတဲ့ ကောင်မလေး ရှိနေလို့လေ။

ခင်းလေးက ကံ့ကော်နဲ့မတူ။ သံလိုက်လို ဆွဲငင်အားကောင်းတဲ့ ချစ်စဖွယ်အလှပိုင်ရှင်မလေး။

ပြီးတော့ ယောကျ်ားတွေက ရွယ်တူချင်းထက် ငယ်ငယ်နုနုလေးကို မျက်စိကျတတ်တယ် မဟုတ်လား။

ခုလည်း ထိုငနဲမလေးကို မျက်စိတင်မက နှလုံးသားပါ ကျနေတဲ့ ခေတ်အခြေအနေ။



www.burmeseclassic.com

www.burmeseclassic.com



ခင်းလေးအပေါ် စိတ်နှလုံးယှိုင်နဲ့နေတဲ့ ခေတ်။

မေဖိုး စိတ်ပူတာ အဲဒါပဲ သူငယ်ချင်းမရှိလို့ ဟာစ်ကြွေးလိုက်ချင်တယ်။

တကယ်။

✿ ✿ ✿



## အခန်း (၂၁)

ခင်နာပွဲက အစိမ်းရောင် မှိုင်းတိုက်ကြီးနှယ်။

အခမ်းအနား အသုံးအဆောင် အပြင်အဆင်နဲ့တကွ အလှမီးသီးတွေအဆုံး အစိမ်းရောင်တွေချည်း။

အစိမ်းရင့်၊ အစိမ်းဖျော့ဖျော့၊ အစိမ်းနုနုလဲ့လဲ့တွေချည်း။ ဒါတင်မက ရောင်စုံမီးဆိုင်းကြီးက အလင်းတွေစိမ်းလဲ့ကာ လွှမ်းခြုံနေတဲ့ အခါ ခေတ်တစ်ကိုယ်လုံး စိမ်းဖိတ်သွားသည်။

"ခေတ် လာ လာကွ"

"မင်းနောက်ကျနေလို့ ခုပဲ ဖုန်းဆက်မလို့ကွ"

နေမင်းနဲ့ယုနိုင် ပြိုင်တူလိုလို လှမ်းပြောရင်း ထ,ကြိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ခေတ်"

ကိုကောင်းကလည်း လက်ပြန်နှုတ်ဆက်ကာ ထိုင်မယ့်နေရာတွေ ဘာတွေ အဆင်သင့်လုပ်ပေးလေသည်။

"ဩော် ခေတ် ရောက်နေမှကိုး။ ဟင့် ဟင့် ဟင့်"

အစိမ်းရောင်လွှမ်းတဲ့ခန်းမထဲ လိမ္မော်ရောင်ခြယ် ကံ့ကော် ဝင်လာရင်း နှုတ်ဆက်သည်က တစ်ခုခုကို ကြိုတင်အကွက်ချ စီမံထား သလိုလို။ ဘာမှန်း ခေတ် နားမလည်ပေမယ့် ကသိကအောင့်ခံစားရ တာတော့ အမှန်ရယ်။

သူငယ်ချင်းအားလုံး စုံစုံညီညီ။ ကိုကောင်းနဲ့ မရီလေးရဲ့ နှစ် ဖက်သူငယ်ချင်းတွေလည်း ဆယ်ယောက်ထက်မနည်း ပါလေသည်။

"ထိုင်လေ၊ အားလုံး တစ်ဝိုင်းတည်းထိုင်လို့ရအောင် စီစဉ်ထား တာ၊ ဟင့် ဟင့် ဟင့်"

ကံ့ကော် ရွှန်းရွှန်းဝင့်ဝင့်လေးပြောရင်း စားပွဲရှည်ကြီးထိပ်မှာ ဦးစွာဝင်ထိုင်လေသည်။ ထိုအခါ အားလုံးလည်း ကိုယ်စီထိုင်ကြသည်။

ခေတ်က စားပွဲထိပ်မှာထိုင်မိလျှင် ကံ့ကော်နဲ့ မျက်နှာချင်းဆိုင် ထိုင်မိသလို ဖြစ်လျက်။

အစုံအလင်တည်ခင်းထားတဲ့ စားသောက်စားပွဲမှာ အားလုံး ကိုယ်စီ ထိုင်ပြီးသည်နှင့် တိုးတက် ထပြောသည်။

"ဒီဒင်နာပွဲဟာ ကိုကောင်းနဲ့မရီလေးတို့ရဲ့ တစ်လမြောက်





မင်္ဂလာပွဲအထိမ်းအမှတ်စားသောက်ပွဲလေးပါ။ ဒီပွဲစီစဉ်တဲ့သူက ကံ့ကော် ပါ။ စားသောက်ပွဲအခမ်းအနားလေး စတင်ပါတော့မယ်"

တိုးတက် ဝင့်ဝင့်ထည်ထည်လေး ပြောလို့ဆုံးသည်နှင့် တဒိုင်း ဒိုင်းနဲ့ ပေါက်ကွဲသံတွေ ဆူညံသွား၏။

ထိုအခါ အားလုံး လန့်လန့်ဖျပ်ဖျပ်လေးဖြစ်ကာ -

တချို့က ထိတ်လန့်ပြီး အော်ဟစ်ကြ၏။ မကြာပါ ပေါက်ကွဲ သံရပ်တန့်သွားလျှင် နားဝင်ပီယံရှိလှသော စောင်းတီးသံလေး ပေါ်လာ ပြန်သည်။

စောစောက ပေါက်ကွဲသံကြောင့် ထိတ်ထိတ်လန့်လန့်ဖြစ်နေ ရှာတဲ့ ခေတ်တို့အားလုံးကို ထိုစောင်းသံက စုပ်ယူသလို။

တဖြည်းဖြည်းနှင့် စိတ်နှလုံးသာယာညွတ်ပျောင်းလျက် ကြည် နူးမှုတွေ လွှမ်းလာသည်။ ထို့နောက် စောင်းသံလေး တိုးတိတ်ရပ်တန့် ကာ ရွှင်မြူးပြုံးရွှင်စေသော ဂီတသံရွှင်ရွှင်လေး လွှမ်းမိုးသွားလေသည်။

"ကျေးဇူးပဲ ကံ့ကော်၊ ကံ့ကော်အိုင်ဒီယာ သိပ်ကောင်းတာပဲ"

ခေတ် ဦးစွာ ချီးကျူးစကားဆိုတော့ အားလုံး လက်ခုပ်ဝိုင်း တီးကြသည်။ ဒီလိုမျိုး ဖန်တီးတဲ့ ကံ့ကော်စိတ်ကူးကိုလည်း အံ့သြနေ ကြသည်။

ကံ့ကော်ကတော့ ပွဲဦးထွက်မှာတင် ချီးကျူးခံရတဲ့အတွက် အတိုင်းမသိ မြူးကြွနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါတင်မက သူငယ်ချင်းအားလုံးရဲ့ မျှော်လင့်ချက်တွေလည်း တောက်ပကုန်သည်။

သူတို့အားလုံးက ခေတ်နဲ့ ကံ့ကော်ကို ဖြစ်စေချင်တာ အစက တည်းက။ ကံ့ကော် မာနကြီးနေလို့ မဖြစ်သေးတာကို အားမရနိုင်။

ကံ့ကော် စိတ်ပြောင်းလဲလာပြီး ခေတ်ကို လုံးလုံးလျားလျား ညွတ်ကျလာတာကြောင့် တအားတက်ကြသည်။

အချိန်မဆိုင်းဘဲ ဖြစ်သွားစေဖို့ စိတ်တွေစောလျက်။

အထူးသဖြင့် ဟောဒီပွဲကို ပိုပြီး အားကိုးနေကြသည်။

ဂီတသံ တိုးတိတ်သွားလျှင် အားလုံး လက်ခုပ်တီး၏။ လက်ခုပ်သံမဆုံးခင် ကိုကောင်းက ထပြီး –

"နောက်ထပ် ထူးခြားတဲ့အစီအစဉ်တစ်ခုကို စီစဉ်ထားတာ ရှိပါတယ်"

"ဘာအစီအစဉ်လဲ ကိုကောင်း"

မေစိုး မေးလျှင် –

"ကံ့ကော်ကျွေးမွေးမယ့် ဒင်နာပွဲမစခင် ကျွန်တော် စီစဉ်ထားတဲ့ အစီအစဉ်လေးကို စတင်ပါ့မယ်"

ကိုကောင်းစကားအဆုံးမှာ မရီလေးက သူ့မလက်ပွေ့အိတ်ကြီးထဲက စာအိတ်တစ်ထပ်ကြီး ထုတ်ပေးသည်။

ကိုကောင်းက စာအိတ်တွေ လှမ်းယူသည်။ ကိုကောင်း အစီ





အစဉ်ကို သူငယ်ချင်းအားလုံး စိတ်အဝင်စားဆုံးဖြစ်သည်။

ကံ့ကော်က ရီဝေရွှန်းတင့်သော မျက်ဝန်းနဲ့ ခေတ်ကို လှမ်းလှမ်းကြည့်လေ ခေတ် တစ်ခုခုကို စိုးရိမ်လေ။

ကိုကောင်းက စာအိတ်တွေကို တစ်ယောက်စီ ဝေသည်။

"အထဲမှာ ဘာပါလဲ ကိုကောင်း"

"ဖွင့်ကြည့်ရင် သိမယ်"

ကိုယ်စီ စာအိတ်လေးတွေဝေပြီး နောက်ဆုံးမှ ခေတ်ကို ပေးသည်။ စာအိတ်ပြာလေးကို ခေတ် သေသေချာချာကြည့်နေတုန်း ခေတ်ထက် ဦးစွာရထားတဲ့ သူငယ်ချင်းတွေက စာအိတ်ဖွင့်ကာ ဖတ်နေကြပြီဖြစ်သည်။

ခေတ် ဘာကိုမှ နားမလည်သလိုနဲ့ ကိုကောင်းကို ကြည့်၏။ ကိုကောင်းက –

"ဖတ်ကြည့်လေ၊ ကောင်မလေးတစ်ယောက်အကြောင်း ရေးထားတာ"

"ကောင်မလေးတစ်ယောက်အကြောင်း"

"ဟုတ်တယ် ခေတ်ရဲ့၊ ကိုကောင်းက ကောင်မလေးတစ်ယောက်အကြောင်း ရေးထားတာ၊ စိတ်ဝင်စားစရာ အရမ်းကောင်းတာပဲ၊ ဟင့် ဟင့် ဟင့်"

ကံ့ကော်က ကြိတ်ဝင်သိနေဟန်နဲ့ လှမ်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



အုတ်လှတို့ကလည်း သဲသဲမဲမဲ ဖတ်နေကြသည်။ နေမင်းက မျက်မှန်တကြုတ်ကြုတ်နဲ့။

မေစိုး စာဖတ်လိုက်၊ ခေတ်ကို လှမ်းကြည့်လိုက် လုပ်နေတာ တစ်မျိုးကြီး ခံစားရသလို ဆင်းက မျက်နှာလှလှလေးကို မနှစ်မြို့သလိုလို တွန့်ထားသည်။

ကိုကောင်းနဲ့မရီလေးတို့ သူငယ်ချင်းတွေလည်း ခေတ်ကို ကွက်ကြည့် ကွက်ကြည့်။

"ဖတ်ကြည့်လေ ခေတ်"

ကဲ့ကော် ထပ်ဆင့်လောဆော်ပြန်သည်။ ထိုအခါ ခေတ် ဟိုဒီကြည့်ခွင့်မသာတော့ပါ။ သူငယ်ချင်းတွေနည်းတူ စာအိတ်ဖောက်ကာ စာခေါက်လေး ဖြန့်တင်လေသည်။

ကွန်ပျူတာစာလုံးဝိုင်းဝိုင်းလေးတွေက ခေတ်မျက်ဝန်းကို ဖမ်းစားထားသည့်နှယ်။ စူးစိုက်ကြည့်ကာ ဖတ်မိလေသည်။ ခေါင်းစဉ်က –

ခေတ်မသိသေးတဲ့ ကောင်မလေးရဲ့ ဘဝကာလာ တဲ့။

ငယ်ငယ်ချောချောကောင်မလေးတစ်ယောက်၊ သူငယ်ချင်းအားကိုးပြီး ရန်ကုန်လာခဲ့သတဲ့။ ဒါပေမဲ့ သူငယ်ချင်းက လိပ်စာပြောင်းသွားတော့ အခက်ကြုံကာ။ ထိုအခါ ကရုဏာမိုးစွေတဲ့ ခေတ်က ထိုကောင်မလေးကို တိုက်ခန်းထဲ ခေါ်ထားသတဲ့။

"ဟင်"





စာဖတ်နေရင်း ခေတ် မျက်မှောင် တဖြည်းဖြည်းကြုတ်လာသည်။ သူငယ်ချင်းတွေကို မော့မကြည့်ဖြစ်အောင် စိတ်ကိုထိန်းရသလို ရှေ့ဆက် ဘာတွေရေးထားမလဲဆိုတာလည်း သိချင်လာသည်။

ဒါကြောင့် ဆက်ဖတ်၏။

အဲဒီကောင်မလေးနဲ့ ခေတ်တို့ တိုက်ခန်းထဲ အတူနေတဲ့ကိစ္စ လူသိမခံဘဲ သိုသိပ်နေခဲ့တယ်။ ခေတ်က စာနာသနားလို့ ကူညီထားခြင်းပါ။ ဒါပေမဲ့ ကောင်မလေး ဘာကြောင့် အိမ်ပြေးမလေး ဖြစ်ရသလဲဆိုတာ ခေတ်ခမျာ မသိရှာဘူးလေ။

"ဟင်"

သူ့ သွေးတွေဆူကာ ချွေးစများပြန်တက်လာသည်က ခင်းကို တိုက်ခိုက်နေခြင်းဖြစ်မှန်း ခန့်မှန်းမိတာမို့ပါ။ ဒါတင်မက စာထဲက နောက်ဆက်တွဲပါတဲ့ အကြောင်းအရာတွေက –

ကောင်မလေး အိမ်ပြေးဖြစ်ရတဲ့ အဓိကအကြောင်းရင်းက တခြားမဟုတ်ပါဘူး။ ခဲအိုတော်သူနဲ့ ဘာညာကွိကွဖြစ်တာကို အစ်မ,လုပ်သူကိုယ်တိုင် ဖမ်းမိသတဲ့၊ အစ်မ,လုပ်တဲ့သူ မောင်းထုတ်လို့ အဲဒီကောင်မလေး ကလေကလွင့် လွင့်ချင်ရာလွင့်ပြီး ခေတ်နားမှာ သောင်တင်နေသတဲ့လေ။

"တောက်"

ခေတ်မျက်လုံးက စာလုံးတွေ မမြင်နိုင်လောက်အောင် ပြာဝေ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်နှင့် တစ်ပြိုင်နက် ရယ်သံတွေ ဘုန်းခနဲ ပြုထွက်လာသည်။

ထိုရယ်သံတွေက သရော်ကာ သူ့ပါးကို ဖြတ်ရိုက်နေသလို အရှက်သည်းစေသည်။

*ကောင်မလေးနာမည်က ပိတောက်ခင်းတဲ့။*

ခေတ် ထိုင်ရာမှ ဝုန်းခနဲ ထမိသွားသည်။ ထို့ပြင် ခေါင်းတွင်တွင်ခါယမ်းလိုက်တဲ့အခါ ရှက်မျက်ရည်တွေ ဝဲကာ။

ငယ်ငယ်ရွယ်ရွယ်၊ ဖူးဖူးထွတ်ထွတ် အလှပိုင်ရှင်မလေးက သိုးကလေးလို ဖြူစင်တဲ့မိန်းကလေး မဟုတ်ဘူးတဲ့လား။ ရင်ထဲကိုယ်တိုင် အသံတိတ်မေးမိတဲ့နောက်မှာ ဂီတသံစဉ်တစ်မျိုးက သရော်လှောင်ပြောင်သလို အုံကြွထွက်သည်။

ဟင့်အင်း။

ခေတ် ခေါင်းယမ်းလိုက်၏။

ခေတ် မယုံချင်ပါ။ ဒါ လုပ်ကြံတာ။ ကံ့ကော်နဲ့ ကိုကောင်းပူးပေါင်းလုပ်ကြံပြီး အရှက်ခွဲတာပဲ ဖြစ်ရမယ်။

မယုံချင်ပါဘူး ခင်းလေးရယ်။

မယုံချင်စိတ်နဲ့ ခေတ်လက်ထဲက စာခေါက်လေး လွင့်ကျသွားတဲ့နောက်မှာ သူငယ်ချင်းတွေမျက်နှာကိုလည်း မကြည့်ရဲ။

"ခေတ်"

အားလုံးရဲ့ ဟန့်တားသံတွေ နောက်ကောက်ကျန်လေသည်။





အစိမ်းရောင် ဒင်နာပွဲကို ဆောရီးလို့တောင် မပြောနိုင်။

ခေတ်နှလုံးသား စိမ်းရာမှ မှောင်ပျကာ ကမ္ဘာလောကကြီးတစ်ခုလုံး ကာလာစိမ်းတွေဖြစ်လျက်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ခင်းလေး"

ဒေါ်နုခေါ်ပေမယ့် ခင်းလေး လှည့်မကြည့်ပါ။ ညစာထမင်းပွဲကို စိတ်ရှည်လက်ရှည်ပြင်ဆင်ပြီး စိတ်အားထက်သန်စွာ စောင့်နေရှာတဲ့ သူမလေး။

အချိန်တွေနှောင်းလေ မျက်နှာလေး မှောင်လေ။ ထိုမှတစ်ဖန် နှုတ်ခမ်းလေး ပွ၏။ ခြေဆောင့်၏။ ပြီးတော့ ဘောက်ဆတ်ဘောက်ဆတ်နဲ့ ထမင်းစားခန်းထဲက ထွက်သွားတော့၏။

ငယ်သေးတဲ့အရွယ်လေးမို့ ဟန်ဆောင်ရကောင်းမှန်းလည်း မသိ။ သည်းခံမျိုသိပ်ရကောင်းမှန်းလည်း နားမလည်။ စိတ်ထဲရှိတဲ့





အတိုင်း ပြုမူရုပ်တတ်တဲ့ ပီတောက်ခင်းကို ထိုလင့်မယား အပြစ်မမြင်သာ။

ဒါပေမဲ့ စိတ်လိုက်မာန်ပါနဲ့ ဟိုဟိုဒီဒီ ထွက်သွားမှာတော့ စိုးလှသည်။ ဒါကြောင့် အနောက်က မယောင်မလည် လိုက်ကြည့်မိ၏။

ကောင်မလေးက တိုက်ဘေးရှိ ပိန္နဲပင်အောက်မှာ စိတ်နောက်ကိုယ်ပါ ဟိုဒီလျှောက်ရင်း စိတ်ကောက်နေသေးကြောင်း သက်သေပြနေသည်။

ဦးအေးမော်နဲ့ ဒေါ်နုနု မသိမသာအကဲခတ်ရင်း တိုက်ထဲမှာပဲ ခပ်ရှောင်ရှောင်နေလျက်။

စိတ်ကောက်ဒေါသနဲ့ ဖိလျှောက်နေတာမို့ ပတ်တီးပြေပြီး ရက်ပိုင်းမျှသာရှိသေးတဲ့ ခင်းခြေထောက်ဒဏ်ရာက မသိမသာ နာလာသည်။ နာတာကိုလည်း မမှု။

တိုက်ဘေးဘက် လျှောက်ရုံနဲ့တင် အားမရ။ တိုက်ရှေ့မျက်နှာစာအလွန် ခြံစည်းရိုးနားအထိ လျှောက်သွားသည်။ ခြံစည်းရိုးသဖွယ် စီတန်းစိုက်ထားတဲ့ ဇီဇဝါပန်းစင်မှာ ဖွေးဖွေးလှုပ်ပွင့်နေတဲ့ ပန်းတွေကိုလည်း မကြည့်။

ညလေပြည်ထဲ သင်းမြနေတဲ့ ဇီဇဝါပန်းရနံ့ချိုမွှေးမွှေးကိုလည်း မရှုရှိုက်။ တစ်ယောက်တည်း စိတ်ရှိလက်ရှိ ဒေါသထွက်လို့ကောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟွန်း။

ခင်းလေးကို ပစ်ထားတာလေ။ နေ့လယ်စာ မစားနိုင်ရင်တောင် ညစာလောက်တော့ လာစားသင့်တာပေါ့။

ဒီမှာ အချိန်ယူပြီး ထမင်းပွဲပြင်ဆင်ရတဲ့သူက ဖတ်ဖတ်မော တယ်။ လာပလေ့စေ၊ ခင်းအကြောင်း ကောင်းကောင်းသိရလိမ့်မယ်။

"ဟော"

ပြောရင်းဆိုရင်း ကားသံကြားတယ်။ ခင်း ခံပြင်းစိတ်နဲ့ ခြံပြင် ဘက် တစ်ကိုယ်လုံး လှည့်ကြည့်သည်။

ဟုတ်တယ် ကိုကြီးကား။ ညမီးရောင်အောက်မှာ နို့နှစ်ရောင် မာစီးဒီးက ပြောင်လက်နေတာပဲ။ ဒေါသခြေလှမ်းနဲ့ ခင်း သွက်သွက် ကလေးလျှောက်ကာ ခြံတံခါးဆွဲဖွင့်၏။

ပြီးတော့ ခြံဝမှာ လက်နှစ်ဖက် ခါးထောက်ရပ်၏။ နှုတ်ခမ်း ကို နှင်းဆီဖူးလို စချွန်ကာ မျက်နှာကိုမော့ရင်း မျက်စောင်းနဲ့လှမ်းကြည့် သည်။

ကားမီးထိုးထားလျက်နဲ့ ခြံပြင်မှာပဲ ကားကို တံ့ခနဲ ကိုကြီး ထိုးရပ်၏။ ပြီးတော့ ချက်ချင်း ကားပေါ်ကဆင်းလာသည်။

ပုံစံက အရင်နဲ့မတူ။ ပျက်ရှနေတဲ့ ဝေဒနာတစ်မျိုးနဲ့။ မျက် လုံးက စူးရဲနေကာ ခင်းလေးဆီ လျှောက်လာရင်း စိုက်ကြည့်တဲ့မျက်ဝန်း ထဲမှာ လိပ်ပြာတောင်ပံခတ် ပျံသန်းနေသလိုလို။





တစ်ခုခုသော ခံစားချက်ဆီ လွင့်ပျံနေမှန်း သိသာနေသည်။

ကိုကြီးမျက်ဝန်းထဲက လွင့်ပျံနေတဲ့ ခံစားချက်က ဘာလဲ။ ဒါတော့ ခင်းလေး မသိပါ။

ခင်းလေး ခံစားနေမိတာက ရင်ထဲမှာ တလှပ်လှပ်နဲ့။ ခြေလှမ်း နီးလာလေ ခင်းလေးရင်မှာ လှုပ်ရှားလေ။

ဒေါသနဲ့ ပြောဆိုမယ်ဆိုတဲ့ ခင်းစိတ်ကူးတွေလည်း ဘယ်ဆီ ရောက်လို့ ရောက်ကုန်မှန်းမသိ။

ညမီးရောင်ဝါဝါအောက်မှာ ခင်းလေး ဘာဖြစ်လို့ ဖြစ်သွားမှန်း မသိတော့ပါ။ ခါးပေါ်ရောက်နေတဲ့ ခင်းလက်နှစ်ဖက် ပြေကျသွားသည် က –

"ခင်း"

ဟု ခေါ်သံက လည်မျိုအောက်မှာပဲ စုံးစုံးနစ်မြုပ်လေသည်။

ဆုံနေတဲ့အကြည့်တွေက အချင်းချင်းဆွဲငင်နေသလို။ နှင်းဆီ ဖူးလို စုချွန်ထားတဲ့ ခင်းလေးနှုတ်ခမ်းလွှာလေးက ခံပြင်းနေတာမျိုးတွေ မဟုတ်တော့။

"ခင်းရယ် ခင်းကို ကိုယ်ချစ်တယ်"

ဆွဲငင်တဲ့စကားလုံးတွေနောက်မှာ ခင်း အရာရာကို မေ့လျော့ ကာ။ ခင်းပခုံးနှစ်ဖက်ကို ကိုင်ထားတဲ့ ကိုကြီးလက်က ခင်းရဲ့ခေါင်းပေါ် ရောက်လျက်။ ခင်းဆံနွယ်လေးကိုသရင်း ခင်းခေါင်းလေးကို ညင်ညင်



www.burmeseclassic.com

www.burmeseclassic.com



သာသာ ဆွဲယူ၏။

ပြီးတော့ ပန်းသွေးရောင်သန်းကာ စိုအိနေတဲ့ ခင်းနှုတ်ခမ်း စူချွန်ချွန်လေးဟာ ခေါင်းလေးငုံ့ချကာ ဆွဲငင်သိမ်းပိုက်လိုက်တဲ့ ကိုကြီး နှုတ်ခမ်းနောက် ပါတော်မူသွားချေသည်။

နွေးပူသော ခံစားမှုနောက်မှာ ကြက်သီးလေးများ ဖြန်းခနဲ ထမတတ် ရှိန်းဖိန်းသွားကာ။

ဇီဇဝါပန်းရနံ့လို မွှေးသင်းသော ကိုကြီးခံတွင်းနဲ့။

အို။

ခင်းလေး လန့်ဖျပ်ကာ ကိုကြီးမျက်နှာကို တွန်းပစ်၏။ စိုစွတ် မွှေးမြနေတဲ့ ခင်းနှုတ်ခမ်းကို ခင်းလက်ခုံနဲ့ ခပ်ကြမ်းကြမ်းပွတ်သုတ်ရင်း–

အင့်ခနဲ အသံထွက် ငိုရှိုက်မိလေသည်။

''ဟင့် ဟင့် ဟင့်''

''ခင်း ခင်းလေး''

ရင်ခုန်လှိုက်မောဖွယ်ခေါ်သံနဲ့ ခင်းလေးကိုယ်ကို ကိုကြီး ပွေ့ ပိုက်၏။

ပါးပြင်ချင်း စထိကပ်ထားသလို ခင်းလည်တိုင်လေးကို တယု တယ နမ်းရှိုက်နေတဲ့ ကိုကြီးရယ်။

''ခင်းလေးကို ကိုယ်ချစ်တယ်၊ ခင်းလေး ဘာပဲဖြစ်ဖြစ် ကိုယ့် အချစ်က မပြောင်းလဲဘူး ကလေးရယ်''





''ဟင့် ဟင့်၊ ဟင့်အင်း မချစ်ပါနဲ့၊ ဟင့်အင်း မချစ်ပါနဲ့''

ခင်း ရင်ကွဲမတတ်အော်ဟစ်ရင်း ကိုကြီးရင်ခွင်ကို ဆောင့်တွန်း လေသည်။ ထို့နောက် တိုက်ဆီ လှည့်ပြေးခဲ့မိတာက ပတ်ဝန်းကျင်ကို လည်း မေ့လျော့ကာ။

ဟင့်အင်း။

ခင်းလေး ခေါင်းတွင်တွင်ယမ်းသလို အတောမသတ်လည်း ငိုသည်။ ထိခိုက်ကြေကွဲစွာလည်း နှလုံးသားက တလှပ်လှပ်ခါကာ။

မချစ်ပါနဲ့ ကိုကြီးရယ်။

ခင်းလေးဘဝမှာ အမည်းစက်တွေနဲ့၊ ဟင့် ဟင့် ဟင့်။

ဘယ်သူမှ ခွင့်မလွှတ်နိုင်တဲ့ ပြစ်ချက်တွေ ရှိနေတယ်လေ။ အဲဒီပြစ်ချက်ကြောင့် ခင်းလေး အိမ်ပြေးမလေးဖြစ်ခဲ့ရတာပါ။

ဒါတွေကို မပြောပြရက်ဘူး ကိုကြီးရယ်။

အချစ်ဆိုတာ ကိုယ် ခံစားသိကတည်းက ခင်းလေး ခံစားရ တဲ့ နှလုံးသားသောက။ ကိုကြီး ဘာမှမသိပါဘူးကွယ်။

ဘာမှမသိပါဘူး။

ဟင့် ဟင့် ဟင့်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ဟင် မာမီ"

တံခါးဖွင့်လျှင်ဖွင့်ချင်း မာမို့ကို ဘွားခနဲမြင်လျှင် ခေတ် ပြုံးပြုံးပြုံးပျာပျာဖြစ်လေသည်။

"ဟုတ်တယ် မာမီလေ"

တင်းမာတဲ့မျက်နှာထားနဲ့ မာမီ စိုက်ကြည့်ရင်းပြော၏။ ခေတ် မျက်နှာပျက်ကြီး ပျက်ကာ –

"မာ မာမီရယ်၊ လာမယ်ဆိုလည်း ဖုန်းကြိုဆက်တာ မဟုတ်ဘူး၊ ကျွန် ကျွန်တော် လာကြိုမှာပေါ့"

"မလိုပါဘူး"





မာမို့လေသံက ပြတ်တောင်းနေသည်။ သုံးနှစ်နီးပါး အနေဝေးနေတဲ့ သားအမိနှစ်ဦး ဆုံတွေ့ခြင်းမှာ ဒီလိုအခြေအနေမျိုး ဖြစ်မနေသင့်ဘူးလို့ ခေတ် ယူဆသည်။

"အထဲဝင်ပါဦး မာမီရယ်"

ခေတ် မျက်နှာချိုသွေးရင်း မာမို့လက်ထဲက ခရီးဆောင်အိတ်ကို ဆွဲယူသည်။ မာမီ မလွှတ်ချင် လွှတ်ချင်နဲ့ လက်လွှတ်ပေးပြီး ဧည့်ခန်းထဲ ဝင်သည်။

ခေတ် တိုက်ခန်းအဝင်တံခါးကို ပြန်ပိတ်သည်။ ခရီးဆောင်အိတ်ကို အခန်းထဲဆွဲသွင်းသည်။ မာမီက ဧည့်ခန်းမှာလည်း မထိုင်သေး။ ဧည့်ခန်းတစ်ခုလုံး ဟိုဟိုဒီဒီ လိုက်ကြည့်၏။

ဧည့်ခန်းက မာမီတို့ သွားစဉ်ကအတိုင်း ဘာမှပြောင်းလဲမထားပါ။ လိုက်ကာစအသစ်လဲတာတောင် မာမီဆင်သွားတဲ့ ရွှေပါနုရောင် အရိပ်တွေပါတဲ့ မူလအဆင်အတိုင်း လဲထားခြင်း။

ဆင်စွယ်ရောင် ဆိုဖာတွေကအစ အပြောင်းအလဲမရှိပါ။ နံရံကပ် ကပ်ပန်းဆွဲပင်တွေလည်း ခေတ်မာမီ ဆင်သွားတဲ့အတိုင်းသာ။

ဧည့်ခန်းက အပြောင်းအလဲမရှိပေမယ့် မာမို့မျက်ဝန်းထဲမှာ သဘောမကျလှ။ ဝရန်တာဘက်ထွက်တဲ့ ဧည့်ခန်းထောင့် ပလတ်စတစ်နဲ့လုပ်ထားတဲ့ သစ်ခွပန်းစင်ကိုကြည့်ရင်း ပိုပြီး သဘောမကျသလို ခေတ်ကို လှမ်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီပန်းစင်က မာမီဆင်ထားတဲ့ လက်ရာမဟုတ်ပါ။

shopping ထွက်တုန်းက ခင်းလေးက လိုချင်တယ်ဆိုပြီး ဝယ်လာကာ ထောင့်မှာ အလှဆင်ထားခြင်း။

ကျွတ်၊

ခေတ်စိတ်တွေ ပိုမလုံချင်တော့ပါ။ မာမီက တစ်ခုခုကို ကြို သိနေဟန်နှင့် သံသယဖြစ်နေသလို ခေတ်ကို သဲသဲမဲမဲကြည့်လိုက်၊ ပန်းစင်ကို ကြည့်လိုက်နဲ့။

ဒါနဲ့တင် အားရဟန်မတူ။

အိမ်ထဲဝင်ပြီး အိပ်ခန်းတွေ လျှောက်ကြည့်သေးသည်။ ခေတ် မာမီ့နောက် လိုက်မကြည့်တော့ပါ။ ဧည့်ခန်းက ဆိုဖာမှာပဲ စိတ်ပျက် လက်ပျက် ထိုင်ချလေသည်။

ဖြစ်လာသမျှ ရင်ဆိုင်ရုံပဲလေ။ အဲသလို ဆုံးဖြတ်လျက်။

မာမီ ဘာပြောမလဲဆိုတာ စောင့်ကြည့်နေလိုက်သည်။ အိပ်ခန်း ကျယ်နှစ်ခန်းလုံး ခင်းနဲ့ပတ်သက်ပြီး ဘာသဲလွန်စမှ ကျန်နေမယ်လို့ ခေတ် မထင်ပါ။

ခင်းလေးကို ဦးအေးမော်တို့ဆီ ပို့ပြီးကတည်းက သူ့ကိုယ်တိုင် ရှင်းလင်းထားတယ် မဟုတ်လား။ သူငယ်ချင်းတွေ သူ့အခန်းရော တစ်ဖက်ခန်းရော ဝင်နေကျ။ စိတ်ရှိတိုင်းနေကြတာဆိုတော့ သူ အထူး ဂရုစိုက်ပြီး ရှင်းလင်းထားတဲ့အတွက် မာမီ ဘာမှဖြစ်မယ်လို့မထင်။





သို့သော် -

"ဒါက ဘာလဲ အလတ်ကောင်"

"ဟင်"

ခေတ် စိတ်ပျက်လက်ပျက် ထိုင်နေရာမှ ဝုန်းခနဲ ကြွတက် မတတ်ဖြစ်ကာ မျက်နှာလည်း ရဲမှည့်သွားသည်။

ခေတ်အခန်းနဲ့ ဘေးချင်းကပ် ခင်းနေ့လေးနေသွားတဲ့ အိပ်ခန်း ထဲက ထွက်လာတဲ့ မာမီ။ လက်ထဲမှာလည်း အသားရောင် ဖာဘော်လီ တစ်ထည် တန်းလန်းကိုင်လာကာ။

ခေတ်ရှေ့ ပစ်ချပြီး မေးခြင်း။

ခေတ် ဘာပြန်ပြောရမှန်းမသိဖြစ်ကာ မျက်နှာကလည်း အရုက်သည်းကာ ရဲမှည့်ရာမှ မည်းချိတ်သွားမတတ် ဖြစ်လေသည်။

သေသေချာချာ ရှင်းလင်းထားလျက်နဲ့၊ ဒီဖာဘော်လီက ဘယ် ထောင့်မှာ ကျန်ရစ်ခဲ့တာလဲ။ ဒီကောင်မလေး ပေါ့ဆလွန်းတယ်ကွာ။ ကိုယ့်ပစ္စည်းကိုယ် သေသေချာချာ မစစ်ဆေးဘူးလား။

ခုတော့ ပြဿနာအကြီးကြီးတက်တော့မယ်။

မာမီက လက်တစ်ဖက် ခါးပေါ်တင်လျက် ခေတ်ကို မယုံသင်္ကာ မျက်လုံးထက် သေချာတယ်ဆိုတဲ့ မှတ်ချက်ပေးသလို စူးစူးရဲရဲစိုက် ကြည့်ပြီး -

"ပြောလေ အလတ်ကောင်၊ အဲဒါက ဘာလဲ၊ ဘယ်ကလေ



www.burmeseclassic.com

www.burmeseclassic.com



ကချေမိန်းမရဲ့ အတွင်းခံလဲ၊ တိုက်ခန်းထဲရောက်နေတာကော ဘာသဘောလဲ''

သူ ခေတ်ရှေ့ ကြမ်းခင်းပေါ် ပုံလျက်ကျနေတဲ့ ဇာဘော်လီကို ကြည့်ရင်း ခေတ် မျက်ရည်ဝဲလာသည်။

မျက်ရည်တွေကြောင့် အမြင်အာရုံ ဝေဝါးသွားရုံမက -

''ပြောလေ ပြော၊ ဘာကြောင့် ဒီဇာဘော်လီ အခန်းထဲ ရောက်နေရတာလဲ''

''မာမီ''

ခေတ် အသနားခံသလို မော့ကြည့်ရင်း ခေါ်သည်။

''အလတ်ကောင် မင်း မာမီ့ကို ဘာဆင်ခြေမှမပေးနဲ့၊ မင်းတို့ ဘယ်ဇာတ်ခင်းနေလဲဆိုတာ မာမီ အားလုံးသိပြီးပြီ၊ သားဒယ်ဒီဆို သားကို အမွေပြတ်စွန့်ပစ်မယ်လို့တောင် ကြိမ်းဝါးနေတာ၊ သိရဲ့လား အလတ်ကောင်၊ သား ဘာဖြစ်လို့ မိုက်ဇာတ်ခင်းနေရတာလဲ၊ ဘယ်စိတ်ရိုင်းတွေကြောင့် မနေနိုင် မထိုင်နိုင်ဖြစ်ပြီး''

''တော် တော်ပါတော့ မာမီရယ်''

''မတော်နိုင်ဘူး အလတ်ကောင်ရယ်၊ မတော်နိုင်ဘူး၊ ကြည့်စမ်း ဦးစိုးလတ် ဒေါ်မူမူ့သား အလတ်ကောင်က မိဘကွယ်ရာမှာ ဒီလိုနေတယ်ဆိုတဲ့သတင်းက ဘယ်လောက်ညစ်ညမ်းစုတ်ပဲ့တဲ့သတင်းလဲ''

ပြောနေရင်း မာမီ့လက်က အငြိမ်မနေ။ ခေတ် ပခုံးစွန်းကို





တဖျပ်ဖျပ်နဲ့ စိတ်လိုက်မာန်ပါ ရိုက်ပုတ်လျက်။

''မာမီရယ် သား ရှင်းပြပါရစေ''

ခေတ် ရှင်းပြဖို့ ထလေသည်။ မာမီက လက်တကာကာနှင့်-

''ဘာမှရှင်းပြမနေနဲ့၊ အားလုံး မာမီ သိပြီးပြီ၊ သားဒယ်ဒီဆို ရှက်လွန်းလို့ လိုက်မလာတာ၊ ဒါမျိုး မြင်လို့ကတော့ ဒေါသထွက်ပြီး မင်းကို သတ်ပစ်မလားပဲ အလတ်ကောင်ရယ်၊ ဒီကိစ္စ မာမီ ရှင်းမယ်၊ အခု အဲဒီဟာမကို ဘယ်မှာရွှေ့ထားလဲ ပြောစမ်း''

''မာမီ''

ရှက်တာတွေရဲ့နောက်မှာ ခေတ်ခံစားချက်တွေ တင်းမာလာသည်။ ခေတ် ဖိခေါ်တော့ မာမီ့လက်က ခေတ်ပခုံးကို တွန်းလျက် -

''ဘာလဲ အလတ်ကောင်၊ ရှက်ရမ်းရမ်းပြီး ဆင်ခြေဆင်လက်ပေးဖို့ စိတ်မကူးနဲ့၊ ဦးအေးမော်နဲ့ ဒေါ်နုနု အလိုတူအလိုပါ၊ ဖုံးဖိ ကာကွယ်နေကြတာလေ၊ ဘယ်သူမှမသိဘူးဆိုပြီး ကျိတ်မြူးနေတယ် မဟုတ်လား။ အေး သား တစ်ခုသိထားဖို့က သားကို မာမီတို့ မျက်နှာလွှဲခဲ့ပစ်ထားခဲ့တာ မဟုတ်ဘူး၊ ပေါက်လွှတ်ပဲစားမနဲ့ ရှေ့ဆက် အဖြစ်မခံနိုင်ဘူး သိရဲ့လား။ ခုချက်ချင်း မာမီ ကဲ့ကော်မိဘနဲ့ သွားတွေ့မယ်၊ မိန်းမကောင်းကိုတော့ သွားရည်မကျချင်ဘူး၊ အပုပ်နံ့ထွက်နေတဲ့မိန်းမနဲ့မှ''

''တော်ပါတော့ မာမီ၊ မာမီ မပြောပါနဲ့တော့''

''မင်းပါးစပ် ပိတ်ထားလိုက် အလတ်ကောင်၊ မာမီစီစဉ်သမျှ



www.burmeseclassic.com

www.burmeseclassic.com



နာခံရမယ်၊ မင်းစိတ်, မင်းသဘောအတိုင်း မာမီတို့ ဖြစ်ခွင့်မပေးနိုင်ဘူး၊ သိရဲ့လား၊ ကျွတ်"

ပြောရင်းဆိုရင်း မာမီ လက်ပါမြောက်တက်လာသည်။ ရိုက်ချဖို့လည်း တကဲကဲနဲ့။ ခေတ် ရှောင်ဖယ်မနေတော့ပါ။

ရိုက်ချင်လည်း ရိုက်ပါစေတော့လေ။

တစ်ဖက်သတ် ကြားရတဲ့သတင်းနဲ့ သူ့ကိုရော၊ ခင်းကိုရော ထိပါးနေတဲ့ စကားလုံးတွေ။ ဒါတင်မက ရင့်ရင့်သီးသီးနဲ့ ခပ်ရိုင်းရိုင်း ဆန်နေတာတွေ ခေတ် သည်းခံမနေချင်တော့ပါ။

ခေတ် ပြန်ပြောဖို့ ပါးစပ်ပြင်တော့ –

"ကလင် လင် လင်"

ဧည့်ခန်းထဲရှိ တယ်လီဖုန်း မြည်လာလေသည်။ ထိုအခါ ခေတ် ပြောခွင့်မရတော့။ မာမီက ဘာကြောင့်မှန်းမသိ ဖုန်း ဦးစွာကောက်ကိုင်သည်။

ခင်းလေး ဆက်သွယ်လာတယ်လို့ ယူဆဟန်တူသည်။ ဒါကြောင့် မာမီ မျက်နှာဒေါသမောင်းတင်လျက် ဖုန်း ကမန်းကတန်း ကိုင်ခြင်းဖြစ်မှန်း ခေတ် အကဲခတ်မိသည်။

"ဟဲလို"

မာမီဖုန်းထူးလျှင် တစ်ယောက်က ဘာပြောသည်မသိ။ မာမီ့ မျက်နှာ အရောင်ပြောင်းသွားသည်။





"နွယ်နွယ်လား၊ ရောက်နေပြီ၊ ဒီမှာ သားကို ဆူနေရသေးတယ်၊ အခုလာခဲ့မယ်၊ အေး ဒါပဲ"

မာမီ ချက်ချင်းဖုန်းချကာ ခေတ်ကို မျက်စောင်းတဒိုင်းဒိုင်း ထိုးပြီး တိုက်ခန်းထဲက ပြန်ထွက်သွားသည်။

နွယ်နွယ်လို့ မာမီခေါ်တာက တခြားသူမဟုတ်ဘူး။ ကုံ့ကော် မာမီလေ။

ခေတ် ဘာမှပြန်ပြောခွင့်မသာတော့။ မာမီ ထွက်သွားတာကို ပဲ ငေးကြည့်နေလိုက်သည်။

ခေတ်အဖြစ်က အရှည်သည်းစရာ ကောင်းနေသလို ခံပြင်း စရာလည်း ကောင်းနေသည်။

ဒါပေမဲ့ ချစ်တဲ့စိတ်ကိုတော့ တားလို့ရမှာမဟုတ်ဘူး မာမီ။

ဒါကိုတော့ နှလုံးသားနဲ့ ကျိန်ဆိုပြောရဲပါတယ်၊ ခင်းလေးကို သူ ချစ်တယ်။ သူ့အချစ်စိတ်ကိုတော့ မိဘပါဝါနဲ့ မတားကြနဲ့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"ဟင့် ဟင့် ဟင့်"

တရှိုက်ရှိုက်ငိုနေတဲ့ ခင်းလေးရယ်။ အတောမသတ်ငိုနေရှာတဲ့ သူငယ်ချင်းကို မြင်ရတော့ ကြည်မာလည်း စိတ်ထိခိုက်စွာ မျက်ရည်လေးဝဲ၏။

"ဖြစ်မှဖြစ်ရလေ ခင်းရယ်"

လို့ ယူကျုံးမရ ရေရွတ်မိသလို ခင်းလေး အခက်အခဲနဲ့ ကြုံရတာကို တွေးရင်းနဲ့လည်း စိတ်မကောင်းဖြစ်ရလေသည်။

"ခင်းကလေ ကြည်မာ့အားကိုးနဲ့ ထွက်ပြေးလာတာ ကြည်မာရယ်၊ ဟင့် ဟင့် ဟင့်"





"ပြောပါတော့ ခင်းလေးရယ်၊ ပြောပါတော့ဟယ်"

ကြည်မာ တိုးတိုးဖွဖွပြောရင်း ခင်းလေး နားလည်အောင် ရှင်းပြဖို့ စကားလုံးရွေးနေသည်။ ခင်းလေးကိုလည်း ပခုံးဖက်ကာ ကြင်နာစွာ နှစ်သိမ့်ပေးရင်း ဆက်ပြော၏။

"ခင်းကိုပေးခဲ့မိတဲ့ လိပ်စာက တိုက်နာမည်ချင်း လွဲနေတာလေ၊ ခရမ်းရောင်နဲ့ ခရမ်းပြာဆိုတဲ့ တိုက်နာမည်က ဆင်နေတယ်မဟုတ်လား။ ကြည်မာလည်း အမှတ်တမဲ့ ဖြစ်နေတယ်၊ ကျောင်းတက်မယ့်ကိစ္စ တိုင်ပင်မယ်ဆိုပြီး ခင်းဆီ ကြည်မာဖုန်းဆက်တယ်လေ၊ အဲဒီတော့မှ ခင်း အိမ်ကထွက်ပြေးတဲ့အကြောင်း မမဝင်းပြောပြလို့ သိရတာ၊ ပြီးတော့ ဘယ်ကိုထွက်ပြေးမှန်းမသိဘူး၊ ကြည်မာ့ဆီလည်း ရောက်မလာတော့ ကြည်မာ စိတ်ပူသွားတာပေါ့"

ကြည်မာ ပြောနေရင်း စကားကို ခေတ္တ နားလေသည်။ ခင်းပါးပြင်ထက်က မျက်ရည်စတွေကို တယုတယ သို့သုတ်ပေးရင်း –

"ရန်ကုန်မှာလည်း ခင်းက အသိမရှိ ဘာမရှိနဲ့ဆိုတော့ ကြည်မာ မမဝင်းနဲ့ အဆက်မပြတ် ဆက်သွယ်တာပေါ့၊ မမဝင်းက ခင်းရော၊ ကိုလွင့်သတင်းရော ဘာတစ်စွန်းတစ်စမှ မရဘူးတဲ့၊ မမဝင်းစိတ်ထဲမှာ ခင်းနဲ့ကိုလွင်"

"တော်ပါတော့ ကြည်မာရယ်"

ခင်း နာနာကျင်ကျင်ပြောလျှင် ကြည်မာ ကမန်းကတန်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောသည်။

"ကြည်မာ့ပြောတာက မမဝင်းစိတ်က အဲလိုဖြစ်နေတာ၊ ခင်းနဲ့ကိုလွင် လက်လှမ်းမမီတဲ့ တစ်နေရာရာမှာ ပေါင်းသင်းနေမှာပေါ့တဲ့"

"အဟင့်"

ခင်း နာကျင်စွာ မဲ့ပစ်လိုက်သည်။ ကြည်မာက ခင်းစိတ်ကို နားလည်တာမို့ –

"မမဝင်း ဘာပြောပြော ကြည်မာ လက်မခံပါဘူး။ ဘာပဲဖြစ်ဖြစ် ခင်း ဘယ်မှာရှိနေလဲဆိုတာပဲ ကြည်မာ သိချင်နေတယ်၊ စိတ်လည်းပူနေတာပေါ့ဟယ်၊ တောင်ငူမှာရှိနေတဲ့ ခင်းသူငယ်ချင်းတွေကိုလည်း ကြည်မာ စုံစမ်းပါသေးတယ်၊ သူတို့လည်း မသိဘူးတဲ့၊ ခင်း ထွက်ခဲ့တယ်ဆိုလည်း ကြည်မာ့ဆီ ဘယ်နည်းနဲ့ဖြစ်ဖြစ် လာမှာပဲ၊ မလာဘဲဖြစ်တယ်ဆိုတော့ပေါ့နော်၊ အဲဒါနဲ့ ဟိုစဉ်းစား ဒီစဉ်းစားနဲ့ ခင်းကို လိပ်စာရေးပေးတာကို သတိပြန်ရတယ်၊ ကြည်မာ့စိတ်ထဲမှာ ခရမ်းပြာနဲ့ ခရမ်းရောင် တိုက်နှစ်တိုက်ရှိတာကို ပြန်သတိထားမိတယ်၊ ကြည်မာတို့တိုက်က ခရမ်းရောင်လေ၊ ကြည်မာ့စိတ်ထဲက ခရမ်းပြာကို စွဲနေတော့ ခင်းကို တိုက်နာမည်ရေးပေးတာ ခရမ်းပြာဖြစ်နေသလားပေါ့၊ ဘာပဲဖြစ်ဖြစ် ဟုတ်,မဟုတ် သိရအောင်ဆိုပြီး ခရမ်းပြာတိုက်ဘက် ကူးလာပြီး စုံစမ်းလိုက်တာလေ၊ အဲဒီအခန်းရှင် ကိုတက်ခေတ်နဲ့ တွေ့တယ်၊ အဲဒီတော့မှ ခင်းအကြောင်း သိရတာ၊ ကိုတက်ခေတ်ကလည်း ခင်း ဒီမှာရှိတယ်





ပြောလို့ ကြည်မာ အပြေးလာခဲ့တာပါ ခင်းလေးရယ်"

"ဒါပေမဲ့ ခင်း ကံဆိုးပါတယ်၊ ဒီမှာလည်း ပြဿနာနဲ့"

ပြိုကျလာတဲ့ မျက်ရည်တွေကို ခင်း လက်ခုံနဲ့ ပွတ်သုတ်ရင်း အသံတိမ်တိမ်နဲ့ ဆိုရှာသည်။

ကြည်မာခမျာ ခင်းလေးအဖြစ်ကို သိရတော့ ပိုပြီး ရင်လေးကာ နောက်ကြောင်းမှာလည်း အရှက်တကွဲဖြစ်မှုတွေ၊ လက်ရှိမှာလည်း သိက္ခာကျစရာ အနံ့ဆိုးကလေးများနဲ့မို့ ရှေ့ဆက်ရမယ့် ခင်းဖြစ်စဉ်အတွက် သူငယ်ချင်းကောင်း ပီသစွာ ရင်မလေးဘဲ မနေသာ။

"အခြေအနေဆိုးတွေက ခင်းအတွက် လျှို့လျှို့ဝှက်ဝှက် ရှိနေတာ ဘာတတ်နိုင်မှာလဲ၊ အဲဒီအတွက် ထိခိုက်ကြေကွဲနေရင် ရှေ့ဆက်ရမယ့်အခြေအနေ ပိုဆိုးမယ်လို့ ကြည်မာထင်တယ် ခင်းရယ်"

"ခင်းလေး ပြဿနာအားလုံးနဲ့ကင်းအောင် နေချင်တယ် သူငယ်ချင်းရယ်၊ ခင်းကို ကူညီပါနော်၊ နော် ကြည်မာ"

ကြည်မာ့လက်ဖဝါးလေးကို အားကိုးတကြီးဆုပ်ကိုင်ရင်း ခင်းပြောမိလေသည်။ တကယ်လည်း ပြဿနာတွေလွတ်ကင်းရာမှာ ခင်းနေလိုပါတယ်။

မမဝင်းဆီလည်း မပြန်ရဲပါ။ ထိုပတ်ဝန်းကျင်နဲ့လည်း ရင်မဆိုင်ရဲပါ။ လက်ရှိအနေအထားအရ ကိုကြီးနဲ့ ခင်းအဖြစ်။

အားလုံးရဲ့အမြင်မှာ မကောင်းမရှုင်းနဲ့တဲ့၊ ခင်း ဘယ်လိုဖြေရှင်း



www.burmeseclassic.com

www.burmeseclassic.com



ရမလဲ။ ဖြေရှင်းခွင့်လည်း မသာ။ ပိုဆိုးတာက ခင်းကြောင့် ကိုကြီး အရှက်ကွဲရ၊ သိက္ခာကျရနဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းကြားမှာ ခေါင်း မော့မနေနိုင်အောင် ဖြစ်နေတာလေ။

ပိုဆိုးတာက ကိုကြီးမာမီ ပြန်ရောက်လာပြီး ကိုကြီးနဲ့ ပြဿနာ တွေ တက်နေသတဲ့။

ဖြေရှင်းလို့မရအောင် အခြေအနေက ဆိုးနေတာကို ကြည်မာ လည်း ခန့်မှန်းမိပါသည်။ ဒါကြောင့် ခင်းလက်ကို ပြန်ဆုပ်ကိုင်၍ –

"ခင်းရယ် ဒီလောက်ပြောနေရမယ့်သူမှ မဟုတ်တာ၊ ခင်း ဘာဖြစ်ချင်လဲ၊ ကြည်မာ ဘာကူညီပေးရမလဲ၊ ပြောလေ"

"ခင်းလေ ဒီပြဿနာတွေနဲ့ ဝေးရာမှာ နေချင်တယ်၊ တကယ် နေချင်တယ်"

ကြည်မာ အလေးနက် ခေါင်းဆတ်ပြီး –

"အေး၊ ခင်း နေချင်တယ်ဆိုရင် ကြည်မာ စီစဉ်ပေးမယ်"

"အချိန်မဆွဲပါနဲ့ ကြည်မာရယ် နော်"

"စိတ်ချပါ၊ ကြည်မာ အချိန်မဆွဲဘူး၊ ခင်း ဆန္ဒပြင်းပြနေ တယ်ဆိုရင် ကြည်မာနဲ့ တစ်ခါတည်း လိုက်ခဲ့လေ"

"လိုက်ခဲ့ရမယ်၊ နေဦး ဒေါ်ဒေါ်နုကို လမ်းထိပ်မှာ မုန့်သွား ဝယ်မယ်လို့ ပြောပြီး ထွက်သွားမယ်လေ၊ ဘယ်သူမှ မရိပ်မိအောင်"

"အိုကေ၊ အဲဒါ ကောင်းတယ်၊ ဘယ်သူမှ မရိပ်မိခင် ခင်း





ရှောင်နေလိုက်တာ အကောင်းဆုံးပဲ၊ ခင်းအတွက် လိုအပ်တာမှန်သမျှ ကြည်မာ့တာဝန်ထား၊ ကဲ ပြောမယ်ဆို မြန်မြန်ပြောပြီး မြန်မြန်ထွက်ခဲ့၊ အဝတ်တွေ ဘာတွေ မယူနဲ့၊ တော်ကြာ ရိပ်မိနေဦးမယ်"

"သိပါတယ် ကြည်မာရယ်၊ ပြောရုံတင် ပြောပြီး ဒီအတိုင်း ပြန်ထွက်ခဲ့မှာပါ"

ခင်းပြောရင်း အပင်အောက်ရှိ လွှဲပုခက်ပေါ် သူငယ်ချင်းနှစ် ယောက် ယှဉ်တွဲထိုင်နေရာမှ ချက်ချင်းထပြီး တိုက်ထဲဝင်လေသည်။

ခုချိန်မှာ စိတ်နှလုံးသားထိခိုက်စွာ ငိုယိုနေခြင်းထက် လွတ် မြောက်ခွင့်ရအောင် လမ်းစ,ရှာပြီး ရှောင်ထွက်သွားခြင်းက အဓိပ္ပာယ် ရှိတယ် မဟုတ်လား။

"ဒေါ်ဒေါ်နု၊ ဦးဦးအေး"

ခင်း တိုက်ထဲလှမ်းဝင်ရင်းဖြင့် ဒေါ်ဒေါ်တို့ကို တစာစာ ခေါ် မိသည်။ ခင်းစိတ်ထင် ဒေါ်ဒေါ်တို့ တိုက်နောက်ဘက် မီးဖိုခန်းမှာ ထင် တာလေ။

တကယ်တော့ ထင်သလိုမဟုတ်။

ခင်းနဲ့ကြည်မာ ထိုင်စကားပြောနေကြတဲ့ မလှမ်းမကမ်းက ဩဇာပင်ကြီးနဲ့ကွယ်ပြီး စောင့်ကြည့်နေတာလေ။

"သမီး ခင်းလေး"

ဒေါ်ဒေါ်နု ဩဇာပင်နားက ဦးစွာထွက်လာရင်း ခေါ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ထဲဝင်နေတဲ့ ခင်းခြေလှမ်း တန့်သွားကာ နောက်ပြန်လှည့်သည်။

ဒေါ်ဒေါ်နုနဲ့ဦးဦးအေးကို တိုက်မျက်နှာစာ ရှေ့ဆင့်နောက်ဆင့် မြင်ရတော့ ခင်း မလုံမလဲဖြစ်သွားသည်။

"ဟို ဟိုလေ ခင်း ကြည်မာနဲ့ လမ်းထိပ်သွားမလို့ အဲဒါ"

ခင်း မလုံတဲ့မျက်နှာလေးနဲ့ပဲ ခပ်သွက်သွက် ပြောသည်။ ဒေါ်နုက တစ်ခုခုကိုရိပ်မိသွားဟန်နှင့် မျက်နှာလေး ထိန်းမရအောင် ပျာယီးပျာယာဖြစ်ကာ -

"ခင်းလေးရယ် ဘာကိုမှ စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ကွယ်"

"ဒေါ်ဒေါ်နုကလည်း"

"ဒေါ်နု ဘာကိုဆိုလိုလဲဆိုတာ ခင်းလေး နားလည်မှာပါ၊ ခင်း စိတ်ထဲမှာ ဘာရှိနေလဲဆိုတာ ဒေါ်နု သိပါတယ်၊ ဒါပေမဲ့ ဒေါ်ဒေါ်တို့ လင်မယားအပေါ် မောင်ခေတ် အပြစ်တင်လာမှာမျိုး သမီးလေး မလုပ်လိုက်ပါနဲ့ကွယ်၊ နော်"

ခင်းလက်ဖျားလေးကို ဆွဲယူပြီး တောင်းပန်သလိုလို ဆိုနေရှာတဲ့ ဒေါ်ဒေါ်နုရယ်။ ဦးအေးကလည်း အနားရောက်ပြီး -

"ဟုတ်တယ် သမီး၊ သမီးကို မောင်ခေတ် ဘယ်လောက် စိတ်ပူလဲဆိုတာ ဦးအေး သိတယ်၊ သမီးအပေါ် မောင်ခေတ် ဘယ်လို စိတ်နှလုံးသားနဲ့ ချစ်ခင်နေတယ်ဆိုတာလည်း ဦးအေးတို့ နားလည်ပါတယ်၊ သမီးကို မျက်စိအောက်က အပျောက်မခံဘဲ စောင့်ရှောက်ပါ





လို့ ဦးတို့လင်မယားကို အသေအချာ တာဝန်ပေးထားရဲ့နဲ့ သမီးက ရှောင်ထွက်သွားဖို့ ကြံစည်တယ်ဆိုရင်"

"ဦးဦးရယ်"

ဦးအေးမော်စကားမဆုံးခင် ခင်းလေး ရင်နင့်သွားလေသည်။

"သမီး တကယ်ထွက်သွားဖို့ စိတ်ကူးရှိရင် မောင်ခေတ်ကိုတော့ အသိပေးသွားပါကွယ်၊ အသိမပေးဘဲ ထွက်သွားရင် မောင်ခေတ်ရင်မှာ မီးတောက်နေမှာပေါ့ သမီးရယ်၊ နော်"

ခင်း မျက်လွှာလေး စင်းချမိလျှင် မျက်ရည်တို့ ဝေါခနဲကျလေသည်။ ဒေါ်ဒေါ်နုနဲ့ ဦးအေးမော် ပြောနေတာက အပိုတွေမဟုတ်မှန်း ခင်းလေး နားလည်တယ်မဟုတ်လား။

"ခုဆို မောင်ခေတ်မှာလည်း ပြဿနာတွေ ဝိုင်းနေတာလေ"

"ဒီလိုအချိန်မှာ သမီးထွက်သွားရင် မောင်ခေတ်အတွက် ဝေဒနာ ပိုများမှာပေါ့၊ ပြီးတော့ စွပ်စွဲနေတာတွေရဲ့နောက်မှာ ဘာတွေ ဆက်ဖြစ်ဦးမလဲဆိုတာ ဦးအေးတော့ မခန့်မှန်းတတ်တော့ဘူး သမီးရယ်၊ ဘာကြီးပဲဖြစ်ဖြစ် သမီးဘက်က ဦးအေးတို့ လင်မယားရှိပါတယ်၊ သမီး စိတ်လိုက်မာန်ပါ ဘာမှမလုပ်ပါနဲ့တော့၊ လုပ်သမျှ သမီးအတွက် အရှက်ကွဲကိန်းချည်းပါပဲ၊ ဒါကြောင့် သမီး စိတ်လျှော့ပြီး ချင့်ချင့်ချိန်ချိန် စဉ်းစားပါကွယ်၊ ပြီးတော့ သမီးသူငယ်ချင်း ကြည်မာလည်း သမီးကို ကူညီမယ်ပြောထားပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒါတော့ ခင်းလေး ခေါင်းညိတ်မိသည်။ ကြည်မာကလည်း ခုံတန်းမှာ ထိုင်နေရာမှ ထလာပြီး –

"ဦးအေးတို့ ပြောတာလည်း ဟုတ်ပါတယ်လေ၊ ဘာပဲဖြစ်ဖြစ် ကိုတက်ခေတ်က ခင်းရဲ့ကျေးဇူးရှင်ပါ၊ ကိုခေတ်ကို ခင်း အသိပေးလိုက်လေ"

"အသိပေးတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကိုကြီးက ခင်းကို ပေးမသွားရင်ကော"

ဦးအေးမော်နဲ့ဒေါ်နုနု ခေါင်းတဆတ်ဆတ်ညိတ်သည်က လေးလေးနက်နက်။ မေးစရာမလိုပါဘူး။ မသွားနဲ့လို့ မောင်ခေတ် တားမြစ်မှာ သေချာတယ်။ အလုပ်ထွက်လုပ်မယ်ဆိုတာတောင် ပေးမလုပ်ပါ။ ဒီကောင်မလေးအပေါ် တယုတယရှိနေတဲ့ မောင်ခေတ်ရဲ့ နှလုံးသား။

မြတ်နိုးစွာ ချစ်နေတာတွေရဲ့နောက်မှာ ဒီကောင်မလေးကို အဝေးထွက်သွားခွင့် ဘယ်နည်းနဲ့မှ ပေးနိုင်မှာ မဟုတ်ဘူး။ သိတာပေါ့။

ဒါကြောင့် ခင်းလေးမေးတာကို မဖြေဖြစ်။

"ပြောဦးလေ ဒေါ်ဒေါ်ရဲ့၊ ကိုကြီး ပေးမသွားရင်ကော"

"အဲဒီတော့လည်း တစ်မျိုးတစ်ဖုံ စီစဉ်ကြတာပေါ့"

ကြည်မာ ဝင်ပြောလျှင် –

"ဟုတ် ဟုတ်သားပဲ၊ သမီးကြည်မာပြောသလိုပဲ တစ်မျိုးတစ်ဖုံ စီစဉ်တာပေါ့ သမီးရယ်၊ လာ တိုက်ထဲဝင်"





ဒေါ်ဒေါ်နု ခင်းလက်ကိုဆွဲပြီး တိုက်ထဲဆွဲသွင်းသည်။ ဒီကောင်မလေး ထွက်သွားလို့မဖြစ်ဘူး။

ထွက်သွားတာနဲ့ သူတို့လင်မယား တာဝန်ပျက်ရာရောက်မယ်လေ။

"ဟုတ်တယ်၊ သမီးရဲ့ဒေါ်ဒေါ်နု ပြောသလိုပဲ ဦးဦးတို့လည်း ဝိုင်းဝန်းစဉ်းစားပြီး အကြံပေးမှာပါကွယ်၊ ခုတော့ တိုက်ထဲမှာပဲနေ"

ဦးအေးမော်လည်း ပြောရင်းဆိုရင်း ခင်းလေး အတင်းတိုး ထွက်လို့မရအောင် နောက်ကနေ ကာဆီးကာဆီးနှင့်။

နောက်ဆုံးတော့ ကြည်မာ့အစီအစဉ်အတိုင်း ခင်း နာခံရကာ။

ဒေါ်ဒေါ်နဲ့ဦးဦးကိုလည်း အားနာတာလည်း ပါတာပေါ့။ ပြီးတော့ ကိုကြီးရယ်လေ။

"ခင်းကို ချစ်တယ်လို့ ရင်ဖွင့်ကတည်းက ခင်းရင်မှာ ရှက်လှပါတယ်၊ ဒါတင်မက ဝမ်းလည်းနည်းကာ မချစ်ပါနဲ့ ကိုကြီးရယ်လို့ ရင်ထဲမှာပဲပြောမိတာ အကြောင်းမဲ့ ဟုတ်ရိုးလားကွယ်"

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"မောင်ကောင်းကို အန်တီ ကျေးဇူးတင်တယ်ကွယ်"

"မလိုပါဘူး အန်တီရယ်၊ ကျွန်တော်တို့အားလုံးက ခေတ်နဲ့ ကုံ့ကော်ကိုပဲ ဖြစ်စေချင်တာပါ၊ ဒါကြောင့် ကျွန်တော် ချက်ချင်း စုံစမ်းလိုက်တာ"

"ခေတ် ဖုံးဖုံးဖိဖိနဲ့ သိုသိုသိပ်သိပ်ဖြစ်နေပါစေ၊ ရီလေးတို့အားလုံး သိတယ်ဆိုတဲ့ ပုံစံမျိုးဖြစ်အောင် ကုံ့ကော်စီစဉ်တဲ့အတိုင်း လုပ်လိုက်တာပါ အန်တီ"

ကိုကောင်းစကားအဆုံးမှာ ရီလေးကလည်း ဝင်ပြောသည်။

သူငယ်ချင်းအားလုံးက ထိုအစီအစဉ်ကို သဘောတကျ





ထောက်ခံကြသည်။

ကုံ့ကော်ကတော့ ရှက်ရယ်လေး ရယ်နေရင်း အခြေအနေက သူမဘက် အလေးသာနေတာမို့ ဖုံးမနိုင် ဖိမရ မျက်နှာလေး ပြုံးလို့နေသည်။

"ဘာပဲဖြစ်ဖြစ် မောင်ကောင်း စုံစမ်းတော်လို့ပေါ့၊ နောက်ဆုံး အလတ်ကောင် သူများတံတွေးခွက်မှာ မျောနေမှာလေ၊ ပြီးတော့ မောင်ရင်တို့ အန်ကယ်ကလည်း စိတ်က ဆတ်ပါဘိသနဲ့၊ ထစ်ခနဲရှိ ထင်တိုင်းလုပ်လိုက်ရင် ပိုပြီးအရှက်ကွဲမှာကွဲ့၊ ဒါတောင် ဖုန်းတဂျိုဂျို ဆက်ပြီး မေးနေတာ၊ ကုံ့ကော်နဲ့ကိစ္စ အမြန်ဆုံး မစီစဉ်သေးဘူးလား၊ ဘာလားနဲ့"

"အိုး အန်တီကလည်း"

အန်တီမှုမှု စိုက်ကြည့်ရင်း ပြောလာတော့ ကုံ့ကော် ပျော်မြူး နေရာမှ ရှက်သွားကာ အားလုံးရှေ့ ထိုင်နေရာမှ ရှောင်ထွက်သွားသည်။

ရှောင်ထွက်သွားတဲ့အဓိပ္ပာယ်က ဘာလဲဆိုတာ ဒေါ်မှုမှု သဘော ပေါက်ပါ၏။

"ဟဲ့ သမီးကုံ့ကော်"

အတွင်းခန်းထဲက စုံတွဲထွက်လာတဲ့ မိဘနှစ်ပါးကိုပင် မမြင်။ ဝင်တိုက်မိမလိုဖြစ်လေ၏။ မာမီဆိုလေမှ ကုံ့ကော် ကိုယ်ရှိန်သတ်ကာ နီးစပ်ရာ စာဖတ်ခန်းထဲ လှစ်ခနဲ ဝင်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီကတော့ ဒီသမီး ဘာတွေပျာယာခတ်နေလဲဆိုတဲ့သဘော နဲ့ မျက်မှောင်ကြုတ်ကြည့်လျက် –

"အဲဒါပဲကြည့်တော့ မူမူရယ်၊ သမီး မိန်းကလေးဖြစ်ပြီး ဣန္ဒြေကို မရဘူး"

"ဩော် ငယ်ရွယ်တဲ့အရွယ်ဆိုတာ ဒီလိုပါပဲ"

လူကြီးချင်း စကားပြောမှာမို့ ကိုကောင်းတို့တစ်စု ဧည့်ခန်းထဲက ထွက်၏။ ကံ့ကော် ဝင်သွားတဲ့ စာဖတ်ခန်းထဲ တရုန်းရုန်း ပြေးဝင်ကြသည်။

"ကံ့ကော်ရယ် ဆင်းတို့တော့ ကံ့ကော်မင်္ဂလာပွဲ နွှဲရတော့မယ် နော်"

"အမယ် ဘယ်သူက မင်္ဂလာဆောင်မယ် ပြောလို့လဲ"

"မူနေပြန်ပြီလား ပန်းကံ့ကော်ရယ်"

မေစိုး ထုံးစံအတိုင်း ဘုဘုဘောက်ဘောက် ပြော၏။ ကံ့ကော် မြူးမြူးလေးနဲ့ မျက်စောင်းလှမ်းထိုးပြီး –

"ရှင်ဟာလေ ဘယ်တော့မဆို တုတ်ထိုးအိုးပေါက်"

"ဟုတ်သားပဲ မေစိုးရယ်"

ဆင်းကလည်း ဝင်ပြောသည်။ နေမင်းတို့ယောကျ်ားလေးတွေကတော့ အမြန်ဆုံး ဖြစ်သွားဖို့ပဲ စိတ်အားထက်သန်တာမို့–

"မေစိုးချည်း အပြစ်မြင်မနေပါနဲ့၊ မေစိုးပြောကတည်းက





ကံ့ကော် ခေါင်းညိတ်လိုက်ရင် ခုဆို ကလေးတောင် ကင်ပွန်းတပ်လို့ ရနေပြီကွယ်"

"ဟာ မရီလေးနော်"

"နောက် မဟုတ်လို့လား"

ရီလေး ရယ်ရယ်မောမောပြောတော့ အားလုံးဝိုင်းရယ်ကာ ထောက်ခံကြသည်။ ကံ့ကော် ပြန်ပြောဖို့ ခက်သွားသလို ပိုရှက်၏။

မရီလေး ပြောလိုက်ခါမှ ခေတ်နဲ့ကံ့ကော် ကလေးတောင် အဆစ်ရနေတဲ့အဖြစ်။ ဘာမှန်းလည်း မသိဘူး။ သူငယ်ချင်းတွေက ဟုတ်ပ့ါလို့ ဆိုကြတယ်လေ။

ဘာပဲဖြစ်ဖြစ် ကံ့ကော်နှလုံးသားမှာတော့ ကြည်နူးတာအမှန်။

ကိုကောင်းနဲ့မရီလေးတို့ ဟန်းနီးမွန်း ထွက်ကတည်းက ကံ့ကော် ရင်တဖိုဖိုနဲ့လေ။ ခေတ်နဲ့ကံ့ကော်လည်း ဟန်းနီးမွန်းထွက်တဲ့အခြေအနေ ဆိုရင် ဘယ်လိုများ ရင်ခုန်စရာကောင်းနေမလဲလို့ စိတ်ကူးတွေ ယဉ်မိတဲ့အဖြစ်။

ကံ့ကော်ကိုယ်ကံ့ကော် ညာလို့မရမှန်း ကံ့ကော် သိနှင့်နေတယ် မဟုတ်လား။

"ကဲပါ ခုလည်း နောက်မကျသေးပါဘူး ကံ့ကော်ရယ်၊ မင်္ဂလာပွဲက ဒီတစ်ပတ်အတွင်းဖြစ်မှာပါဟ"

မေစိုး ဖြစ်စေချင်စိတ်နဲ့ ဝင်ပြောတော့ ဆင်းက တစ်ခုခုတွေးမိ



www.burmeseclassic.com

www.burmeseclassic.com



ဟန်နဲ့ ချက်ချင်းဝင်ပြောသည်။

"မင်္ဂလာပွဲဖြစ်မှာ အရေးမကြီးဘူး"

"ဘာက အရေးကြီးတာလဲ"

ယုနိုင်စာအုပ်ပုံကို ကိုင်ကြည့်နေရာမှ ဖျတ်ခနဲ မေးသည်။

"အေး ဟုတ်တယ်၊ ဘာက အရေးကြီးလဲ"

တိုးတက်နဲ့နေမင်းလည်း စိတ်ဝင်တစား မေးလျှင် ကုံကော် တွေတွေလေး စိုက်ကြည့်သည်။ ဆင်းက ကုံကော် စိုက်ကြည့်မှန်း သိပေမယ့် ဒီတစ်ခါ အားမနာတမ်း ပြော၏။

"ပိတောက်ခင်း"လေ။

"ဟင်"

အားလုံး မျက်လုံးတွေ ဝိုင်းသွားသည်။

"ဟုတ်တယ်၊ ပိတောက်ခင်း ရှိနေတယ်လေ၊ ပိတောက်ခင်းကြောင့် ခေတ်နဲ့ကုံကော်ရဲ့မင်္ဂလာအစီအစဉ် ကမောက်ကမ ဖြစ်နိုင်တယ်၊ အရေးကြီးတယ်ဆိုတာ အဲဒီမိန်းကလေး။ အဲဒီကိစ္စ ဘယ်လိုလုပ်မလဲ"

ဆင်းပြောစကားအဆုံးမှာ သူငယ်ချင်းအားလုံး ခေါင်းတဆတ်ဆတ်နဲ့ လေးလေးနက်နက် တွေးကြသည်။

ကိုကောင်းနဲ့ရီလေးက ဆန့်ကျင်ဘက်။

ပန်းလေးတွေ ပင့်ကာ ပိုင်ပါတယ်ဆိုတဲ့ဟန်မျိုးနဲ့ ပေါ့ပေါ့ပါးပါးလေး ရယ်ချသည်။





ကုံကော်က ထိုစုံတွဲကို နားမလည်သလို အပြန်ပြန်အလှန်လှန် ကြည့်နေလျှင် ကိုကောင်းက ဆင်းခေါင်းကို ဖတ်ခနဲ လှမ်းဖွ၏။

"တုံးရန်ကော" ဆိုတဲ့ သဘောနဲ့ပါ။

"ဘာလဲ ကိုကောင်းရ"

"ဟွန်း။ ဆင်းခေါင်းထဲမှာ ဉာဏ်မရှိဘူး၊ ချေးပဲရှိတယ်၊ ပုစွန် ဦးနှောက်လေ"

"ဟာ ကိုကောင်းကလဲ၊ ဆင်း တကယ်အရေးကြီးလို့ ပြောတဲ့ဟာကို"

"ဟုတ်သားပဲ ကိုကောင်း"

နေမင်းပါ ဝင်ပြောသည်။

"ကောင်း၊ စီစဉ်တဲ့ကိစ္စပဲ ဆင်းရဲ့၊ လေဟာပေါက်မရှိရအောင် စီစဉ်ထားတာပေါ့၊ ရှင်တို့ကလည်း ဒါလေးတောင် လိုက်လို့မမှီဘူးလား ဆင်းရဲ့ဟင်"

မရီလေး မေးလျှင် အားလုံး ကိုကောင်းကို ပြိုင်ကြည့်ကြသည်။ ဟုတ်တော့လည်း ဟုတ်တယ်။ ကိုကောင်းစီစဉ်တဲ့ကိစ္စ မဟုတ်လား။

ပိတောက်ခင်းကိစ္စလည်း ရှင်းအောင်လုပ်ထားမှာ သေချာတယ်။ ဘယ်လိုလုပ်ထားလဲ။ ဒါတော့ သူတို့အားလုံး မသိပါ။

"ကဲပါ ကောင်းရဲ့၊ သူတို့လေးတွေကို ရှင်းအောင်ပြောပြလိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းလည်း ပြောမလို့ပဲ၊ ဟိုပြော ဒီပြောနဲ့ ပိတောက်ခင်းဘက် စကားမရောက်နိုင် ဖြစ်နေလို့ပါကွ"

"ကဲ ကိုကောင်း ပြောဗျာ"

နေမင်း စိတ်မရှည်ချင်။ ကျွန်တော်ကလည်း ပိုပြီးသိချင်နေတယ်မဟုတ်လား။

ကိုကောင်း ခေါင်းတစ်ချက်ဆတ်ရင်း –

"အဲဒီအတွက် စိတ်ပူမနေနဲ့၊ ပိတောက်ခင်း ဒီမှာရှိနေတဲ့အကြောင်း ပိတောက်ခင်းအစ်မ ဂမုန်းဝင်းကို ကိုယ် အကြောင်းကြားပြီးပြီ"

"အဲ အဲဒီတော့"

"ဂမုန်းဝင်းကလည်း ပိတောက်ခင်းကို အသည်းအသန် ရှာနေတာလေ၊ ကိုယ်လည်း အကြောင်းကြားလိုက်ရော သူ့ညီမကို သူပြန်ခေါ်သွားမယ်တဲ့၊ မနက်ဖြန်မနက် ဂမုန်းဝင်း ရောက်လိမ့်မယ်၊ ရောက်ရောက်ချင်း ခေါ်သွားမှာ၊ ဘာမှပူမနေနဲ့"

"အိုး ကိုကောင်းအစီအစဉ် သိပ်ပိရိတာပဲနော်"

ကျွန်တော် ကျေနပ်အားရပြောလျှင် –

"ကောင်းမင်းပါဆိုနေမှ"

ကိုကောင်းက သူ့ကိုယ်သူ ဂုဏ်တင်ပြောလျှင် အားလုံး ဟုတ်ပါ့လို့ အားရဝမ်းသာ ထောက်ခံကာ –





"တစ်ခုတော့ ရှိတယ်၊ ဒီကိစ္စ ခေတ်သိလို့ မဖြစ်ဘူး"

မရီလေး ပြောစကားမဆုံးခင် –

"စိတ်ချပါ မရီလေးရဲ့၊ ခင်းတို့အားလုံး နှုတ်လုံပြီးသား ဟုတ်တယ်နော်"

ဒါတော့ သူငယ်ချင်းအားလုံးကို ငြိုနေစရာမလို။ ပြိုင်တူခေါင်းညိတ်၏။

"ကိုကောင်းနဲ့မရီလေးကို ကျွန်တော် ကျေးဇူးတင်ပါတယ်၊ အဲဒီကျေးဇူးကိုလည်း ကျွန်တော် ဘယ်တော့မှ မမေ့ဘူး"

ကျွန်တော် မဖုံးနိုင်မဖိနိုင် အားရဝမ်းသာကာ ရင်တွင်းသံကြီးနဲ့ လှိုက်လှိုက်လှဲလှဲဆိုချေသည်။

"ကဲ ကျေးဇူးမမေ့ဘူးဆိုရင် ကိုယ်တို့ တစ်သိုက်လုံးကို ထရိန်ဒါးမှာ ဒင်နာလိုက်ကျွေး"

"ကျွေးတာပေါ့ ကိုကောင်းရဲ့ ဟင့် ဟင့် ဟင့်"

"အိုကေ"

သူငယ်ချင်းအားလုံး လက်မလေးတွေထောင်ကာ အားရဝမ်းသာ ဖြစ်ကုန်ကြသည်။

"ခေတ်နဲ့ကျွန်တော်တို့ရဲ့ မင်္ဂလာအကြို ဒင်နာပွဲ"

မရီလေးပြောတော့ သူငယ်ချင်းတွေ လက်ခုပ်တိုင်းတီးကြသည်။ ကျွန်တော် စိတ်နှလုံးသားလေး ပျော်မြူးကာ။



www.burmeseclassic.com

မရီလေးကို ပွေ့ဖက်လျက် မရီလေပါးပြင်ကို ဖွဖွမွှေးမိလေသည်။

ယောက်ျားရတော့မယ်ဆိုတဲ့ ခံစားချက်ကလည်း ရှင်မြူးစရာကောင်းနေပါလားနော်။



## အခန်း (၂၆)

လေပြည်လေး တဖြူးဖြူးက ခင်းရဲ့ဆံနွယ်လေးကို ကြင်ကြင်နာနာ ကျီဆယ်နေသည့်နှယ်။

တလွင်လွင်လွှပ်နေတဲ့ ခင်းဆံပင်ကို ခင်းလက်နဲ့ ဖိချုရင်းကျောက်ရုပ်လေးလို ငုတ်တုတ်ရပ်နေမိတဲ့ ခင်း။

ဒါပေမဲ့ ကိုကြီးနဲ့ မျက်နှာချင်းမဆိုင်ရဲသလို သရက်ပင်ကြီးနှင့် မကွယ့်တကွယ် ရပ်နေလိုက်သည်။

"ခင်း"

ကိုကြီးခေါ်ရင်း ရှေ့တိုးလာသည်။ မျက်လုံးအစုံက ခင်းဆီမှာသာ။

www.burmeseclassic.com



ခင်း မလုံမလဲနဲ့ မျက်တောင် ပုတ်ခတ်လုပ်ပြီး –

"ကိုကြီးကို ခင်း ပြောစရာရှိလို့"

"ဘာလဲ ကိုယ့်အသည်းခွဲပြီး ထွက်သွားဖို့လား"

ခင်းရင်မှာ ထိခိုက်သွားလေသည်။ ခံစားချက်အစစ်အမှန်နဲ့ မေးလိုက်မှန်း ကိုကြီးအသံက သိသာနေတယ် မဟုတ်လား။

မျက်ရည်အဝဲသားနဲ့ ခင်း ခေါင်းလေးခါလျှင် –

"နောက် ဘာလို့ထွက်သွားဖို့ ကြံစည်နေရတာလဲ"

"ကိုကြီးရယ်၊ အဟင့်"

ခင်း မငိုပါဘဲ မနိုင်တဲ့ မျက်ရည်တွေ ပြိုကျလာသည်။ အရေးအကြောင်းဆို အဲလိုပဲ ခင်း မျက်ရည်လွယ်နေတတ်တာ ကိုလွင်နဲ့ အစွပ်စွဲခံရကတည်းက ဖြစ်သည်။ ဒီကိစ္စမှာလည်း ခင်း မျက်ရည်လွယ်နေလို့ မဖြစ်ပါဘူးလေ။

စိတ်ကိုတင်းရင်း ခင်း မျက်ရည်သုတ်ဖို့ပြင်သည်။ ကိုကြီးက ခင်းထက် ဦးလေသည်။ ခင်း မေးဖျားလေးကို ဆွဲယူပြီး မျက်နှာလေး ဆွဲမော့လျက် ခင်းမျက်ရည်တွေကို တယုတယသုတ်ပေးလေသည်။

"မောင် ရင်ကွဲအောင် မလုပ်ပါနဲ့ ခင်းရယ်၊ ခင်းကို မောင် ချစ်တယ်၊ မြတ်နိုးတယ်၊ ခင်းနဲ့ ခင်းခဲအိုကိစ္စ ဘာကြီးဖြစ်ဖြစ် ခင်းကို မောင် ချစ်နေတဲ့အတွက် တန်ဖိုးလည်း ထားတယ်၊ ဘာကြောင့်မှ ခင်း ရှောင်သွားဖို့ မလိုပါဘူးကွာ၊ မောင်လည်း ခွင့်မပြုနိုင်ဘူး၊ မောင့်ကို





အရူးဖြစ်အောင် မလုပ်ပါနဲ့ ခင်းလေးရယ်၊ နော်၊ ခင်းအတွက် အရာရာ ရင်ဆိုင်ဖို့သတ္တိမွေးထားပြီးပြီ၊ ခင်းလေး ယုံကြည်ပေးပါနော်"

မောင့်စကားမဆုံးခင် ခင်းမျက်ဝန်းမှာ မျက်ရည်တွေ ဝိုင်းလာပြန်သည်။ ခင်းအတွက် အဲဒီလောက်တောင်ပဲလား မောင်ရယ်လို့ ခင်း ပြန်မမေးရက်တော့ပါ။ ဒါတင်မက –

ခင်းခေါင်းလေးက မောင့်ရင်ခွင်ပေါ် ညွတ်ကျလေသည်။

"အဟင့် ဟင့် ဟင့်"

ပြီးတော့ နှလုံးသားလေး ကွဲအက်မတတ် ငိုရှိုက်လျက် –

"ခင်းလေးရယ်"

မောင်က ကြင်နာစွာ ရေရွတ်ရင်း ခင်းကိုယ်လုံးလေးကို ရင်ထဲ ဆွဲပွေ့ကာ လည်တိုင်ချင်း ယှက်၏။

"မောင်လိုချင်တာ ခင်းလေးဆီက အချစ်"

"အချစ်တဲ့လား မောင်ရယ်၊ ဟင့် ဟင့် ဟင့်"

"ဟုတ်တယ်၊ အချစ်ပဲ လိုတယ်၊ ခင်း မောင့်ကို ချစ်တယ် မဟုတ်လားဟင်"

ခင်းကိုယ်လေးကို ရင်ခွင်ထဲမှ ဆွဲထုတ်ပြီး မျက်နှာလေးကို စိုက်ကြည့်ရင်း မေးပြန်သည်။

"ခင်းဆီကနေ မောင်က ချစ်တာပဲ လိုချင်တယ်၊ အဲလိုလား ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ခင်းချစ်တယ်ဆိုရင် ပြီးပြီ၊ ချစ်လား၊ မောင့်ကို ချစ်လားဟင်"

ခင်းနှုတ်ခမ်းသားလေး လှုပ်ရှားသွားသည်။

အချစ်ဆိုတာ ကွဲကွဲပြားပြား ခံစားသိလာတဲ့အချိန်ဟာ မောင် ပွေ့ဖက်လိုက်ကတည်းကလေ။ ဒါကြောင့် ခင်း ခေါင်းလေးဆတ်ကာ မျက်တောင်လေး ပုတ်ခတ်လုပ်ပြီး အဖြေပေးလိုက်မိသည်။

"ချစ်တယ်"

"ခင်းရယ်"

ထိုအခါ နှစ်ယောက်သားကြားမှာ လေပြည်ညှင်းလေး ကြား ဝင်မသာတော့ပါ။ ရင်ခွင်ချင်း နှင်းလျှက်။

နှုတ်ခမ်းတို့ ယိမ်းကသည်က အချစ်ကို သက်သေထူတဲ့ သင်္ကေတ။

✿ ✿ ✿



# အခန်း (၂၇)

"ဘယ် ဘယ်လို"

ဒေါ်မူမူ ကိုယ့်နားကိုယ်မယုံနိုင်ဖြစ်ကာ ဝုန်းခနဲ ထရပ်ပြီးသား ရှေ့တိုးသွားရင်း မေးသည်။

သားက ပြုံတ်သားနေတဲ့ဟန်နဲ့ တည်ငြိမ်နေကာ။

"ကျွန်တော်ကို ကျွန်တော် မယူဘူး မာမီ"

"ဘုရားရေ"

ဒေါ်မူမူ ရင်ဘတ်ကြီး မောက်ကြွမတတ် အံ့သြလို့သွားသည်။

"နေပါဦး၊ ကျွန်တော်ကို ငြင်းရလောက်အောင် ကျွန်တော်က ပိတောက်ခင်းလို ကိုယ်ကျင့်သိက္ခာပျက်နေတဲ့ မိန်းကလေးမို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မာမီ မဆိုင်တာတွေ မပြောပါနဲ့"

"ဩော်၊ ပြောတော့ ဟိုဟာမလေးဘက် နာတယ်ပေါ့ ဟုတ်လား၊ သားလတ်"

ခေတ်ပန်းကို ပုတ်ခါရင်း ဒလဟောပြောချတဲ့ မာမီ။ ခေတ်စိတ်ပျက်လက်ပျက်ဖြစ်ကာ ခေါင်းယမ်း၏။

"မာမီရာ ကံ့ကော်ကိုငြင်းတာက ကျွန်တော် မချစ်လို့"

"သားလတ် ချစ်တာတွေ နှစ်တာတွေ မာမီ့ကို လာမပြောနဲ့၊ အစကတည်းက သားပဲ လိုချင်လှချည်ရဲ့ဆိုလို့ မာမီတို့လူကြီးချင်း သဘောတူထားတာ၊ သားလည်း လိုချင်လို့ ကြိုးစားခဲ့တယ်လေ"

"မာမီပြောတာ မှန်ပါတယ်၊ ကျွန်တော် ကြိုးစားခဲ့တယ်ဆိုတာ"

"အေး ကြိုးစားတဲ့အတိုင်း အခု မာမီတို့ စီစဉ်တယ်လေ၊ သား နာခံရမယ်၊ ဝမ်းမြောက်ဝမ်းသာဖြစ်ရမယ် မဟုတ်ဘူးလား"

"မာမီတို့အထင် မာမီတို့အမြင်နဲ့တော့ ဟုတ်ပါတယ်၊ ဝမ်းသာအားရဖြစ်ရမယ်ဆိုတာ၊ ဒါပေမဲ့ မူယာမာယာများနေတဲ့ ကံ့ကော်ရဲ့မာနကို ကျွန်တော် ဘယ်လိုမှ နားလည်လက်ခံပေးလို့မရဘူး"

"ရရ၊မရရ မာမီစီစဉ်တာကို သား နာခံရမယ်"

"ဒီတစ်ခါ မာမီတို့စီစဉ်တာကို ကျွန်တော် လက်မခံဘူး မာမီ"

"ဟင်"





မိဘကို ဘယ်တုန်းကမှ ဖက်ပြိုင်ပြီး မပြောဖူး၊ မဆိုဖူးတဲ့ သားလတ်က ခုတော့ ပြတ်သားတဲ့စကားကို အခိုင်အမာပြောနေလိုက်တာ။ ဒေါ်မူမူ မအံ့သြဘဲ မနေနိုင်တော့ပါ။

သားဖြစ်သူကို မော့ကြည့်ရင်း အံ့သြမဆုံးနိုင်အောင် ငြိမ်သက်လို့သွားသည်။

ထိုအခါ ခေတ်မာမီရှေ့က ခွာကာ –

ဝရန်တာဘက်ထွက်တဲ့ ညည်ခန်းထောင့်နားသွား၏။ ခင်းလေးအလှဆင်ထားတဲ့ ပလတ်စတစ် သစ်ခွပန်းစင်နား ခြေစုံရပ်လျက်။

တကယ့်ပန်းပွင့်လေးနဲ့တူတဲ့ ပလတ်စတစ်သစ်ခွပန်း။ ဝါဝါလေးကို စိုက်ကြည့်ရင်း –

"ဟုတ်တယ် မာမီ၊ ကံ့ကော်ကို ငြင်းတဲ့အတွက် ကျွန်တော့်ကို စိတ်ကြိုက်အပြစ်ပေးပါ၊ ဒယ်ဒီ့သဘောအတိုင်း သားအဖြစ်က စွန့်လွှတ်ချင်လည်း စွန့်လွှတ်ပါ မာမီ"

"ဘုရားရေ အလတ်ကောင် မင်း ဘာတွေပြောနေတာလဲဟင်"

"ကျွန်တော် ဆုံးဖြတ်ထားတဲ့အတိုင်း ပြောတာပါ မာမီ၊ ကံ့ကော်ကိုရဖို့ ကြိုးစားခဲ့တာ ဦးနှောက်ရဲ့စေစားမှုပါ မာမီ၊ အဲဒါကြောင့်မို့လည်း မလိုအပ်တဲ့မာနတွေနဲ့ ကျွန်တော့်အပေါ် အမြဲတမ်း ဥပေက္ခာပြုနေတဲ့ ကံ့ကော်အပြုအမူတွေဟာ ကျွန်တော့်ရင်ထဲ ချစ်စိတ်ဖြစ်လာဖို့နေနေသာသာ မျက်နှာချင်းတောင် မဆိုင်ချင်တော့ဘူး မာမီ၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရှောင်ခဲ့တယ်''

''ရှောင်မှာပေါ့၊ ဟိုဟာမလေး မှိုင်းမိနေတာကိုး''

''ကျွတ်''

တက်ခေတ် ခံရခက်ခက်ကြီး ဖြစ်သွားသည်။ မာမီပြောရင်း ဆိုးဆိုးဆတ်ဆတ်နဲ့ သူ့အနားလာသည်။ သစ်ခွပန်းစင်လေးကို ဆွဲလွှဲပစ်၏။

''ဟင်''

မထင်မှတ်တဲ့ မာမီရဲ့အပြုအမူကြောင့် ခေတ် အသက်ရှူဖို့ မေ့လျော့သွားသည်။

မာမီ ဆွဲလွှဲပစ်တဲ့အရှိန်နဲ့ ပန်းစင်လေးက ဧည့်ခန်း အလယ်မှာ ပုံလျက်ကျကာ။

ခေတ်နှလုံးသားမှ နမြောတသနဲ့ ယူကျုံးမရဖြစ်လေသည်။

''မာမီရယ် အပြစ်မရှိတာကို ရမယ်ရှာပြီး ရုပ်ပျက်ဆင်းပျက် ဖြစ်အောင် မလုပ်ပါနဲ့ဗျာ''

ခေတ် တသသပြောရင်း ပန်းစင်လေးကို တယုတယ ပြန်ကောက်ဖို့ ကြိုးစားသည်။ ထိုအခါ မာမီ ရှေ့က ကားဆီးပြီး –

''ဒီမှာ သားလတ် ကံ့ကော်ကို အကြောင်းအမျိုးမျိုးပြပြီး ငြင်းနေတာ ဟိုဟာမလေးကြောင့်ဆိုတာ မာမီ သဘောပေါက်တယ်၊ ဒါပေမဲ့ သားလတ် ဆုံးဖြတ်တိုင်း ပြတ်သားတိုင်း မာမီတို့ လက်ခံဖို့ မရှိဘူး။





အဲဒါကို သား ခေါင်းထဲထည့်ထား။ သားဒယ်ဒီ မနက်ဖြန်ရောက်မယ်၊ ဒါပဲ''

မာမီ့လက်ညှိုးတထောင်ထောင်နဲ့ အပြတ်သားဆုံး ပြော၏။

ခေတ် မွန်းကျပ်ကာ ခေါင်းယမ်းလျက်–

''မာမီ''

''ဘာမှထပ်မပြောနဲ့၊ သားလတ် ပြတ်သားတယ်ဆိုတာ ဝလုံးအဆင့်ပဲ ရှိသေးတယ်၊ မာမီတို့ ပြတ်သားတာ၊ အစစအရာရာအတွက် ဖြစ်တယ်၊ အဲဒီပြတ်သားမှုထဲမှာ သားကို စွန့်ပစ်လိုက်ဖို့မဟုတ်ဘူး၊ စာရိတ္တမကောင်းတဲ့ မိန်းကလေးရဲ့နွံထဲ နစ်မြုပ်မသွားအောင် ဆယ်ယူဖို့၊ နားလည်လား။ ခုချိန်ကစပြီး ဟောဒီတိုက်ခန်းထဲကနေ သား ခြေလှမ်းတစ်ဖဝါးမှ မခွာနဲ့၊ အိုး မခွာရဘူး''

မာမီ ပြောရင်းဆိုရင်း အခန်းသော့တွေ သိမ်းလေသည်။

ထိုအခါ ခေတ် မျက်လုံးအစုံ ပြာဝေမတတ်။ ဟုတ်တယ်လေ အခန်းသော့တွေပါ သိမ်းထားမှတော့ ခေတ် ဘယ်လိုပုံစံနဲ့ အပြင်ထွက်ခွင့်ရတော့မှာလဲ။

ပြီးတော့ ဒယ်ဒီကလည်း နက်ဖြန်ရောက်မှာတဲ့။

ခင်းရယ် မောင်တို့ တစ်ဘဝစာ ဝေးရတော့မယ် ထင်တယ်။

မာမီ လွှင့်ပစ်လိုက်တဲ့ ပန်းစင်လေးကို တယုတယ ဆွဲယူလျှင် ပန်းပွင့်လေးတစ်ပွင့်က ကြမ်းခင်းမှာ ကြွေကျလျက်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ခွပန်းဝါဝါလေးကို ခေတ် ကြင်ကြင်နာနာ ကောက်ယူရင်း တစ်ရှိုက်မွှေးမိ၏။

ပန်းတုလေးမို့ ရနံ့မရှိပေမယ့် ခေတ်နှလုံးသားမှာတော့ မွှေးမြသလို ခံစားရတယ်လေ။

✿ ✿ ✿



## အခန်း (၂၈)

"ဟင်"

မမဝင်းကို ဘွားခနဲမြင်လျှင် သရဲတစ်ကောင်မြင်သလို ခင်း လန့်ဖျပ်သွားပါသည်။ ခင်းထက် ဆယ်သုံးနှစ်ကြီးတဲ့ မမဝင်းက ခင်း မိခင်လည်း ဟုတ်၏။

ခင်း တစ်နှစ်အရွယ်မှာ ဖေဖေနဲ့မေမေ ဆိုင်ကာယ်အက်ဆီးဒင့် ဖြစ်ပြီး တစ်ပြိုင်နက် ဆုံးသွားတာ။ ကြီးတော်တွေ သင်ကြားပေးတဲ့ အတိုင်း မမဝင်းက ခင်းကို မိခင်သဖွယ် တယုတယ ထိန်းကျောင်းလာ ခဲ့တာလေ။ ဒါကြောင့်မို့ မမဝင်းဟာ ခင်းရဲ့မိခင်ဆိုလည်း မမှားပါ။

"လာခဲ့ မိခင်း"



www.burmeseclassic.com

www.burmeseclassic.com



မမဝင်း ခင်းလက်ကို အတင်းဆွဲလေသည်။ ခင်း ခေါင်းတခါခါနဲ့ အကြောက်အကန်ငြင်း၏။

"ဟင့်အင်း မမဝင်း၊ ခင်းကို နောက်ထပ် အရှက်ကွဲအောင် မလုပ်ပါနဲ့"

"ဘာ၊ အရှက်ကွဲအောင်မလုပ်နဲ့ ဟုတ်လား၊ ဘယ်နေရာမှာ ညည်းကြောင့် အရှက်မကွဲတာရှိလဲ ဟင်"

"မမဝင်း တစ်ဖက်သတ်မပြောပါနဲ့"

"ငါကပဲ တစ်ဖက်သတ်ပြောသလား။ ညည်းလုပ်တာတွေကပဲ ကောင်းသလားဟင်၊ ညည်းကြောင့် ငါတို့လင်မယား ရှင်ကွဲ ကွဲရတာ သိရဲ့လား။ ခုချိန်ထိ ကိုလွင့်သတင်း စုံစမ်းလို့မရသေးဘူး။ ညည်း သိရဲ့လား။ ညည်းက ဒီမှာ နောက်တစ်ယောက်နဲ့ အကြည်ဖာတ်ခင်းနေသေးတယ်၊ ဘယ်နေရာရောက်ရောက် ညည်းသတင်းက အနံ့ဆိုးချည်းပဲ၊ ညည်းကို ဒီအတိုင်း လွှတ်ထားလို့မရဘူး၊ ညည်း ပျက်စီးသွားမယ် ညီမရယ်၊ ညည်း မိန်းမပျက်ဖြစ်သွားမယ်၊ ဒါတွေ ညည်း သိရဲ့လား။ ဒါကြောင်း သတင်းရရချင်း ငါ လာခေါ်တာ၊ ညည်း ငါနဲ့ ပြန်လိုက်ခဲ့၊ လာ လာခဲ့"

"အိုး ဖယ်၊ လွှတ်နော် မမဝင်း"

မမဝင်းဆွဲထားတဲ့ လက်ထဲက လွတ်အောင် ခင်း အတင်းရုန်းထွက်၏။ ခင်း ရုန်းထွက်လေ မမဝင်း ခံပြင်းလေ။ —





"ညည်း ဘာဖြစ်လို့ ဒီလောက်တောင် သွေးကြွနေရတာလဲ ခင်းရယ်၊ ငါတို့အမျိုးထဲမှာ ညည်းလိုမိန်းမ တစ်ယောက်မှမရှိဘူး ခင်းရဲ့၊ ညည်းကို ငါ ဒီလောက်ထိန်းကျောင်းပုံသွင်းထားလျက်နဲ့ ညည်း ငါ့လင်ကိုမှ နှိုက်ရဲတယ်၊ ညည်းမရှိတော့တာနဲ့ ငါ့လင်မျက်နှာလည်း မမြင်ရတော့ဘူး။ ညည်းကြောင့် ငါတို့လင်မယား ရှင်ကွဲကွဲနေရတာလေ၊ ရှေ့ဆက်ပြီး ငါ့လင်နဲ့ငါ ရှင်ကွဲ အကွဲမခံနိုင်ဘူး၊ ညည်းပြန်လာမှ ငါ့လင်လည်း ငါ့ဆီ ပြန်လာမှာ ငါသိတယ်၊ ဒါကြောင့် ညည်း ငါနဲ့လာနေ၊ ငါ့လင်ပြန်လာမှ ညည်းကြိုက်တဲ့ဆီ ထွက်သွား"

"မမဝင်း"

ခင်း ဒေါသပေါက်ကွဲစွာ ခေါ်လိုက်သည်။ မမဝင်းက လင်ဖောနဲ့ ခင်းအပေါ် စွဲချက်တွေ တင်လျက်။

"ညည်း ဘာမှမပြောပါနဲ့အေ၊ ညည်းကြောင့် ငါတို့လင်မယား မကွဲပါရစေနဲ့၊ ညည်းကြောင့် ညည်းတူ့တူမတွေ ဖခင်မမဲ့ပါစေနဲ့ ခင်းရယ်၊ ညည်းကို ငါ တောင်းပန်တယ်၊ ညည်း ငါနဲ့ပြန်လိုက်ခဲ့၊ ကိုလွင်ပြန်လာရင် ညည်းတို့ ဘာဖြစ်ချင်လဲ ဖွင့်ပြောကြ၊ ငါ ဘာမဆို လိုက်လျောပေးဖို့ ဝန်မလေးဘူး ခင်းရယ်၊ ညည်းကို ငါ့ညီမဆိုတာထက် ငါ့သမီးလို ငါချစ်ခဲ့တာ ခင်းရဲ့ ဟင့် ဟင့် ဟင့်"

ပြောရင်း ချုံးပွဲချငိုရှာတဲ့ မမဝင်း။

ခင်း ဒေါသတကြီး ပြန်ပြောဖို့ စုဆောင်းထားတဲ့စကားတွေ



www.burmeseclassic.com

www.burmeseclassic.com



ဟာ မမဝင်း၏ မျက်ရည်တွေနောက်မှာ အရည်ပျော်ကုန်သည်။

ခင်းလက်ကို မလွှတ်တမ်း ဆွဲဖက်ထားရင်း တရှိုက်ရှိုက်နဲ့ မမဝင်း ငိုနေတာတွေက ကိုလွင့်ကို ချစ်တဲ့စိတ်ကြောင့်ဖြစ်သလို ညီမကိုလည်း ပစ်ပယ်မထားနိုင်သောကြောင့်ဖြစ်မှန်း ခင်း ရိပ်မိပါတယ်။

မမဝင်းဟာ ခင်းကို မမဝင်းမွေးတဲ့ သမီးထက် ပိုအလေးပေးသလို ပိုချစ်တာ ခင်းသိပါတယ်။ ကိုလွင်ကလည်း မမဝင်းလိုပဲ ခင်းကို ချစ်တယ်၊ အလေးထားတယ်လေ။

ဒါပေမဲ့ ဘာကြောင့် ဒီလိုတွေဖြစ်ရတာလဲဆိုတဲ့ အကြောင်းဖြချက်ကို ခင်း လိုက်လို့မမှီတော့ပါ။

အဖြစ်အပျက်ကိုလည်း ပြန်မစဉ်းစားချင်။ ဒါပေမဲ့ ထိုအဖြစ်အပျက်ရဲ့ နောက်ဆက်တွဲက ပြဿနာမီးတောက်ကြီး လောင်နေခဲ့တာ ခုချိန်ထိ အရှိန်ကောင်းနေဆဲ။

ခင်းလည်း ငိုမိပြန်သည်။

ညီအစ်မနှစ်ယောက် မျက်နှာချင်းဆိုင်လျက် ငိုနေတဲ့အဖြစ်ကို ဦးအေးမော်နဲ့ဒေါ်နုနု မကြည့်ရက်တော့ပါ။

"သမီးတို့ရယ် ဖြစ်ပြီးတာကို ပြန်ပြန်ကောက်ပြီး ပြောကြဆိုကြနဲ့ဆို ဝေဒနာက တိုးလာဖို့ပဲ ရှိတယ်။ ခုပဲကြည့် ရင်ထဲက မီးတောက်က အရှိန်တငြိုးငြိုး လောင်နေဆဲ မဟုတ်လားကွယ်။

ညီမနှစ်ယောက် ငိုလို့သာ နေကြသည်။ ဒေါ်နုနုက နှစ်ယောက်





လုံးကို ဖက်ပြီး လေပြေလေးနဲ့ ဖျောင်းဖျနေရှာသည်။

သားသမီးမထွန်းကားတဲ့ သူတို့လင်မယားဟာ ပထမဦးဆုံး ခေတ်တို့ညီအစ်ကိုသုံးယောက်လုံးကို သားလိုပဲ ချစ်ခဲ့တယ်။

ထိုသုံးယောက်ထဲမှာ ခေတ်ကို ပိုတယ်။ ခေတ်က တစ်ခါပတ်သက်လာတဲ့ ခင်းလေးကိုလည်း သမီးလိုချစ်ကာ တာဝန်အရ စောင့်ရှောက်ရပေမယ့် ကိုယ့်သမီးလို အရိပ်တကြည့်ကြည့်မဟုတ်လား။

ဟော တစ်ခါ ဂမုန်းဝင်း။

ခင်းရဲ့အစ်မဆိုတော့လည်း သမီးနဲ့မခြားပါဘူး။ ဒါကြောင့် သူတို့ရင်ထဲက ချစ်ခင်မိတဲ့ ကလေးမများအပေါ် အစစအရာရာ နားလည်ပေးနိုင်ရတယ်လေ။

အဝင်းလေးကလည်း သနားစရာ။ ခယ်မနဲ့ ဟိုဖာတ်လမ်းမှာ အရှုံးမီးပိုင်းရယ်။

ညီမလုပ်သူကလည်း အမှားကို ဝန်ခံတာလည်း မရှိ။ ရှောင်ထွက်ခဲ့ပေမယ့် ပြဿနာက တောက်လျှောက်မဟုတ်လား။

"လောလောဆယ် သမီးတို့ရဲ့သောကတွေ၊ ဒေါသတွေကို လျှော့ပါကွယ်"

ဦးအေးမော် ဝင်ပြောလျှင် –

"လျှော့လို့ရမလား ဦးရဲ့၊ စဉ်းစားကြည့်လေ ဒီမှာလည်း ပြဿနာနဲ့ မဟုတ်လား၊ သူ့ကို ဒီမှာဆက်ထားရင် သူ့စရိုက် ပိုမှာ



www.burmeseclassic.com

www.burmeseclassic.com



သွားမှာပေါ့လို့''

မမဝင်း အက်ကွဲသံကြီးနဲ့ ပြန်ပြောသည်။ ခင်း ရှိုက်နေရာမှ မျက်ရည်တွေသုတ်ကာ –

''မမဝင်းရယ် ခင်းဘဝမှာ ဘာကြောင့် ဒီလိုတွေဖြစ်လာလဲ ဆိုတာ ခင်း ဘယ်လိုမှ နားမလည်နိုင်တော့ဘူး။ တကယ်ပါ မမဝင်း ရယ် ကိုလွင်နဲ့ခင်းက''

''တော်ပါတော့ မပြောပါနဲ့တော့ ညီမရယ်၊ ညည်းဖြစ်ချင်တာ တွေ ငါ အားလုံးလုပ်ပေးမယ်၊ ညည်းပြန်လိုက်ခဲ့နော် ညီမ''

''မဖြစ်နိုင်တာပဲကွယ်''

ဒေါ်ဒေါ်နု ချက်ချင်းဝင်ပြောသည်။ မမဝင်း ဒေါ်ဒေါ်နုကို မော့ကြည့်ရင်း –

''ဘာလို့မဖြစ်နိုင်ရမှာလဲ ဒေါ်ဒေါ်''

''ဪ ဒီလိုလေ ဝင်းလေးရဲ့၊ လူမှုရေးပြဿနာဆိုတာ တခြား ပြဿနာတွေနဲ့ မတူဘူးလေ၊ တတ်နိုင်သမျှ မေ့မေ့ပျောက်ပျောက် နေနိုင် တာ ကောင်းတယ်၊ ခင်းလေးကို ဒေါ်ဒေါ်တို့ တာဝန်ယူပြီး စောင့်ရှောက် ထားမှာပါ၊ ဒါမှလည်း စိတ်အနည်ထိုင်ပြီး သမီးယောက်ျား သမီးဆီ ပြန်လာမယ်၊ အဲဒီတော့ သမီးတို့မိသားစု အေးအေးချမ်းချမ်း နေလို့ ရမယ်လေ''

မမဝင်း ခေါင်းတွင်တွင်ယမ်းလျက် –





''မဟုတ်ဘူး။ ခင်း ဒီမှာရှောင်နေရင် ကိုလွင်လည်း ရှောင်နေ မယ်၊ အဝင်း သိတယ်၊ ဒါကြောင့် ခင်းကို အဝင်းနားမှာ ထားမှဖြစ် မယ်၊ ပြီးတော့ ဒီမှာလည်း ခေတ်နဲ့ ငြိနေတဲ့ပြဿနာလည်း ငြိမ်းမယ်၊ ဒါကြောင့် ခင်းကို ပြန်ခေါ်သွားပါရစေ ဒေါ်ဒေါ်ရယ်''

''မဟုတ်သေးဘူး၊ မဟုတ်သေးပါဘူးကွယ်''

ဒေါ်ဒေါ်နု ခင်းကိုဖက်ထားရင်း တတွင်တွင် ငြင်းသည်။

''မောင်ခေတ်စိတ်နှလုံးမှာ ဘာရှိလဲဆိုတာ ဒေါ်ဒေါ်နု သိတာ ပဲ၊ ခေတ်က ကံ့ကော်ကို ယူတယ်ဆိုရင်တောင် ခင်းလေးကို ဒေါ်ဒေါ်တို့ လူတစ်လုံး သူတစ်လုံးဖြစ်အောင် စောင့်ရှောက်ထိန်းသိမ်းပြီး ပညာသင် ပေးမှာပါ၊ လူမှုရေးပြဿနာကြားထဲမှာ ခင်းလေးဘဝကို အနစ်မွှမ်းမခံ ချင်ဘူး''

''ဟုတ်သားပဲ မမဝင်း''

အလောတကောနဲ့ ခုမှရောက်လာတဲ့ ကြည်မာကလည်း ဝင် ပြောရှာသည်။

''သမီးတို့အားလုံး ခေါင်းအေးအေးထားပြီး ဆွေးနွေးကြပါ ကွယ်''

ဦးအေးမော် ဒါပဲပြောပြီး တိုက်ထဲဝင်သွားသည်။ ဒေါ်ဒေါ်နုက လည်း ခင်းကို မလွှတ်တမ်းဆွဲကာ တိုက်ထဲခေါ်သွင်း၏။

မမဝင်းက မျက်နှာကို လက်ဖဝါးနှင့်အုပ်ရင်း ငိုချပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည်မာက မမဝင်းကိုဖက်ထားရင်း အခြေအနေတည်ငြိမ်အောင် ထိန်းနိုင်ဖို့ ကြိုးစားရှာသည်။

"ဦးဦးပြောသလိုပဲ ခေါင်းအေးအေးထားပါဦး မမဝင်းရယ်၊ ကိုလွှင် အဆက်အသွယ်လုပ်တာက အရမ်းရှက်နေလို့ပဲဖြစ်မယ်၊ အချိန်ကြာလို့ သွေးအေးသွားရင် အရှက်လည်း ပြေလာမယ်၊ အရှက်ပြေလာတော့လည်း မမဝင်းဆီ ပြန်လာမှာပေါ့၊ ကြည်မာ အဲလိုထင်တယ် မမဝင်းရယ်"

"သူပြန်မလာလေ မမဝင်းရင်မှာ မီးတောက်လေပဲ ကြည်မာရဲ့ ဟင့်ဟင့်"

"ကြည်မာ နားလည်ပါတယ်၊ ဘာပဲဖြစ်ဖြစ် အရှက်တကွဲဖြစ်တာတွေ ပြန်ဆယ်ထိန်းဖို့က သွေးအေးအေးနဲ့ ချင့်ချင့်ချိန်ချိန် လုပ်ဖို့ပဲလိုတာ မမဝင်းရဲ့၊ ကြည်မာလည်း မမဝင်းဘက်က ရှိပါတယ်၊ ဒေါ်ဒေါ်တို့ ဦးဦးတို့လည်း ခင်းလေးကို ချစ်ကြပါတယ်၊ ဒါကြောင့် မမဝင်း ခေါင်းအေးအောင်ထားပါနော်၊ နော် မမဝင်း လာ၊ ခရီးရောက်ကတည်းက မမဝင်း မနားရသေးဘူး၊ ပင်ပန်းနေရောပေါ့၊ လာ နားရအောင် မမဝင်း"

ကြည်မာ တတွတ်တွတ်ပြောဆိုချော့မော့ရသည်က ဒီညီအစ်မရင်ထဲက မီးတောက်တွေ ငြိမ်းစေဖို့လေ။

"ဟင့် ဟင့် ဟင့်"





ညီအစ်မနှစ်ယောက်က တသိမ့်သိမ့် ငိုနေဆဲ။

ငိုတာတွေရဲ့နောက်မှာ ဝေဒနာတွေ မျှောပါသွားစေကွယ်။ ဒါမှ ဆွေးနွေးလို့ရမှာလေ။

နောက်ဆို ညီအစ်မနှစ်ယောက် စစ်ခင်းနေမယ့် ဖြစ်စဉ်၊ ကြည်မာ သိတာပေါ့။ ခင်းက ရှင်းပြခွင့်မရလို့ ပေါက်ကွဲဖို့ ဆူပွက်နေတာ။

မမဝင်းကလည်း ရှင်းပြတာတွေ ဘာတွေ လက်မခံ။ မမဝင်း အစီအမံအတိုင်း ဒါပဲ နာခံဆိုပြီးဖြစ်နေတဲ့ အခြေအနေ။

ရှေ့ဆက် ဘာတွေဆက်ဖြစ်မလဲ။

မတွေးရဲပါကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"ဘာ ဘာပြောတယ်"

ကံ့ကော် ထိုင်နေရာမှ ဝုန်းခနဲ ထသွားကာ မေးသည်။ ဆင်းက အအေးဖန်ခွက်ကို ကိုင်ထားပြီးသော်လည်း မသောက်သေး။ ဖန်ခွက်ကို စားပွဲပေါ် ပြန်ချရင်း –

"ဟုတ်တယ်၊ ခေတ်က ကံ့ကော်ကို ငြင်းတာတဲ့"

"ငြင်းတာ"

"ဟုတ်တယ်၊ အန်တီမှလေ ကိုကောင်းကိုခေါ်ပြီး ပြောတာ၊ ကိုကောင်းကတစ်ဆင့် ဆင်း သိရတာပဲ"

"တောက်"





ကံ့ကော် တောက်ခတ်သံကြီး ကျယ်လောင်သွားလေသည်။

"ဆင်းလည်း ခံပြင်းတယ် ကံ့ကော်ရယ်"

"တောက်"

ကံ့ကော် ဒုတိယအကြိမ် တောက်ခတ်ပြန်သည်။ ငြင်းသတဲ့။ အရှက်ခွဲတာထက် ပိုခံစားရတယ်။ တကယ်။

"ဒါ သက်သက် ကံ့ကော်မာနကိုချိုးတာ"

မေစိုးက ဒီတစ်ကြိမ်တော့ ကံ့ကော်ဘက်က ဝင်ပြောသည်။

"ဟုတ်တယ်၊ ကံ့ကော့်မာနကို ချိုးတာ"

ကံ့ကော် အံတကြိတ်ကြိတ်နဲ့ ဖိပြောကာ၊ မျက်လုံးထဲမှာ ခေတ်ကို မြင်ယောင်လေ အံကြိတ်လေနဲ့ မေးဖျားတင်းကာ တဆတ်ဆတ် တုန်နေရှာသည်။

"နေမင်းတို့ကတော့ ခေတ်ကို သွားပြီးနားချနေကြတယ်၊ အန်တီကတော့ ကံ့ကော်မှ ကံ့ကော်ပဲ"

"တောက် ဒီလိုတွေဖြစ်တာ ဘာကြောင့်လဲ"

ကံ့ကော် အံတကြိတ်ကြိတ်နဲ့မေးလျှင် မေစိုး သက်မချလေသည်။ စားပွဲပေါ်တင်ထားတဲ့ အအေးခန်းထဲက ဖန်ခွက်တွေကို စိုက်ကြည့်ရင်း –

"ဘာကြောင့်ရမလဲဟာ၊ ပိတောက်ခင်းပေါ့"

"ပိတောက်ခင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ အဲဒီဟာမလေးကို ခေတ်က ချစ်သတဲ့၊ ဘာချစ်တာလဲ၊ နှစ်ပတ်နီးပါး တိုက်ခန်းထဲ အတူတူနေခဲ့ပြီးတော့ ဆွဲမိဆွဲရာ ခံစားချက်နဲ့ ချစ်သလေး ဘာလေးနဲ့၊ ခေတ် ခေါင်းစဉ်တပ်တာ လွဲနေတာ၊ အံ့ဩတယ်၊ ဒီကိစ္စ ကုံကော် ဘယ်လိုလုပ်မလဲ၊ ဆင်းတော့ လုံးဝပဲ၊ အလျှော့မပေးချင်ဘူး"

"လျှော့စရာလား၊ ဟင့် ဟင့် ဟင့်"

ကုံကော် အံကြိတ်ပြောရင်း မဲ့မဲ့ကြီးရယ်သည်။ ထိုရယ်ခြင်းက ချိုးဖဲ့ခံရတဲ့မာနအတွက် ပြန်လည်ချေပဖို့။

"ဟုတ်တယ်၊ လျှော့စရာမလိုဘူး"

မေစိုး ပြတ်ပြတ်သားသားပြောသည်က ကုံကော်ရဲ့မာနကို ထောက်ခံတာကြောင့်လေ။

ကုံကော်မျက်နှာလေး မော့ထားရင်း မာနနဲ့ ခေါ္တတိတ်ဆိတ်သွားသည်။

"ဟုတ်တယ် ကုံကော်၊ ဒီကိစ္စ လျှော့စရာမလိုဘူး။ ပိတောက်ခင်းက ခေတ်နဲ့မှ မဟုတ်ဘူး၊ ဘယ်ယောက်ျားနဲ့ပဲ ကြုံကြုံ၊ ဟိုငြိ ဒီငြိ ဖြစ်ဖို့ ဝန်မလေးတဲ့မိန်းမ၊ ခဲအိုနဲ့ ဘာညာဖြစ်ပြီး ထွက်ပြေးလာလို့ ခေတ်နဲ့ ဆုံရတာ၊ ခေတ်နဲ့ ထပ်ငြိတယ်၊ ဒါ မိန်းမကောင်းစရိုက်မှ မဟုတ်တာ၊ ဒီလိုမိန်းမမျိုးက ဘယ်နေရာရောက်ရောက် ဒီလိုတွေဖြစ်မှာပဲ၊ ဒါကြောင့် ဘာကိုမှ မငဲ့နဲ့၊ ဒင်းနဲ့တွေ့ပြီး အပေးအယူလုပ်ကြည့်လိုက်"





"အပေးအယူ"

"ဟုတ်တယ်လေ ကုံကော်ရဲ့၊ ပိတောက်ခင်းတို့က ခပ်ညံ့ညံ့ထဲကပါဟာ၊ ခဲအိုက ဝပ်ရှော့ဆရာ၊ အဲဒီဝင်ငွေနဲ့ ပိတောက်ခင်းအစ်မ ရပ်တည်နေရတာ၊ ပိတောက်ခင်းကလည်း သူ့အစ်မကို မှီခိုနေရတာလေ၊ ဒီလိုကိစ္စမှာ ငွေမြင်ရင် ပိတောက်ခင်း စိတ်ထားပြောင်းသွားမယ်"

မေစိုး အနားလာပြီး ထိုသို့ပြောသည်။

ကုံကော် တွေခနဲဖြစ်ကာ -

"ဟင့်အင်း၊ ဒီမိန်းမမျိုးကွာ ငွေနဲ့မတန်ဘူး"

"ဒါဆို"

မေစိုးနဲ့ဆင်း ပြိုင်တူမေးလျှင် ကုံကော် မာနနဲ့ ရှုံ့မဲ့မဲ့ ရယ်မလို ပြုပြီး။

"စောင့်ကြည့်လေ၊ တစ်ကွက်အကျော့ယူပြီး ခေတ်ကို နှိုက်ယူဖို့ ကြိုးစားတဲ့အတွက် ပိတောက်ခင်း နောက်ကောက်ကျသွားစေရမယ်၊ မာနဲ့အနိုင်ပိုင်းတတ်ပါတယ်၊ စောင့်ကြည့်လိုက်၊ ဟင့် ဟင့် ဟင့်"

တင်းမာခက်ထရော်တာတွေရဲ့နောက်မှာ လျှို့ဝှက်ချက်တွေပါနေတဲ့ ကုံကော်မျက်နှာလေးက သူငယ်ချင်းနှစ်ယောက်အတွက် ပဟေဠိနှယ်။

ပြီးတော့ ဆိုးဆိုးဆတ်ဆတ်နဲ့ ညှော်ခန်းထဲက ထွက်သွားကာ။

"ကုံကော် ဘယ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းနှစ်ယောက် ပြိုင်တူမေးသည်။ ကံ့ကော် မဖြေ။ ပေါ်တီကိုအောက်မှာ ရပ်ထားတဲ့ ရှုပါကာစတမ်ကားသစ်လေးပေါ် လှမ်းခနဲတက်ကာ။

ကားလေးကို ဝူးခနဲ မောင်းထွက်သွားတာက မေစိုးတို့ကို အံ့ဩသွားစေသည်။ အထူးသဖြင့် ကံ့ကော် ဘယ်သွားသွား ပါနေကျ ဆင်းခက်ခက်က ပိုပြီး အံ့ဩတာပေါ့။

ထို့နောက် သူငယ်ချင်းနှစ်ယောက် ဧည့်ခန်းထဲက အပြေးအလွှားထွက်ရင်း ဘာလုပ်လို့လုပ်ရမှန်းမသိ ဗျာများသွားသည်။

ဘယ်ကိုသွားတာလဲ။ ဘာလုပ်ဖို့လဲ။

ထိုမေးခွန်းတွေရဲ့နောက်မှာ ဖန်ခွက်ထဲက အအေးတွေလို အေးစိမ့်မနေတော့။ တဖြည်းဖြည်းပူကာ။

✿ ✿ ✿



## အခန်း (၃၀)

'ကျွတ်'

ဖုန်းဝင်ပေမယ့် ကိုင်မယ့်သူမရှိတဲ့အဖြစ်။ ခေတ် စိတ်ပူပန်မှုက ဒီဂရီတက်လျက်။

မာမီ အခန်းတံခါးသော့ခတ်ပြီး ဒယ်ဒီ့ကို ကြိုဖို့ သွားတယ်လေ။ ကြိုးဖုန်းကို မာမီ သော့ခတ်ဖို့မေ့သွားတာက ခေတ် အခွင့်အရေးရသလိုဖြစ်ကာ ခေတ် အားရဝမ်းသာနဲ့ ဖုန်းခေါ်ခြင်း။

ခေါ်ခါမှ ကိုယ်မယ့်သူမရှိတဲ့အဖြစ်။ ဦးအေး၊ ဒေါ်နုနဲ့ ခင်းတို့ တစ်ယောက်မှ ဖုန်းလာမကိုင်တာ ဘာဖြစ်လို့လဲ။

မာမို့ကြောင့် အဆက်အသွယ်ပြတ်နေတဲ့နောက်မှာ အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



က ဘယ်ဆီဦးတည်နေတာလဲ။

ခင်းလေးရော။

သူ ခင်းနဲ့ စကားပြောခွင့်ရချင်သည်။

ဖုန်းကိုင်သူ မဲ့နေတော့ ခေတ်ရင်ထဲ ဂနာမငြိမ်နိုင်တော့ပါ။ စိုးရိမ်ပူပန်စိတ်နဲ့ ရိုးတိုးရွတ္တဖြစ်ကာ။

တကျွတ်ကျွတ်စုတ်သပ်လိုက်၊ ထိုင်လိုက် ထလိုက်၊ ဖုန်းခေါ်လိုက်နဲ့ တစ်ယောက်တည်း ပျာယာခတ်လို့နေသည်။

ဖုန်းမကိုင်မချင်း ခေတ် တဂျီဂျီခေါ်နေလိုက်သည်။ တော်ကြာ ဒယ်ဒီ့ကို သွားကြို့တဲ့ မာမီ ပြန်ရောက်လာရင် အခြေအနေက မလှယ်။

မာမီ့ထက် ဒယ်ဒီက ပိုပြတ်သားသည်လေ။

မာမီ့ကို ခေတ် အချေအတင် ပြောလို့ရပေမယ့် ဒယ်ဒီ့ကို ပြန်ပြောလို့ရမှာမဟုတ်မှန်း ခေတ်သိသည်။

ဒါကြောင့် အခွင့်အရေးလေးရတုန်း စီစဉ်မလို့ ဖုန်းခေါ်ခါမှ ယော။

"ဟဲလို"

တဲ့။ ဖုန်းပြန်ထူးသံ။ ခေတ် လှိုက်ခနဲ ဝမ်းသာသွားသည်။ ဖုန်းထူးတဲ့အသံကလည်း ဦးအေးအသံမှန်း သိတာမို့ –

"ဦးအေးရာ ဘယ်သွားနေတာလဲ၊ ကျွန်တော် ဖုန်းခေါ်နေတာ ကြာလှပြီ၊ ခင်းကော ခင်း"





ခေတ် ဒါပဲ တန်းခနဲ မေးလိုက်သည်။ ဦးအေး သက်မချသံကြီးနဲ့ ဖြေသည်။

"ခင်းလေး ဆေးရုံမှာ"

"ဘာ"

ခေတ် ဝုန်းခနဲ ခုန်ထမိသွားသည်။ စိုးရိမ်စိတ်ကလည်း ငယ်ထိပ်အထိ တက်စောင့်ကာ။ ဘာခနဲ အော်ဟစ်၏။

"ဟုတ်တယ်၊ ခင်းလေး ဆေးရုံရောက်နေတယ်"

"ဘာ ဘာဖြစ်လို့လဲ ဦးအေးရယ်၊ ခင်း ဘာဖြစ်လို့လဲ"

"ကားတိုက်ခံရလို့ပါ"

"ကားတိုက်ခံရလို့၊ ကားတိုက်ခံရအောင် ခင်း ဘယ်တွေ လျှောက်သွားနေလို့လဲ၊ တို့က ဒီအတိုင်းလွှတ်ထားရလားဗျာ"

"အပြစ်တင်ချင်လည်း တင်ပါတော့ မောင်ခေတ်ရယ်၊ အပြစ်က ဒီလို"

ဦးအေးက အဖြစ်အပျက်ကို ရှင်းပြသလို ပြောလေသည်။

"ကိုလွင်က သူ့သူငယ်ချင်းတစ်ယောက်ရဲ့ စက်ရုံမှာတဲ့၊ အဝင်းက သတင်းကြားလို့ ကြည်မာ့ကို အဖော်ခေါ်ပြီး လိုက်သွားတာ၊ တစ်နေ့ခင်းကုန်တဲ့အထိ အဝင်း ပြန်မရောက်တော့ ခင်းက စိတ်ပူသတဲ့၊ ကိုလွင်နဲ့အဝင်း ပြဿနာတက်နေသလား၊ ဘာလားပေါ့၊ အဲဒါနဲ့ လမ်းထိပ်က ထွက်စောင့်မယ်ဆိုပြီး ရှေ့က ထွက်သွားတယ်၊ နုနုလည်း နောက်ကပါ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားတယ်၊ အဲဒီမှာ လမ်းထဲဝင်လာတဲ့ ကားက ခင်းကို တမင်တကာ ဝင်တိုက်တာ၊ ခင်း ရှောင်ပါတယ်၊ ရှောင်တဲ့ဘက်ကို ကားက လိုက်တိုက်တာလေ၊ အဲဒီမှာ ခင်း ရှောင်မလွတ်ဖြစ်ပြီး အတိုက်ခံရတော့တာ"

"ဟင်၊ အခု ဘယ်လိုနေလဲ"

"ဒဏ်ရာက ပြင်းတယ်၊ ဦးအေးတို့လည်း ချက်ချင်းဆေးရုံပို့တယ်၊ နုနုက ခင်းနားမှာ၊ ဦးအေးက လိုတဲ့ပစ္စည်းတွေ လာပြန်ယူရင်း မောင်ခေတ်ကိုလည်း ဖုန်းဆက်မလို့ ဖုန်းက မြည်နေတော့ ကိုင်လိုက်တာ မောင်ခေတ် ဖြစ်နေတာနဲ့ အဆင်သင့်သွားတယ်"

"ကျွတ် ခင်းကို ဝင်တိုက်တဲ့ကားရော"

"ခင်းကိုတိုက်ပြီး နောက်ဆုတ်မောင်းပြေးတာ"

"ဟင်"

"အဲဒီကားလည်း မလွတ်ပါဘူး။ နောက်က လမ်းကြောင်းမှန်သွားနေတဲ့ကားကို ဝင်တိုက်ပြန်တယ်"

"အဲဒီကားမောင်းတဲ့သူရော"

"သူလည်း လန့်ဖျပ်ပြီး သတိလစ်နေလို့ ဦးအေးတို့ပဲ ဆေးရုံပို့ပေးရတယ်"

"ဟာ ဘာလို့ပို့ရတာလဲ၊ သူ့ထိုက်နဲ့ သူ့ကံပေါ့"

"မပို့လို့မှ မရဘဲ"





"ဘာဖြစ်လို့"

"ခင်းကို ကားနဲ့ ဝင်တိုက်တာ ဘယ်သူထင်လဲ"

"ဘယ်သူလဲ ဦးအေး"

"ကံ့ကော်"

"ဟင်"

ခေတ် အံ့သြလွန်းလို့ တစ်ကိုယ်လုံး ရှန်းကြွသလို ဖြစ်လေသည်။ ဦးအေးက စကားဆုံးအောင် ပြောနေဆဲ။

"ဟုတ်တယ် မောင်ခေတ်၊ ကံ့ကော်မိတကို ဦးအေး အကြောင်းကြားရဦးမယ်၊ မောင်ခေတ် ဆေးရုံလိုက်သွားပါဦး"

"သွားမှာပေါ့၊ သွားရမှာပေါ့၊ အဲ ဦးအေး မာမီ့ကို အရင်ဖုန်းဆက်ပြောဗျာ၊ ဒီမှာ ကျွန်တော့်ကို မာမီ တိုက်ခန်းသော့ခတ်ပြီး ဒယ်ဒီ့ကို လေဆိပ်သွားကြိုနေတယ်၊ လောလောဆယ် တိုက်ခန်းထဲက ကျွန်တော် ထွက်မရဖြစ်နေလို့"

"အေးပါ၊ ဦးအေး ဖုန်းဆက်ပေးမယ်၊ ဒါပဲနော် မောင်ခေတ်"

"ဟုတ်"

ဦးအေး ဖုန်းချသွားပြီးတာနဲ့ ခေတ်လည်း ဖုန်းချကာ စိတ်နဲ့ကိုယ် ဂနာမငြိမ်ဖြစ်လို့နေသည်။

ကံ့ကော်က ခင်းကို ကားနဲ့ တမင်ဝင်တိုက်သတဲ့။

ကံ့ကော်ရယ် မင်းလေး သိပ်မိုက်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



မင်းလေး မိုက်တာက အရေးမကြီးဘူး။ ကိုယ့်ချစ်သူလေး မရှုမလှ ခံစားရပြီလေ။

အဲဒီအတွက် ကိုယ့်ဘက်က ပိုပြီးပြတ်သားရပါတော့မယ်။

ဟုတ်တယ် ခင်းရယ်။ ခင်းအတွက် မောင့်ဘက်က ပိုပြတ်သား ပေးပါ့မယ်။

✿ ✿ ✿



## အခန်း (၃၁)

"မိုက်လိုက်တဲ့ သမီးရယ်၊ သမီး သိပ်မိုက်တယ်ကွဲ့"

ဒေါ်နွယ်နွယ်စိုး ပြောရင်း သမီးကို မနှစ်သက်သလို စိုက်ကြည့်၏။ ကံ့ကော် မျက်နှာလေးမှဲ့ကာ မာမီနဲ့ မျက်လုံးချင်း အဆုံးမခံ။ ဟို ဘက်လှည့်ရင်း ရစ်ဝဲနေတဲ့ မျက်ရည်တွေ ပြုကျသွားစေဖို့ အံတင်းတင်း ကြိတ်ကာ ထိန်းထားရှာသည်။

"သမီးမှာ ဆင်ခြင်တုံတရားမရှိတာ မာမီ အံ့ဩတယ်၊ တကယ်"

"နေပါဦး သမီးရယ် ဒီကောင်မလေးနဲ့သမီး ဘာရန်ငြိုးရန်စ ရှိနေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီ စိတ်ပျက်လက်ပျက်ကြည့်နေရာမှ တစ်ခွန်း ဝင်မေးသည်။ ကုံကော် ဘာမှမဖြေ။ ထိန်းထားနေရင်း ကြားထဲက မျက်ရည်တွေ ကျလာသည်။

ကုံကော် သတိရလာတဲ့အချိန် ဆေးရုံပေါ်မှာ။

ဒဏ်ရာဘာညာမရပေမယ့် ဆေးရုံက ဆင်းသွားလို့ မရသေးပါ။ ဒယ်ဒီနဲ့မာမီ ဘယ်က သတင်းကြားလဲ မသိဘူး ချက်ချင်းရောက်လာကြသည်။ ရောက်ရောက်ချင်း မာမီက တဆူဆူနဲ့။

ဟိုဘက်ခန်းမှာ ဒဏ်ရာရထားတဲ့ ပိတောက်ခင်းကို မာမီသွားကြည့်လိုက်သေးတယ်။ ကြည့်ပြီး ပြန်လာတော့ ကုံကော်ကို အပြစ်ဖွဲ့၏။

"ဒယ်ဒီသမီးက မာနကြီးတတ်တာပဲ ဒယ်ဒီ သိတယ်၊ သူတစ်ပါးကို အငြိုးထားတတ်မယ်လို့ ဒယ်ဒီ မထင်ဘူး သမီးရယ်"

"ဟင့် ဟင့် မပြောနဲ့၊ သမီးကို ဘာမှလာမပြောနဲ့"

ကုံကော် ပြောရင်း ငိုချသည်။ တကယ်ဆို ဒယ်ဒီနဲ့မာမီက ကုံကော်ဘက်က ဝင်ပါရမှာလေ။

ခုတော့ အပြစ်ပြောလိုပြောနဲ့။

ကုံကော် စိတ်ထိခိုက်သလို နှလုံးသားလည်း ထိခိုက်ရတယ်လေ။ ဒယ်ဒီနဲ့မာမီက ကုံကော်ကို မျက်မှောင်ကြီး ကြုတ်လျက် ကြည့်ပြီး–

"ဒီကိစ္စက သမီးမှာ လုံးဝအပြစ်ရှိနေတယ်၊ ဟိုကလေး ဒဏ်





ရာများလေ သမီးအပြစ်ကြီးလေပဲ၊ မတော်တဆဖြစ်တာ မဟုတ်ဘူး၊ တမင်တကာ လုပ်လိုက်မှန်း မျက်မြင်တွေ့တဲ့သူတွေ တွေ့ကြတယ်လေ၊ အမှုအခင်း ဘာညာဖြစ်လာတော့မှာ၊ တစ်ဖက်က ကားရှင်ကိုလည်း တောင်းပန်ရနဲ့၊ ဘယ်လောက်ရှက်ဖို့ကောင်းလဲ"

"ဟင့် ဟင့် ဟင့်"

ကုံကော် ပို၍ပင် ရှိုက်ငိုလိုက်သည်။

"နေဦး တစ်ဖက်က ကလေးမ အုပ်ထိန်းသူနဲ့ ပြေလည်ရာပြေလည်ကြောင်း ပြောဆိုထားရမယ်၊ နွယ့်သမီးနား နေရစ်ခဲ့၊ ကိုယ် ဟိုကလေးမဆီ သွားဦးမယ်"

အလိုက်ကန်းဆိုးမသိတဲ့ ဒယ်ဒီက ပိတောက်ခင်းရှိတဲ့ လူနာခန်းဆီ ဦးတည်လေရဲ့။ မာမီက ကုံကော်ကို ချော့မော့နှစ်သိမ့်ဖို့ နေနေသာသာ အပြစ်ချည်း နေတိုင်းပြောနေတာလေ။

ကုံကော် မကြားချင်တော့ပါ။

နားနှစ်ဖက်ကို ဖိအုပ်ထားရင်း တသိမ့်သိမ့်ငိုလျက်။

ကုံကော် ရည်ရွယ်တာက တစ်မျိုး၊ ဖြစ်လာတာက တလွဲ။ ဟုတ်တယ်လေ။ ဒီကောင်မလေးကို မျက်မြင်မြင်ပိုက်ရတော့ ဒေါသတွေ မထိန်းနိုင်တဲ့အဖြစ်။

ကြည့်စမ်းပါဦး။ သူမလေးက ကုံကော်ထက် ထူးတဲ့အလှတခုရင် မလေးမှန်း ဝေးဝေးကတည်းက သိသာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေး ဖူးနေတာ စပယ်ဖူးလေးနှယ်။ ဖူးဖူးထွတ်ထွတ် ကလေးရယ်။ ပါးပြင်လေး နုထွေးနေတာက တို့ချင် ထိချင်စရာ။ ဘာမှ ချယ်သမထားတဲ့ မျက်နှာလေးကိုက ဆွဲအားပါတယ်လေ။

ငယ်ရွယ်ပေမယ့် ကိုယ်ခန္ဓာက အသက်အရွယ်နဲ့မလိုက်အောင် ဖွံ့ထွားထွားနဲ့။ ကောက်ကြောင်းတွေကအစ မိန်းမချင်းတောင် အားကျစရာ။

ဖွေးဖွေးစင်စင်လှနေတဲ့ အသားအရောကအစ အပြစ်ပြောစရာ ဝက်ခြံဖုကလေးတောင် မရှိပါ။ ပြစ်မျိုးမှဲ့မထင် အလှဆိုတာ ဒါမျိုးထင်ရဲ့။

ဒီမိန်းမလှလေးက ခေတ်ကို အဲဒီအလှတွေနဲ့ မြှူဆွယ်ဖမ်းစားထားတယ်ဆိုတဲ့အသိက ကံ့ကော်အသိတရားတွေကို ပြာမှောင်သွားစေသည်။

လမ်းသွယ်ထဲ ကားမောင်းဝင်လိုက်သည်နှင့် သူမလေးကို လှမ်းတွေ့ရတော့ ကံ့ကော် ကားကို သူမဆီ ခေါင်တည့်ပြီးသား။

သူမလေး ရှောင်လေ၊ ကံ့ကော်အလွတ်မပေး။ ကျိုင်းခနဲ တိုက်ပစ်လိုက်တဲ့နောက်မှာ ကောင်မလေး လမ်းပေါ် ခွေခနဲ။ သွေးတွေလည်း အိုင်ထွန်းကာ။

ပတ်ဝန်းကျင်ကလူတွေ သတိထားမိပြီး အော်ဟစ်ပြေးလွှား လာတဲ့နောက်မှာ ကံ့ကော်ကားကို ဆုတ်ပြီး နောက်ကြောင်းပြန်လှည့် ပြေးမိပါတယ်။





ထိုအခါ လမ်းကြောင်းမှန် လာနေတဲ့ကားကို ဝင်တိုက်သလို ဖြစ်သွားတဲ့နောက်မှာ ကံ့ကော် လန့်လန့်ဖျပ်ဖျပ်နဲ့ သတိတွေဘာတွေ လစ်ကာ။

ခုတော့ ဒယ်ဒီနဲ့မာမီက ဆူလို့ပြောလို့မဆုံး။

သူငယ်ချင်းတွေရောက်လာကြတော့ ကံ့ကော်ကို အားပေးစကား ပြောကြပေမယ့် အားမပါလှမှန်း ခံစားရလျှင် ကံ့ကော် ပို၍ ဝမ်းနည်း လာရသည်။

ဟင့် ဟင့် ဟင့်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"ဘယ်လို ဆက်လုပ်ကြမလဲကွာ"

ဦးစိုးလတ် ပြန်လာခဲ့တာ သားနဲ့ ကဲ့ကော်ကိစ္စ နေ့ချင်းပြီးအောင် စီစဉ်ဖို့။

စိတ်ပင်ပန်းစွာ မေးလိုက်မိတဲ့နောက်မှာ ဒေါ်မူမူ ဖြေရခက်လေသည်။ ချက်ချင်းပဲ ဆေးရုံရောက်ဘာရောက်နဲ့။

ပန်းကဲ့ကော်လေး အငြိုးအတေးနဲ့ ပြုတတ်လိမ့်မယ်လို့ လုံးဝထင်မှတ်မထား။ ဦးအောင်ခင်နှင့်ဒေါ်နွယ်နွယ်စိုးလည်း မျက်နှာအပျက်ပျက်နဲ့။

"လောလောဆယ် ဟိုကောင်မလေး ကျေနပ်အောင် လုပ်ပေး





မယ်လို့ ပြောထားပြီးပြီ ဦးစိုးရယ်၊ ဒါပေမဲ့"

ဦးအောင်ခင် စကားရပ်လိုက်သည်နှင့် ရှေ့ဆက်ပြောဖို့ခက်ရှာ။

"ပြောဗျာ၊ အောင်အောင် ဘာပြောဖို့လဲ"

ဦးစိုးလတ်က အားမနာတမ်း ပြောဖို့ စကားလမ်းခင်း၏။ ဦးအောင်ခင်နဲ့ ဒေါ်နွယ်နွယ်စိုး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ခေတ္တတိတ်ဆိတ်သွားသည်။

"ပြောပါ နွယ်နွယ်ရယ်၊ ပြောစရာရှိတာ ပြောမှ မူမူတို့ ဝိုင်းစဉ်းစားပေးလို့ရမှာပေါ့"

ဒေါ်မူမူ တိုးတိုးသာသာပြောခါမှ ဒေါ်နွယ်နွယ်စိုး အားနာတဲ့ မျက်နှာလေးနဲ့ ဆိုရှာသည်။

"ခက်တာက မောင်ခေတ်"

"သားက"

ဦးစိုးလတ်နဲ့ ဒေါ်မူမူ ပြိုင်မေးလျှင် ဦးအောင်ခင် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြောသည်။

"ဟုတ်တယ် ကိုစိုး၊ ကိုစိုးသားက လုံးဝမကျေနပ်ဘူးတဲ့၊ သမီးလေးကို တရားစွဲမတဲ့လေ"

"ဒီကောင်ကွာ"

ဦးစိုးလတ် အားတုံ့အားနာဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မူမူရယ်၊ ဒီကိစ္စမှာ မောင်ခေတ်က တစ်ဆို အဲဒီကောင်မလေးကလည်း တစ်ဖြစ်နေတာ၊ ကောင်မလေးအစ်မက လည်း နွယ်တို့ပြောဆိုတာကို ရှောင်ဖယ်နေတယ်၊ ပြီးတော့ ကောင်မ လေးခဲအိုကလည်း ကြားဝင်လာတော့ ပိုဆိုးတာပေါ့"

"ကျွတ်၊ ပြဿနာတွေကကွာ၊ ဟိုတစ်စ ဒီတစ်စနဲ့ တော်တော် ရှုပ်နေပါလားကွာ"

ဦးစိုးလတ် စိတ်နောက်ကျိစွာ ပြောလျှင် –

"ကိုယ်တို့ ဘယ်လိုလုပ်ကြရင် ကောင်းမလဲ ကိုစိုး"

ဦးအောင်ခင် တုံ့ဆိုင်းမနေတော့ပါ။ ဒီကိစ္စက ကိုယ့်သမီးက စလို့ ပြဿနာဖြစ်ရတာ မဟုတ်လား။ ဒါကြောင့် ခမည်းခမက်တော်ရ မယ့် သူငယ်ချင်းမို့ ပွင့်လင်းစွာပဲ ပြောရတော့သည်။

ဒီပြဿနာပြီးရင် သားရေးသမီးရေး ဆက်ဆွေးနွေးဖို့ရှိတာ နှစ်ဖက်မိဘ နားလည်သဘောပေါက်၏။

"နေဦး၊ ကိုယ့်သားနဲ့ကိုယ် စကားပြောရဦးမယ်၊ ဒီကောင်နဲ့ တောင် မတွေ့သေးဘူး၊ လေဆိပ်က ဆေးရုံတန်းလာခဲ့ရတာ ကိုအောင်"

"ကိုစိုးကို အားနာလိုက်တာဗျာ၊ ကိုယ့်သမီး အဆင်အခြင်မရှိ လို့ ဖြစ်သွားရတာ၊ အဲဒီအတွက် ကိုယ်တောင်းပန်တယ် ကိုစိုး"

"ရပါတယ်ကွာ၊ ကိုယ့်သားဘက်ကလည်း လွန်တာရှိနေတယ် မဟုတ်လား"





ဖခင်နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် နားလည်မှုရှိရှိ ဆိုနေကြသည်လေ။ သားရေးသမီးရေးကိစ္စ အဆင်ချောစေဖို့လေ။

"ကဲပါ ကိုစိုးရယ် ကိုစိုးလည်း ခရီးရောက်မဆိုက် နားပါဦး၊ ပြီးမှ အေးအေးဆေးဆေး တိုင်ပင်ဆွေးနွေးကြတာပေါ့"

ဒေါ်နွယ်နွယ်စိုးပြောလျှင် ဒေါ်မူမူကလည်း ခေါင်းညိတ်၏။

"ကောင်းသားပဲ နွယ်ရယ်၊ ကိုစိုးလည်း သားနဲ့တွေ့လိုက်ပါစေ",

"အကောင်းဆုံးပဲဗျာ"

ဦးအောင်ခင်ပြောရင်း ဦးစိုးလတ်နဲ့ဒေါ်မူမူကို ကားပေါ်အထိ ပြန်လိုက်ပို့ကြသည်။ ခမည်းခမက်ဖြစ်ရေးအတွက် နှစ်ဖက်မိဘစိတ် သဘောက ခုချိန်ထိ ညီမျှခြင်းဖြစ်နေဆဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"ဂျိမ်း"

ရှောင်လိုက်ပေမယ့် ဂျိမ်းခနဲတိုက်မိတဲ့ အရှိန်နောက်မှာ ခင်းကိုယ်လုံးလေး လမ်းပေါ်ခွေခနဲကျ၏။

ခေါင်းတစ်ခြမ်း ကားလမ်းနဲ့ရိုက်မိပြီး အက်ကွဲကာ သွေးတွေ ဖြာကျလာတာကအစ နာကျင်စူးရှတာအဆုံး ခင်းလေး သိနေခဲ့သည်။

ကျိုးထားဖူးတဲ့ ခြေထောက်လေးကလည်း အရိုးဆက်ထားတာ ကောင်းထားတာ မကြာသေးပေမယ့် ထိုနေရာလေး ပြန်ကျိုး၏။

လက်ဖျံမှာနဲ့ ပါးတစ်ခြမ်း ပွန်းကာ။ ဒဏ်ရာတွေ ဗလပွက ခင်းကိုယ်ပေါ်မှာ အကျည်းတန်ကာ။





ဒီလိုတွေ ဘယ်လိုကြောင့်ဖြစ်ရတာလဲ၊ ကံဆိုးခြင်းတွေက ခင်းလေးကိုမှ ရွေးချယ်ပြီး ရောက်လာရလားကွဲ့။

ခင်းဘဝမှာ ကံဆိုးမိုးမှောင်ကျတဲ့အဖြစ်က ဆက်တိုက်ရယ်။ အဦးဆုံးဖြစ်တာက ကိုလွှင်နဲ့။

ဒါကရော ဘယ်သူ့ဆီမှာ အပြစ်ရှိလဲ။ တစ်ဆိတ်ကူပြီး စဉ်းစားပေးပါလားကွယ်။

ကိုလွှင်ဆိုတာ ခင်းရဲ့ခဲအို။ မမဝင်းနဲ့ ရွယ်တူ။ ခင်းထက် ဆယ့်သုံးနှစ်ကြီးတယ်လေ။ ခင်း နှစ်နှစ်အရွယ်မှာ ကိုလွှင်နဲ့ မမဝင်း မင်္ဂလာဆောင်တာ ခင်း မှတ်မိတာပေါ့။ ခင်းဟာ မမဝင်းနဲ့ ပတ်သက်တဲ့ ကိုလွှင်ကို မမဝင်းလိုပဲ တွယ်တာတယ်။ ချစ်ခင်တယ်။

ကိုလွှင်ကလည်း ခင်းကို ချစ်တယ်လေ၊ ခင်း အရွယ်မရောက်ခင်ကတည်းက ခင်းကို မိဘမဲ့လေးဆိုပြီး အလိုလိုက်ခဲ့တယ်။ ခင်း ဂျိကျသမျှ နားလည်လိုက်လျောကာ။

"ခင်းလေးက ကိုလွှင်တို့သမီးဆိုလည်း မမှားဘူး အဝင်းရယ်"

လို့ ခင်းကို ချစ်အားပိုကာ ကိုလွှင် ထုတ်ပြောခဲ့တယ်။ မမဝင်းကလည်း –

"ဟုတ်တာပေါ့"

ရင်နဲ့အမျှ ထောက်ခံရှာတယ်။ တူလေးနဲ့တူမလေးကို မမဝင်း မွေးတဲ့အချိန်မှာ ခင်း ဆယ်ကျော်သက်ဖြစ်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



တူလေးနဲ့တူမလေးကို အရိပ်တကြည့်ကြည့်ရှိလှတဲ့ ခင်းကို ကိုလွင်က ပိုပြီးတောင် ချစ်လာသေးတယ်။ တယုတယနဲ့ ကျူရှင်ပို့၊ ကျောင်းပို့နဲ့ အားရတယ်လို့ မရှိဘူး။

မမဝင်းက ကလေးနှစ်ယောက်နဲ့ အိမ်မှုကိစ္စတွေနဲ့ အချိန်ကုန်နေတာလေ။ ခင်းကလည်း အားကိုးအားထားဖြစ်နေတဲ့ ကိုလွင်ကို ပိုပြီး ယုံကြည်အားကိုးခဲ့တယ် မဟုတ်လား။

ဒီလိုနဲ့ ကိုလွင်နဲ့ခင်းကို ပတ်ဝန်းကျင်အသိုင်းအဝိုင်းက မျက်စိထောက်ထောက်ကြည့်ပြီး ပြောကြဆိုကြတာ ခင်း ဆယ်တန်းနှစ်မှာပေါ့။

အရွယ်ရောက်လာတာနဲ့အမျှ ပြည့်ဖြိုးဆူကြွလာတဲ့ ခင်းလေးအလှကို မနာလိုတာလည်း ပါမှာပေါ့။

"အဝင်း ခင်းနဲ့ကိုလွင်ကို အရင်လို ရောရောနှောနှော မနေစေနဲ့"

"ဘာဖြစ်လို့လဲ ဒေါ်ညိုရယ်"

"အိုကွေ၊ ခင်းက အရွယ်ရောက်လာပြီ၊ မသင့်တော်ဘူးလေ၊ တော်ကြာ ခဲအိုနဲ့ ကျော်မကောင်း ကြားမကောင်းတွေ ဖြစ်ကုန်လိမ့်မယ်"

"မဟုတ်တာပဲ မမချိုရယ်၊ ကိုလွင်က ခင်းကို သမီးလေးလို ချစ်တာပါ"

မမဝင်း ထိုသို့ပြောတော့ ဒေါ်ညိုနဲ့မမချိုတို့ ဘဝင်မကျ။ ဒေါ်ညိုနဲ့မမချိုဆိုတာ ခင်းတို့ အိမ်နီးနားချင်း။ သူတို့ကို ခင်း ကြည့်လို့မရပါ။





တစ်ရပ်ကွက်လုံး လှည့်ပတ်ပြီး ဟိုလူက ဒီလို၊ ဟိုလူက ဟိုလိုနဲ့ ပါးစပ်စပ်စုံသေနတ်ပစ်နေကြ။

ခုလည်း ခင်းဘက် ခြေဦးလှည့်လာပြီး။

မမဝင်းကို ထိုသို့စတင်ပြောသလို ပတ်ဝန်းကျင်မှာလည်း နှုတ်ခမ်းတလန် ပန်းတလန်နဲ့ ပြောသေး။

"မယုံရင် စောင့်ကြည့်ပါအေ၊ ဒီကောင်မလေးနဲ့ ကိုလွင် ဖြစ်ကိုဖြစ်ကြမယ်"

"ဖြစ်မှာပေါ့အေ၊ ခဲအိုဆိုတာ ခယ်မကို ကြိတ်ခဲနေတာမျိုး၊ လေထိထားရင်တောင် ခဲအိုဆိုတဲ့လူမျိုးမှ ခယ်မကို ပြစ်မှားဖို့ ကြိုးစားချင်တဲ့စိတ် ရှိနေတာမျိုး မဟုတ်လား၊ မေသစ် သမီးတုန်းကလည်း ဒီလိုပဲ၊ ခယ်မကိုချစ်တယ်၊ အလိုလိုက်တယ်၊ ညီမလေးလို့ စောင့်ရှောက်တယ်ဆိုပြီး နောက်ဆုံး မေသစ်သမီး ဗိုက်ထွက်သွားတယ်၊ ဒါတွေကို နမူနာယူရမယ်ဆိုတာ အဝင်း နားမလည်တာ အံ့ပဲ"

ခင်းကို ကျူရှင်က ကြိုပြီး ပြန်လာတာမြင်တာနဲ့ အတင်းပြောကြတာ ကိုလွင်လည်း ကြားတယ်။

ကိုလွင့်မျက်နှာကြီး ခံပြင်းကာ မည်းချိတ်သွားမှန်း ခင်း သိတယ်။ ခင်းက ထိုအုပ်စုကို မျက်စောင်းထိုးပစ်လိုက်တာပေါ့။

ဘာမှမဆိုင်တာကြီးကို။

ဘယ်သူ ဘာဖြစ်ဖြစ်ပေါ့ ကိုလွင်နဲ့ခင်းကို စောင်းမြောင်းပြော



www.burmeseclassic.com

www.burmeseclassic.com



တာတော့ လွန်လွန်းတယ်။

"ကိုလွင်ရယ် ဒီလောက်လည်း ဒေါသမကြီးပါနဲ့၊ ဒေါ်ညိုတို့က ဒီလိုပဲ၊ ပြောစရာမရှိရင် သူတို့အကြောင်း သူတို့ထုတ်ပြောနေကြ၊ ပြောပါစေလေ"

မမဝင်းက ဖြေသိမ့်စကား ဆိုပါသည်။ ကိုလွင်က –

"ပြောကြပါစေဆိုပြီး လွှတ်ထားရင် ဒီထက်ပိုကဲလာကြမယ်၊ ပြီးတော့ ဂုဏ်သိက္ခာဆိုတာ ရှိသေးတယ်၊ ဒီလိုတွေပြောနေရင် ခင်းလေးဘဝ အညွန့်ကျိုးသွားမယ်၊ ကိုယ်လည်း သူများတံတွေးခွက်ထဲ မျောသွားမယ်ကွ၊ စာရိတ္တနဲ့ သိက္ခာကိုတော့ ကိုလွင် အထိပါးမခံနိုင်ဘူး အဝင်း၊ ဒီကိစ္စ ဒေါ်ညိုတို့ကို အပြန်ပြောထား၊ ခဲအိုဆိုတာ ခယ်မကို ပိုးဖို့ မဟုတ်ဘူး။ ခယ်မကို ညီမလို သမီးလို စောင့်ရှောက်ဖို့ ကိုလွင် နားလည်တာ အဲဒါပဲ"

"စိတ်ချပါ ကိုလွင်ရယ်၊ အဝင်း ပြောလိုက်ပါ့မယ်"

မမဝင်းက ပြေရာပြေကြောင်း ပြောတာက ကိုလွင့်ရဲ့စိတ်ရင်းကို သိလို့ပါ။ ကွယ်ရာမှာတော့ ခင်းကို မမဝင်း ဆုံးမတတ်သည်။

"ခင်းလေးရယ့် ညည်းလေးကြောင့် မမဝင်း ရင်မောရတယ်၊ ပတ်ဝန်းကျင်ဆိုတာ ဒီလိုပဲ ပြောကြဆိုကြနဲ့၊ ညီမလေး ဆင်ဆင်ခြင်ခြင်နေနော်"

"အိုး ခင်းတို့က ဘာဖြစ်နေလို့လဲ မမဝင်းရယ်၊ ခင်းလေးက





ကိုလွင် လမ်းညွှန်တဲ့အတိုင်း စာကြိုးစားတယ်၊ အလှအပကို စိတ်မဝင်စားနဲ့ဆိုလို့ ပြင်ပြင်ဆင်ဆင်နဲ့လည်း မနေပါဘူး၊ ရည်းစားမထားနဲ့ဆိုလို့ မော်မော့်အစ်ကို စာပေးတာလည်း ခင်း လက်မခံဘူးလေ၊ ပြီးတော့ တက္ကသိုလ်တက်ရမှာ ခင်း ထူးချွန်ရင် နိုင်ငံခြားအထိတောင် ပညာသင်ဖို့ လွှတ်မှာတဲ့၊ ကိုလွင်ပြောတဲ့အတိုင်း ခင်း စာပဲကြိုးစားနေတာ မမဝင်းလည်း အသိ"

"အေး ဒါတော့လည်း ဟုတ်တယ်"

အဝင်း အလေးအနက်ထောက်ခံမိသည်။ ကိုလွင်က ခင်းလေးကို ထူးချွန်စေချင်တယ်။ ပညာရေးဘက်မှာ ပေါက်မြောက်သလောက် ပံ့ပိုးကြဖို့ လင်မယားနှစ်ယောက် တိုင်ပင်ပြီးသား။

ကိုလွင်က အဝင်းအတွက် လင်ကောင်းဖြစ်သလို ခင်းလေးအတွက် ခဲအိုကောင်း အုပ်ထိန်းသူကောင်းဖြစ်ရုံမက ဖအေလိုစိတ်မျိုးနဲ့ ခင်းလေးဘဝ တိုးတက်ဖို့ အစဉ်အမြဲ အလိုလိုက်ထိန်းကျောင်းနေခဲ့တာ မဟုတ်လား။

"ကဲပါ ညီမရယ် ဒါတွေ ခေါင်းထဲ ထည့်မထားနဲ့၊ စာပဲ ကြိုးစား"

နောက်ဆုံး မမဝင်းကလည်း ဘေးပတ်ဝန်းကျင်စကားတွေကို လျှော့ပစ်ကာ ကိုလွင်ပြောတဲ့အတိုင်း ဒေါ်ညိုတို့ကို တားမြစ်၏။

ဒေါ်ညိုတို့က ရှေ့တင်မပြောပေမယ့် ကွယ်ရာမှာတော့ ကျိတ်



www.burmeseclassic.com

www.burmeseclassic.com



ပြောနေဆဲ။ ပြီးတော့ ခင်းကိုလည်း အရိပ်တကြည့်ကြည့်နဲ့လေ။

သူတို့ကောက်ချက်ဆွဲတဲ့အတိုင်း ဖြစ်ကိုဖြစ်ကြမှာဟာယ်ဆိုတဲ့ မျက်လုံးနဲ့ သက်ာမကောင်း စောင့်ကြည့်နေတာ။

ထိုနေ့။

တိတိကျကျပြောရရင် ခင်း ဆယ်တန်းအောင်စာရင်းထွက်ပြီး တစ်ပတ်တင်းတင်း ပြည့်တဲ့နေ့။

✿ ✿ ✿



## အခန်း (၃၄)

ထဘီရင်ရှားနဲ့ ခင်း သနပ်ခါးလိမ်းနေပါသည်။ ထိုစဉ် မှန်တင်ခုံကြားထဲက အနက်ရောင်ကင်းမြီးကောက်ကြီး ထွက်လာတာမြင်လျှင် –

ခင်း လန့်ဖျပ်ပြီး အော်လိုက်၏။ ခင်းအော်သံကြောင့် နေ့လယ်ဘက် ထမင်းစားပြီး တရေးတမောအိပ်နေတဲ့ ကိုလွင် နိုးသွားသည်။

နိုးနိုးချင်း ခင်းအခန်းထဲ စိုးရိမ်စိတ်နဲ့ ပြေးဝင်လာတာ။ ဘာဖြစ်တာလဲ ခင်းလေးရယ်နဲ့ ကိုလွင် ရောက်လာတာ ခင်း အားကိုးတကြီးနဲ့ပေါ့။ မှန်တင်ခုံနားက ကင်းမြီးကောက်ကြီးကို ပြသလို့ ကြောက်စိတ်နဲ့လည်း ကိုလွင့်ကို ဖက်ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုလွင်နဲ့ခင်း စိတ်ထဲက ကင်းမြီးကောက်ကြောင့် ပူပန်နေတဲ့ဖောပဲ ကပ်ငြိနေတာ။ တခြား ဘာမှမသိတော့ပါ။ ကိုလွင်က ခင်းကိုလက်တစ်ဖက်နဲ့ သိုင်းဖက်ကာ ရှေ့က ကာကွယ်ထားသလို ကျန်လက်လက်တစ်ဖက်နဲ့ သနပ်ခါးတုံးလှမ်းကောက်ပြီး ကင်းမြီးကောက်ကို ထုချသည်။

ကင်းမြီးကောက် သေသွားပေမယ့် ခင်းစိတ်က ကြောက်စိတ်မပြယ်သေး။ ခင်း ငိုနေမိသည်။ ကိုလွင်က မကြောက်ပါနဲ့ ပြောဆိုရင်းချော့မော့သည်။ ဒီလောက်ပါပဲ။ အဲဒါကို ဒေါ်ညိုက ခင်းတို့အိမ်ထဲလှစ်ခနဲ ဝင်လာပြီး ခါးထောက်လျက် ကြည့်သည်။

ရုတ်တရက် ခင်းနဲ့ကိုလွင်လည်း ကြောင်သွားတာပေါ့။ ခင်းကထဘီရင်ရှားလျက်နဲ့ ဘောင်းဘီတိုလေးနဲ့ စွပ်ကျယ်တွေဘာတွေ ဝတ်မထား။ ပြီးတော့လည်း ခုတင်နားမှာ။ ခင်းကို ချော့မော့နေတဲ့မြင်ကွင်း။

ကိုလွင့်နေရာမှ ခင်းရဲ့အစ်ကိုရင်းဆို ဒေါ်ညို ဒီလိုမြင်မှာမဟုတ်ပါ။

ခုတော့ အခန်းထဲမှာ ခင်းကို ကိုလွင် ချော့မော့နေတာမြင်တော့ပြဿနာက တက်တော့သည်။ အပြင်က ပြန်လာတဲ့ မမဝင်းကို ဆီးတိုင်လေသည်။

အဲဒီမှာ အဝတ်အစား ပုံမှန်ဟုတ်မနေတဲ့ ခင်းနဲ့ကိုလွင့်ကိုတွေ့ပြီး မမဝင်း ပေါက်ကွဲတော့တာပဲ။





ကိုလွင့်ကိုလည်း မမဝင်း ပါးရိုက်သလို ခင်းကိုလည်း ဆံပင်ဆွဲဆောင့်၏။ ကိုလွင် ရှင်းပြဖို့ကြိုးစားတာလည်း လက်မခံ။ ဒေါ်ညိုတို့မမချိုတို့က မမဝင်းဒေါသနောက် မြှောက်ပေးပင့်ကော်ပြောရင်း အခြေအနေက ဟုန်းခနဲဖြစ်ကာ ပတ်ဝန်းကျင်က တကယ်ပဲ သတ်မှတ်လျက်။

ကိုလွင် ရှက်ပြီး အိမ်ပေါ်က ဆင်းသွားသည်။

ခင်းကိုလည်း မမဝင်း ရိုက်ပုတ်ဆဲဆိုကာ အိမ်ပေါ်က နှင်ချ၏။ ခင်းမှာ ရှက်တဲ့စိတ်နဲ့ ဘာလုပ်လို့ လုပ်ရကောင်းမှန်း မသိဖြစ်ကာ။

ကြည်မာ့ဆီ ထွက်ပြေးခြင်းရယ်။

အဲဒီအဖြစ်က ခင်းနဲ့ကိုလွင် ဘာညာဖြစ်သတဲ့။

ခင်းလေး ဘုရားအဆူဆူ ကျိန်ဝံ့ပါတယ်။ ကိုလွင့်အပေါ် ခင်းတစ်ခါမှ စိတ်နဲ့တောင် မပြစ်မှားဖူးပါ။ အစ်ကိုလို ဖခင်လို အားကိုးပြီးယုံကြည်ခဲ့တယ်။ ကိုလွင်လည်း ခင်းအပေါ် ညီမလို၊ သမီးလို ချစ်ခင်စောင့်ရှောက်ခဲ့တယ်ဆိုတာ ကိုလွင့်မျက်လုံးထဲမှာ ရှင်းရှင်းကြီးမြင်နေလျက်နဲ့ ပတ်ဝန်းကျင်စကားနဲ့ မမဝင်း ပေါက်ကွဲတာတွေနောက် အရှက်ကွဲရသိက္ခာကျရနဲ့ နာမည်ဆိုးစေတဲ့အဖြစ်။

ကြည်မာ့အားကိုးနဲ့ ရောက်လာပြန်တော့လည်း ထင်သလို ဖြစ်မလာ။ ခင်းကို စေတနာရင်းနဲ့ ကာကွယ်စောင့်ရှောက်တဲ့ မောင်နဲ့ခင်းငြိစွန်းတယ်လို့ မောင့်အသိုင်းအဝိုင်း စွပ်စွဲပြန်တယ်။

ဒါတင်မက ခင်းနဲ့ ဘာရန်စမှမရှိတဲ့ ကံ့ကော်က ခင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကားနဲ့ တိုက်တာလေ။

ကြုံလာသမျှက ခင်းအတွက် အဆိုးတရားတွေချည်းပဲ။

ခင်း တွေးရင်းတွေးရင်း ငိုနေမိတော့ မမဝင်းလည်း ငိုရှာသည်။ မမဝင်း လိုက်ခေါ်လို့ ပြန်ပါလာတဲ့ ကိုလွင်ကလည်း –

"ခင်းလေးရယ် ကံဆိုးတယ်လို့ ယူဆလိုက်ပါတော့ကွာ"

"ကံဆိုးတယ်လို့ ယူဆရမှာလား ကိုလွင်ရယ်၊ ကံဆိုးတာတွေက ခင်းတို့ကိုပဲ ရွေးချယ်ပြီး လိုက်ဆိုးနေတာ တရားသလားဟင်"

ခင်း တသိမ့်သိမ့်ငိုပြီးလျှင် ကိုလွင်လည်း မျက်ရည်ဝဲသွားသည်။ ခင်းလေးပြောတာ မှန်နေသလိုလို။ ဟုတ်တယ်လေ သူ့စိတ်နှလုံးသားဟာ ခင်းလေးအပေါ်မှာ ငွမ်းဖတ်လေးလို စွတ်စွတ်ဖြူနေလျက်နဲ့။

သိက္ခာတရား အရောင်ညစ်အဆိုးခံရတာ တရားတယ်လို့ ဆိုလို့ရမလား။

"ကဲပါ ညီမရယ် ဘာတတ်နိုင်မလဲ၊ တရားတာ မတရားတာက အဓိကမဟုတ်ဘူး၊ ဖြူစင်တဲ့စိတ်ရင်းက တန်ဖိုးရှိပါတယ်၊ ဘယ်သူတွေ ဘယ်လိုပဲမြင်မြင် မမဝင်းရင်ထဲမှာ ညီမလေးနဲ့ ကိုလွင်က စင်ကြယ်နေပါတယ်ကွယ်၊ ဒါကြောင့် ညီမလေးရော ကိုလွင်ရော အဝင်းကို နားလည်ပေးပါ၊ ညီမလေးနဲ့ကိုလွင်ကို အဝင်း မခွဲနိုင်ပါဘူး၊ ဘယ်သူဘယ်လိုပြောပြော အဝင်းက ဂရုမစိုက်ပါဘူး၊ ညီမလေး ဆေးရုံကဆင်းရရင် မမဝင်းတို့ တောင်ငူပြန်မယ်နော် ညီမလေး၊ နော် ကိုလွင်"





မမဝင်း ယူကျုံးမရ ငိုရှိုက်ရင်း ပြောရှာသည်။ ခင်း ခေါင်းလေးညိတ်တော့ ကိုလွင်ကလည်း သက်မချကာ ခေါင်းလေးညိတ်ရှာသည်။

ခင်းဘဝနဲ့ နှလုံးသား ကံဆိုးခြင်းတွေက ဘယ်အထိ သက်ဆိုးရှည်စေမလဲကွယ်။

ခင်း တွေးရင်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

ခွင့်လွှတ်ပါ ခေတ်ရယ်။

ကံ့ကော်

စာတိုလေးတစ်ကြောင်းနဲ့ တီပုံရင်ထိုးချိတ်လေးကိုကြည့်ရင်း ခေတ်ရင်မှာ နားမလည်သလိုဖြစ်၏။

စာဖက်ပြီး မော့ကြည့်လျှင် မေစိုးက အားတုံ့အားနာနဲ့ ပြောသည်။

"ကံ့ကော်ရဲ့ချစ်စိတ်ကို နားမလည်ပေးရင်တောင် ခွင့်လွှတ်ပေးပါတဲ့၊ ပြီးတော့ ခေတ်တို့နဲ့ မျက်နှာချင်းဆိုင်ဖို့ ရှက်နေသေးတယ်၊





အဲဒါနဲ့ ကိုကောင်းအစီအစဉ်အတိုင်း စင်္ကာပူသွားဖို့ ပြင်ဆင်နေတယ်၊ ဆင်းနဲ့မေစိုးလည်း ကံ့ကော်နဲ့ လိုက်သွားမယ်၊ နေမင်းတို့လည်း လိုက်မယ် ပြောနေတယ်၊ အဲဒါ လာပြောတာ၊ ကံ့ကော်ကို နားလည်ပေးလိုက်ပါ ခေတ်ရယ်၊ ဒါပါပဲ"

ပြောပြီး မေစိုး ထပြန်သွားတာကို ခေတ် မတားမိပါ။ သူငယ်ချင်းအားလုံး ခွဲထွက်သွားကြမယ့်ခရီးစဉ်အတွက်တော့ ခေတ် စိတ်မကောင်းလှပါ။

သူတို့သူငယ်ချင်းတွေက အမြဲတမ်း မခွဲတမ်း နေလာကြတာ မဟုတ်လား။ ခုတော့ -

တွေးရင်း ရင်ထဲမှာ မွန်းကျပ်သလို စိတ်မကောင်းလည်း ဖြစ်ရသည်။

ဒါတင်မက -

"သမီးကြောင့် အမှုအခင်းမဖြစ်အောင် ကြံအေးပေးတဲ့အတွက် ကျေးဇူးတင်ရပါတယ် မောင်ခေတ်"

အန်ကယ် ထိုသို့ပြောလာတော့လည်း ခေတ်ရင်မှာ ခံစားရပြန်သည်။

"ရပါတယ် အန်ကယ်၊ ခင်းလေးကို အနာတရဖြစ်အောင် လုပ်လေးခြင်းဆိုတဲ့စိတ်ကြောင့် ကံ့ကော်အပေါ် ဒေါသထွက်ခဲ့တာ အမှန်ပါ၊ ဒါပေမဲ့ ကျေနပ်ပေးရမှာပေါ့၊ ကံ့ကော်က ကျွန်တော့်သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား''

လူကြီးသူမတွေ တောင်းပန်စကားဆိုလာတော့လည်း ခေတ်ကြေအေးပေးခဲ့တာက ကျေးဇူးတင်ခံချင်လို့မဟုတ်ပါ။

ခင်းလေးဒဏ်ရာ သက်သာလာပြီဆိုတဲ့အသိနဲ့၊ ပြီးတော့ သူငယ်ချင်းသံယောဇဉ်တွေနဲ့ ပြေလျှော့ရသလို ဒယ်ဒီနဲ့မာမီမျက်နှာကိုလည်း ကြည့်ရသေးသည်။

''အဲဒါကြောင့် မောင်ခေတ်ကို ကျေးဇူးတင်ရတာပေါ့ကွယ်''

အန်ကယ်နဲ့အန်တီ ပြိုင်တူလိုလို ပြောလေသည်။ ဒယ်ဒီနဲ့မာမီလည်း ဖိအားမပေးသာ။ ဒါပေမဲ့ –

ခေတ်ကတော့ ပြတ်သားနေသူပီပီ၊

''ခင်းလေးကိုပဲ ရွေးချယ်ခွင့်ပေးပါ ဒယ်ဒီ''

ဟု ခွင့်တောင်းသလို ပြောလိုက်မိသည်။

မာမိက မျက်လုံးပြူးခနဲ ကြည့်၏။ အန်ကယ်နဲ့ အန်တီရှေ့တင် မဟုတ်လား။ ဒယ်ဒီက မျက်နှာမထားတတ်ဖြစ်ဟန်နှင့်။

''သား ဒယ်ဒီပြန်လာတာ သားနဲ့ကဲ့ကော်ကိစ္စကွ''

''အန်တီနဲ့အန်ကယ်ကိုတော့ အားနာပါတယ် ဒယ်ဒီ၊ ကျွန်တော်အစကတည်းက ခင်းလေးကို ရွေးချယ်ပြီးသားမို့ပါ''

''တောက်၊ သား''

ဦးစိုးလတ် ဟုန်းခနဲ ဒေါသထွက်ကာ ထ,ထိုးမလိုပြင်သည်။





အနီးမှာရှိနေတဲ့ အန်ကယ်တို့က ဒယ်ဒီ့ကို ဆွဲတားပြီး –

''နေပါစေ ကိုစိုး၊ ကိုယ်တို့ စိတ်မကောင်းမဖြစ်ပါဘူး၊ လူငယ်ချင်း မေတ္တာမမျှရင် အိမ်ထောင်ရေးသာယာဖို့ မရှိဘူးဆိုတာ ကြိုသိနေတာပဲ၊ ဒါကြောင့် မောင်ခေတ်စိတ်ကြိုက် ရွေးချယ်ပါစေ''

''နွယ်လည်း အဲလိုပဲ ယူဆတယ် ကိုစိုးရယ်''

ဒေါ်နွယ်နွယ်စိုးလည်း ပြန်ပြောလျှင် ဦးစိုးလတ် ဒေါသလက်သီး ပြန်ကျသွားလေသည်။ ဒေါ်မူမူက ခင်ပွန်းကိုပဲ ဆွဲရမလား။ သားကိုပဲ မာန်မဲရမလားဖြစ်နေဆဲလေ။

''မောင်ခေတ်နဲ့သမီးကိစ္စ မဖြစ်မြောက်ပေမယ့် ကိုယ်တို့က ထာဝရမိတ်ဆွေတွေပါ ကိုစိုး''

ဦးအောင်ခင် နားလည်မှုရှိရှိဆိုကာ ဦးစိုးလတ်လက်ကို ဆုပ်ကိုင်ထားမိသည်။

ဦးစိုးလတ် ဘာပြောလို့ ပြောရကောင်းမှန်းမသိတော့ပါ။

''တောက်၊ အလတ်ကောင် မင်း ဒယ်ဒီရှေ့က ထွက်သွားစမ်း''

အမိန့်ပေးသလို ပြောလိုက်မိသည်က လူကြီးချင်း မျက်နှာမပျက်စေဖို့ဆိုလည်း မမှားပေ။

သားတော်မောင် ထွက်သွားသော်လည်း ဦးစိုးလတ် မျက်နှာထား မလျှော့သေး။

''ကိုစိုးရယ် စိတ်လျှော့လိုက်ပါတော့''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နွယ်နွယ်စိုးပြောသလို ဒေါ်မှုမှုကလည်း စိတ်လျှော့လိုက်ပါတော့လို့ မျက်နှာရိပ်လေးနဲ့ ပြောရရှာသည်။

ဘာတတ်နိုင်မလဲ။

ခမည်းခမက်ဖြစ်မလာတော့လည်း ကိုအောင်ခင်ပြောသလို မိတ်ကောင်းတွေလိုပဲ ဆက်ဆံကြတာပေါ့။

✿ ✿ ✿



## အခန်း (၃၆)

"ခင်း"

ကားပေါ် ခြေလှမ်းနေတဲ့ ခင်း မောင်ခေါ်သံကြောင့် ခင်း ငေးကြည့်မိသည်။

မောင် ကားပေါ်က ကမန်းကတန်းဆင်းပြီး ခင်းဆီ အပြေးကလေး လာသည်။ ခင်းအနားရောက်လာသည်နှင့် ဆိုင်းတွမနေ၊ ကားပေါ်တက်တော့မယ့် ခင်းလက်ကို ဆွဲယူပြီး –

"ခင်း မသွားရဘူးကွာ"

အမိန့်ပေးတာလည်းမဟုတ်။ တားမြစ်တာလည်း မပြည်။ မခွဲနိုင်တဲ့ ဆွတ်ပျံ့သံမျိုးနဲ့ ဆိုနေမှန်း ခင်း ခံစားသိနဲ့ သိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ရင်ခုန်နေသော မျက်နှာလေး ညှိုးကျသွားလေပြီ။

"မမဝင်းနဲ့ကိုလွင်က ခင်းကို ပြန်ခေါ်နေပြီလေ"

"အိုး ဘယ်သူခေါ်ခေါ်ကွာ၊ မောင် ခွင့်မပြုနိုင်ဘူး"

ခင်းကို ဖက်ထားရင်း မောင် ဆိုလေသည်။ ခင်းလည်း မောင်နဲ့ မခွဲချင်ပါဘူး။ ဦးဦးအေးနဲ့ဒေါ်ဒေါ်နုလည်း ခင်းကို အတန်တန်တား ကြပါတယ်။

ဒါပေမဲ့ ခင်း ဖွတ်ပြန်မယ်ပြောပြီး ကားပေါ်တက်ဖို့ ပြင်တာလေ။ ဦးဦးအေးနဲ့ ဒေါ်ဒေါ်နု ဝမ်းနည်းမျက်နှာလေးနဲ့ စောင့်ကြည့်နေရှာတာ။

မောင်ကလည်း မခွဲရက်နိုင်တဲ့ လေသံချိုလေးနဲ့ခေါ်ကာ လက်ကို ဆွဲတားရုံမက ခင်းကို ဖက်ထားတော့ ခင်း နှလုံးသားလေး မမာနိုင်။

ထို့ပြင် မောင်ဖက်ထားတဲ့အတိုင်း မခွဲနိုင်မခွာရက် ခင်းခံစား မိပြီလေ။

ကားရှေ့ခန်းမှာထိုင်နေတဲ့ ကိုလွင်နဲ့ မမဝင်း ကားတံခါးဖွင့် ဆင်းလာပြီး -

"ခေတ်"

ကိုလွင်ခေါ်လျှင် ခင်းကို ဖက်ထားရာမှ မောင် လက်ဖြေလွှတ် ၏။

"ဆောရီး ကိုလွင်၊ ပိုင်စိုးပိုင်နင်း တားတယ်လို့ မယူဆပါနဲ့၊





ခင်းနဲ့ကျွန်တော့်ကို မခွဲပါနဲ့ဗျာ။

ကိုလွင် ဟန့်တားဖို့ ဆွံ့အသွားသည်။ မမဝင်းက အနားရောက် လာပြီး -

"မဟုတ်သေးဘူး ခေတ်ရယ်၊ မမဝင်းရဲ့ ညီမလေးက ပတ် ဝန်းကျင်လယ်မှာ အမည်းစက်ဖြစ်ခဲ့ဖူးတာလေးတွေ ရှိနေတော့ ခေတ် စိတ်ထဲ ငြိုငြင်နေတာမျိုးဆိုရင်"

"တော်ပါတော့ မမဝင်းရယ်၊ ခင်းလေးကို မြတ်နိုးစိတ်နဲ့ တန်ဖိုးထားပြီး ချစ်ခဲ့တာပါ၊ တခြားဘာအကြောင်းကြောင်းကိုမှ ခေါင်း ထဲ ထည့်ခဲ့တာမဟုတ်ဘူး။ ဒါကို ခင်းလေး သိပါတယ်၊ မမဝင်းနဲ့ကိုလွင် သာ ခွင့်ပြုပေးပါ၊ ခင်းကို ကျွန်တော် လက်ထပ်ပါရစေ၊ မခွဲပါရစေနဲ့ဗျာ"

ခေတ် ရှက်မနေတော့ပါ။ လိုချင်တာပဲ ဖွင့်ပြောဆိုမိလေသည်။ ကိုလွင်နဲ့ မမဝင်းလည်း ရုတ်တရက် ဘာပြန်ပြောရမှန်းမသိဖြစ်ကာ။

လက်ထပ်ခွင့်တောင်းလိမ့်မယ်လို့ သူတို့လင်မယားမထင်။ တစ် ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း အသံတိတ် တိုင်ပင်ကြသည်။

ပြီးတော့ ခင်းနဲ့ မောင့်ကို တစ်လှည့်စီကြည့်ကာ -

"အဝင်းသဘောပါ"

လို့ ကိုလွင်ဆိုသည်။ မမဝင်းက ခင်းလေးကိုကြည့်လျှင် ခင်း ခေါင်းငုံ့ထားမိသည်။ မျက်တောင်လေးလည်း ပုတ်ခတ်လုပ်ရင်း မမဝင်း ဘာပြောမလဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရင်လေး တဒိတ်ဒိတ်ခုန်ကာ နားစွင့်မိသည်။

"ညီမလေး သဘောပါ"

တဲ့။

"ဟင်"

ခင်း မယုံမရဲဖြစ်သွား၏။ မမဝင်းက ခင်းလေးနှလုံးသားကို ဖတ်တတ်နေသလားကွယ်။ ခင်းလေး အံ့သြဝမ်းသာသွားတဲ့ ခင်းလေး။

ကိုလွင်က သဘောတကျကြည့်ရင်း -

"ကိုလွင်တို့ ခင်းမင်္ဂလာဆောင်ပြီးမှပဲ ပြန်ကြတာပေါ့ အဝင်းရယ်"

"ဟယ်တော်"

ကိုလွင်က ဘာကိုရိပ်မိသည်မသိ ထိုသို့ပြောလျှင် ခင်းမျက်နှာလေး ရဲရဲစိုသွားသည်။

"သွား ဘာမှန်းလည်း မသိဘူး"

ခင်း မလုံမလဲပြောရင်း ကိုလွင့်ကို မျက်စောင်းထိုးသလို လှမ်းဖက်လိုက်တဲ့ မောင့်လက်ကိုလည်း ဖယ်ချ၏။

နောက်ပြီး လှစ်ခနဲနေအောင် ပြေးထွက်ခဲ့မိသည်က တိုက်ပုလေးထဲ ဝင်ပုန်းနေဖို့ ဖြစ်၏။

"ခင်း နေဦးလေ"

မောင် ဟန့်တားရင်း မြူးရွှင်သော ခြေလှမ်းလေးနဲ့ အပြေး





ကလေး လိုက်၏။

ဒီတော့မှ ဦးအေးမော်နဲ့ဒေါ်နုနုမျက်နှာ ကြည်ရွှင်သလို ကိုလွင်နဲ့အဝင်းလည်း ကြည်နူးစွာ ပြုံးကြည့်လေသည်။

ညီမလေး ရှက်သွားတာ ဘာကြောင့်ဆိုတာ သူတို့ နားလည်သွားလို့ မဟုတ်လား။

✿ ✿ ✿

www.burmeseclassic.com

## အခန်း (၃၇)

"ကျွီ"

ကျွန်းတံခါးဖွင့်သံကြားတော့ ခင်း နောင်တရချင်သွားသည်။ ဘာလို့ တံခါးကို လော့ခ်ကျအောင် မပိတ်မိပါလိမ့်နော်။

"ခင်း"

"အိုး မောင် ဘာလို့ လိုက်လာရတာလဲလို့"

နှင်းဆီဖူးလို ဆူဖြိုးလှပနေသော နှုတ်ခမ်းလေးကို စူချွန်ပြီး ခင်းလေး အရှက်မပြေယ် ဆိုသည်။ မောင်က ရီဝေရွှန်းလဲ့သော မျက်လုံးလေးနဲ့ စိုက်ကြည့်ရင်း တံခါးကို လော်ခ်ကျအောင် နောက်ပြန်ဖိပိတ်ပြီး ရှေ့တိုးလာသည်။





"ခင်းဆီ မောင်လာတာ ဘာဖြစ်လို့လဲဆိုတာ ခင်း သိရဲ့သားနဲ့"

"ဟင့်အင်း ခင်း မသိဘူး၊ ခင်း ရှက်တယ်၊ ဒါပဲ"

"ချစ်သူချင်း ရှက်ရဘူး ခင်းရဲ့"

ပြောရင်း ခင်းပခုံးပြည့်ပြည့်လေးကို ဖျစ်ကိုင်ပြီး မောင့်ရင်ခွင်ထဲ ဆွဲသွား၏။

"အို့"

ရင်ခွင်ချင်း ထိကပ်လှုပ်နွေးစွာ ခံစားရလျှင် နုနုထွတ်ထွတ် အပျိုစင်လေး ရင်တလှပ်လှပ် ဖိုသွားပြီး –

"မောင်"

လို့ လွှတ်ခနဲ ခေါ်မိသလို ရင်ခွင်ထဲမှ မောင့်ကို ခင်းလေး မော့ကြည့်မိသည်။ မောင်က ခင်းကို တင်းတင်းအိအိလေး ဖက်ထားသလို နှုတ်ခမ်းလေးနဲ့လည်း ခင်းမျက်တောင်ဖျားလေးကို တို့ထိကျီစယ်၏။ နှာတံလေးနဲ့ ခင်းပါးပြင်နုနုလေးကို ပွတ်တိုက်လျက် တိုးတိုးရှုရှုမေးသည်။

"မင်္ဂလာအိပ်ခန်းပြင်ဆင်ဖို့ ဘာအရောင်သုံးမလဲ ခင်းလေး"

"အိုး မောင်နော်"

"မောင်ကတော့ ချစ်မြတ်နိုးတဲ့ သင်္ကေတလေးဖြစ်အောင် အပြာရောင် သုံးချင်တယ်"

"မောင်နော် ... မပြောနဲ့ဆို"

ခင်း ရှက်တာပဲ သိတော့သည်။ နောက်ထပ်ပြောလို့မရအောင်



www.burmeseclassic.com

www.burmeseclassic.com



မောင့်နှုတ်ခမ်းကို ခင်း လက်ချောင်းသွယ်လျလျလေးနဲ့ လှမ်းပိတ်လျှင်။ လည့်တိုင်လေး မော့ကြွသလို ဖြစ်သွားတဲ့ ခင်းလေး ကိုယ်နေဟန်က ချစ်စိတ်ကို လှုပ်ဆွသလို ဖြစ်ချေသည်။

ထိုအခါ ခင်းနှလုံးသားမှာ အချစ်စိတ်တွေ ရှန်းကြွဆူပွက်သွားစေမယ့် တစ်ခွန်းတည်းသောစကားကို မောင် ဆိုချေသည်။

ချစ်မယ်နော် ခင်းလေး။

ချစ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ

**မိန်းကလေး**

အမှတ် ၄၅ (6-A)၊

ဦးလွန်းလမ်း၊ အရှိးကုန်းရပ်ကွက်၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၀၉၄၄၈၀၀၁၅၈၀, ၀၉၇၃၂၀၆၁၉၂

မျှားတာပေ

www.burmeseclassic.com